# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**လွန်စွာကပ်ငြိသည့်စိတ်**

ပန်းတို့ကို ကောင်းနိုးရာရာ ဆွတ်ခူးသောသူကဲ့သို့ ကာမဂုဏ်တို့ကို မရသေးသည်ကို တောင့်တ၊ ရပြီးသည်ကို တွယ်တာ၊ လွန်စွာကပ်ငြိသည့် စိတ်ရှိသောသူကို ကြီးစွာသော ရေအလျဉ်သည် အိပ်ပျော်နေသောရွာကို လွှမ်းမိုးတိုက်ယူ သွားသကဲ့သို့ သေမင်းသည် သိမ်းယူ၍သွားး၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၄၇)


၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက် | ၂၀၂၃ ခုနှစ်၊ ဩဂုတ် ၃၀ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၂)၊ အမှတ်(၃၃၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကျောက်ဖြူ၌ ဓနိကုန်ကြမ်းကို ခေတ်မီနည်းပညာများဖြင့်ပြုလုပ်၍ ကုန်ပစ္စည်း ၁၀ မျိုးကျော် ထုတ်လုပ်ရောင်းချ





ကျောက်ဖြူမြို့နယ်၌ မြစ်ချောင်းများတွင် သဘာဝအလျောက်ပေါက်ရောက်နေသည့် ဓနိပင်များနှင့် ခေတ်မီနည်းပညာများဖြင့် ပြုလုပ်ထားသည့် ထုတ်ကုန်ပစ္စည်းများကို တွေ့ရစဉ်။

ကျောက်ဖြူ ဩဂုတ် ၂၉

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ မြစ်ချောင်းများတွင် သဘာဝအလျောက်ပေါက်ရောက်နေသည့် ဓနိပင်များမှ ရရှိလာသောကုန်ကြမ်းများကို ခေတ်မီနည်းပညာများ၊ စက်ကိရိယာများဖြင့် ခေတ်ခွဲစမ်းသပ်မှုများပြုလုပ်ကာ ဓနိနှင့်ဆက်စပ်သော စားသုံးကုန်ပစ္စည်းများကို ထုတ်လုပ်ရောင်းချနေသည့် ၎င်း၏လုပ်ငန်းမှာ အထူးအောင်မြင်လျက်ရှိပြီး ပြည်ပဈေးကွက်အထိ ထိုးဖောက်ရောင်းချနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း MSME လုပ်ငန်းရှင်တစ်ဦးဖြစ်သည့် ဒေါ်ဟေမာစံထံက သိရသည်။

"ကျွန်မက ဒီလုပ်ငန်းတွေကို ၂၀၁၈ ခုနှစ် ကတည်းက စတင်ခဲ့တယ်။ ပထမတော့ နေပြည်တော်မှာ အခြေပြုခဲ့တာပါ။ နေပြည်တော် MSME အသင်းဝင် SME အသင်းဝင်တစ်ယောက်အနေနဲ့ မြန်မာပြည်အနှံ့ SME ထုတ်ကုန်ပြပွဲတွေမှာ လိုက်လံပြသပြီးတော့ ဒီကုန်ထုတ်လုပ်ငန်းတွေကို လုပ်ကိုင်ခဲ့ပါတယ်။ ဓနိနဲ့ ပတ်သက်ပြီး ဓနိဝိုင်ရယ်၊ ဓနိဖူးလက်ဖက်ခြောက်အပါအဝင် ၁၀ မျိုးကျော်ကို ထုတ်လုပ်နေပါတယ်။ ဆေးဝါးအနေနဲ့ ငါးမျိုးလောက်ကို ထုတ်လုပ်ဖြန့်ချိနေပါတယ်။ အခုလက်ရှိ ကျောက်ဖြူမြို့မှာ အခြေပြုထုတ်လုပ်နေတာ ဖြစ်ပြီးတော့ မြန်မာနိုင်ငံအနှံ့အပြား တင်ပို့ရောင်းချလျက်ရှိပါတယ်။ ပြည်ပအထိ ဖြန့်ချိသွားဖို့ရှိပါတယ်" ဟု ၎င်းက ပြောသည်။

ယခင်က ဓနိနှင့်ပတ်သက်၍ မိရိုးဖလာဓနိပေါင်းခံရည် ထုတ်လုပ်သော နည်းပညာတစ်ခုကိုသာ သိရှိပြီး လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် ကိုရီးယားနှင့် ဂျပန်တွင် အမျိုးပေါင်း ၁၀၀ ကျော်ကို ထုတ်လုပ်ကြောင်းသိရှိသဖြင့် ဘိုးဘွားပိုင်ဓနိတန်းရှိသည့် ရခိုင်ပြည်နယ်သို့ သွားရောက်ကာ သုသေသနပြုထုတ်လုပ်ခြင်းဖြစ်ကြောင်း ပြောသည်။

*စာမျက်နှာ ၃ ကော်လံ ၁*❑

**ယနေ့ မာတိကာ**


ရထားဥဩသံညံစေချင်တို့မြန်ပြည်တစ်ခွင် — ဆောင်းပါး — စာ ၆

အများပြည်သူအကျိုးစီးပွားအတွက် အတွက်များကို လျှော့ပေးကြပါ — ဆောင်းပါး — စာ ၁၀

**နိုင်ငံတော်၏ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၅)ဖွဲ့ (ALP ၊ DKBA ၊ KNU/KNLA-PC ၊ LDU ၊ PNLO) ၏ ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေး** — ပြည်တွင်းသတင်း — စာ ၃




# မကြာမီ တွေ့မြင်လာနိုင်ဖွယ်ရှိသည့် ကမ္ဘာ့မီဒီယာ အခင်းအကျင်းသစ်

ဒုတိယကမ္ဘာစစ်အပြီးတွင် ကမ္ဘာကြီးတွင် ဝါဒရေးရာအရ နှစ်ခြမ်းကွဲခဲ့သည်။ ဖက်ဆစ်ဝင်ရိုးတန်းနိုင်ငံများကို ဘုံရန်သူအဖြစ် အတူတိုက်ခဲ့ကြသည့် ဝါဒမတူသော ဆိုဗီယက်ယူနီယံနှင့် အမေရိကန်ပြည်ထောင်စုတို့ စစ်အပြီးတွင် လမ်းခွဲခဲ့ကြပြီး အပြိုင် အုပ်စုနှစ်စုအဖြစ် ပေါ်ထွန်းလာသည်။ စစ်ပြီးကာလ ကမ္ဘာ့ရေးရာများတွင် ဦးဆောင်ဦးရွက်ပြု အကောင်အထည်ဖော်နိုင်ရန် နိုင်ငံတကာဆုံမှတ်အဖြစ် ကုလသမဂ္ဂအဖွဲ့ကြီးကို တည်ထောင်ခဲ့ပြီး ကမ္ဘာ့နိုင်ငံအားလုံးကို ကိုယ်စားပြုသည့် အဖွဲ့ကြီးအဖြစ် ပုံဖော်ခဲ့သည်။

ကုလသမဂ္ဂသည် အချုပ်အခြာအာဏာပိုင် နိုင်ငံအားလုံး တန်းတူရည်တူ ပါဝင်ခွင့်ရှိသည့် ကမ္ဘာ့စင်မြင့်ဖြစ်သော်လည်း စင်စစ်အားဖြင့် အုပ်စုနှစ်စု ယှဉ်ပြိုင်နေရာယူမှုသာဖြစ်ခဲ့ပြီး အမေရိကန်အုပ်စု၏ အသာစီးရယူထားမှုက ထင်သာမြင်သာရှိခဲ့သည်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံတွင် အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်နှင့် ဆိုဗီယက်၊ တရုတ် ဟူ၍ဖြစ်ပြီး ကမ္ဘာ့ငွေရေးကြေးရေးနှင့် စီးပွားရေးတို့တွင်လည်း ကမ္ဘာ့ဘဏ်၊ အိုင်အမ်အက်ဖ်၊ GATT (နောင်တွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့) တို့မှာ အမေရိကန်အုပ်စု၏ ထိန်းချုပ်မှုအောက်တွင်သာ အဓိကရှိခဲ့သည်။ စစ်ပြီးကာလမှ ၁၉၉၁ ခုနှစ်အထိ နှစ်ပေါင်း ၄၀ ကျော်ကြာ အရှေ့အနောက်အုပ်စုနှစ်စုကြားမှ ပထဝီနိုင်ငံရေးတင်းမာမှုကို စစ်အေးတိုက်ပွဲဟုခေါ်ဆိုခဲ့ပြီး ဒွိဝင်ရိုးကမ္ဘာဟုဆိုသည့် ထိုခေတ်တွင်ကမ္ဘာကြီး၏ အစီအစဉ် (World Order) မှာ အမေရိကန်ကသာ ဦးဆောင်မှုနေရာတွင် ရယူထားခြင်းဖြစ်သည်။

စီးပွားရေးနှင့် စစ်ရေးတွင် ကမ္ဘာ့အင်အားအကြီးဆုံးနိုင်ငံ၊ နိုင်ငံတကာအဖွဲ့အစည်းများကို ကြီးမားသည့် ဩဇာဖြင့် လွှမ်းမိုးထားသည့် နိုင်ငံ၊ နိုင်ငံတကာရေးရာများတွင် အရှိန်အဝါကြီးသည့် ကမ္ဘာ့နံပါတ်(၁) နိုင်ငံဖြစ်သော အမေရိကန်အနေဖြင့် ကမ္ဘာကြီးကို မီဒီယာဖြင့်ပါ လွှမ်းမိုးထားနိုင်ခြင်းဖြစ်ရာ ကမ္ဘာတစ်ဝန်းလုံးရှိ သတင်းစားသုံးသူများမှာ အနောက်အုပ်စု မီဒီယာများ၏ သတင်းခန်းများမှ အာဘော်များကိုသာ ဆယ်စုနှစ်ပေါင်းများစွာ စားသုံးနေခဲ့ကြရသည်။ ငွေကြေးမနေအင်အား၊ နည်းပညာအင်အားဖြင့် ကမ္ဘာတစ်ခွင်ဖြန့်ကြက်၍ ကမ္ဘာ့နိုင်ငံအသီးသီးမှ ဖြစ်ရပ်များကို သတင်းများအဖြစ် အနောက်မီဒီယာအသီးသီးမှ တင်ဆက်ကြရာတွင် လိုလျှင်လိုသလို၊ မလိုလျှင်မလိုသလို စံနှုန်းနှစ်မျိုးဖြင့် ဖော်ပြခဲ့ကြသည်။

မကြာသေးမီက တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စဘတ်မြို့တွင် ကျင်းပခဲ့သည့် (၆) ကြိမ်မြောက် ဘရစ်စ်မီဒီယာ ဖိုရမ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆင်ဟွာသတင်းဌာနအကြီးအကဲက "ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ မဟုတ်မဟတ်ယုံတမ်းပုံပြင်တွေနဲ့ အပ်ကြောင်းထပ်နေတဲ့ အကြောင်းအရာတွေကိုချည်းသာ အနောက်ကမ္ဘာမီဒီယာတွေက နှစ်ပေါင်းများစွာ တွင်တွင်ကြီး နှုတ်တိုက်ချပြောနေတင်ဆက်နေကြောင်း၊ ဒီလိုလူထုအပေါ် လွှမ်းမိုးနေတဲ့ အယူအဆအကြောင်းအရာတွေဟာ တရားမျှတမှုမရှိဘဲ တစ်ဖက်စောင်းနင်းအမြင်တွေဆီသို့ ဦးတည်စေပြီး သက်ဆိုင်ရာနိုင်ငံတွေရဲ့ တိုးတက်မှုတွေ၊ အလားအလာကောင်းတွေကို ပိတ်ပင်တားဆီးမှုဖြစ်စေတဲ့ အဟန့်အတားများသာဖြစ်စေကြောင်း" ပြောကြားခဲ့သလို တောင်အာဖရိက ကိုယ်စားလှယ်ကလည်း "အပြည်ပြည်ဆိုင်ရာမှာ တဖြည်းဖြည်းချင်း ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုများနဲ့ ရင်ဆိုင်ကြရတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများအနေနဲ့ ယခုလို စုစည်းညီညွတ်မှုဟာ မျှော်လင့်ချက်တစ်စုံတစ်ရာပင်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။ အာဖရိကအမျိုးသားကွန်ဂရက် အလုပ်အမှုဆောင် အဖွဲ့ဝင်တစ်ဦးကလည်း မီဒီယာကို လက်နက်တစ်ခုသဖွယ် အသုံးချနေသည့် အန္တရာယ်ကို ရင်ဆိုင်ဖြေရှင်းရန် စုဆုံ၍ တစ်သံတည်း ထုတ်ဖော်ပြောဆိုသည့် ဖိုရမ်အဖြစ် ချီးကျူးခဲ့ပြီး ဖွံ့ဖြိုးဆဲနိုင်ငံတို့ရှိ မီဒီယာများ အားကောင်းလာစေရန် လုပ်ဆောင်ဖို့လိုကြောင်း ပြောကြားခဲ့သည်။

ကမ္ဘာ့စီးပွားရေးကို အားကောင်းမောင်းသန် မောင်းနှင်နိုင်သည့် နိုင်ငံများအဖြစ် ရပ်တည်လာသည့် ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကနိုင်ငံတို့ ပါဝင်သည့် BRICS သည် ကမ္ဘာ့မြေပြင်၏ ၂၆ ဒသမ ၇ ရာခိုင်နှုန်းနှင့် ကမ္ဘာ့လူဦးရေ၏ ၄၁ ဒသမ ၅ ရာခိုင်နှုန်းကို ကိုယ်စားပြုသော နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းဖြစ်ပြီး ဆက်လက်၍လည်း ကြီးထွားလျက်ရှိရာ ကမ္ဘာကြီး၏ အစီအစဉ် (World Order) ပြောင်းလဲလာနေခြင်း၏ ပြယုဂ်ပင်ဖြစ်သည်။ ဘရစ်စ်၏ မီဒီယာဖိုရမ်များမှ ပေါ်ထွက်လာသည့် ရလဒ်များက မဝေးတော့သည့် အနာဂတ်တွင် ကမ္ဘာ့မီဒီယာအခင်းအကျင်းသစ် တစ်ခုကို ဆောင်ကြဉ်းပေးလာနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## ၂၀၂၃ ခုနှစ်၊ (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ဒုတိယဝန်ကြီး ဗိုလ်ချုပ် ဖြိုးသန့် ပူတာအိုခရိုင် ခေါင်လန်ဖူးမြို့နယ် မဂွေဇ - ခေါင်လန်ဖူး ၆၅ မိုင် ၄ ဖာလုံ လမ်းပိုင်းနှင့် နောင်မွန်မြို့နယ်ရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**ပူတာအို ဩဂုတ် ၂၉**

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ဖြိုးသန့် သည် တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၂၆ ရက်က ခေါင်လန်ဖူး- ဆရမ်ဖာလမ်း ၁၂ မိုင် ၄ ဖာလုံမှ လေးမိုင် ဖောက်လုပ်ပြီးစီးမှု၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်ဖောက်လုပ်မည့် မြေလမ်း နှစ်မိုင်၏ အခြေအနေနှင့် ခေါင်လန်ဖူးမြို့ မြို့မဈေး သန့်ရှင်းသာယာလှပရေး၊ မြို့စိမ်းလန်းစိုပြည်စေရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် တိုးချဲ့မြို့ကွက်သစ် ဖော်ထုတ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး နေရာချထားမည့် ဒေသခံများနှင့် တွေ့ဆုံ၍ နေရာချထားမည့် အခြေအနေနှင့် ဝန်ကြီးဌာနမှ ပံ့ပိုးဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

**ကုန်စည်စီးဆင်းမှုမပြတ်ရန်**

ထို့အတူ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဩဂုတ် ၂၅ ရက်က မဂွေဇ-ခေါင်လန်ဖူး ၆၅ မိုင် ၄ ဖာလုံ လမ်းပိုင်းတစ်လျှောက် လမ်းပိုင်း ပျက်စီးမှုမရှိစေရေး မြေထိန်းနံရံနှင့် ကျောက်စီရေမြောင်းတည်ဆောက်မည့်နေရာများ၊ မိုးသည်းထန်မှုကြောင့် လမ်းဘေးမြေသား ပြိုကျနိုင်သည့်နေရာများကို ကြည့်ရှုစစ်ဆေးကာ ခေါင်လန်ဖူးဒေသသို့ ကုန်စည်စီးဆင်းမှု မပြတ်တောက်စေရေး ဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားသည်။

အလားတူ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဩဂုတ် ၂၄ ရက်က နောင်မွန်မြို့ရှိ နမ်ပန်ဒမ်း လူကူးကြိုးတံတား နှစ်စင်း၏ ဆက်သွယ်သွားလာမှုအခြေအနေ၊ နောင်မွန်မြို့ရေပေးဝေရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ရေတားတမံ၊ ဂါလန် ၆,၀၀၀ ဆံ့နှင့် ၃,၀၀၀ ဆံ့ ရေစုကန်များ တည်ဆောက်ထားရှိမှု၊ ရေပိုက်လိုင်း တစ်မိုင် သွယ်တန်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ (အပေါ်ပုံ) ဒေသခံများအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ပေးကြရန် မှာကြားသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဩဂုတ် ၂၃ ရက်က နောင်မွန်မြို့နယ်သို့ ရောက်ရှိပြီး မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နောင်မွန်မြို့ အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

## ပုသိမ်မြို့နယ်အတွင်း အခွန်ဆိုင်ရာဥပဒေရှင်းလင်းပွဲများ ဆောင်ရွက်

**ပုသိမ် ဩဂုတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ပုသိမ်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ မေ ၂၇ ရက်မှ ဩဂုတ် ၂၀ ရက်အထိ ကာလအတွင်း ပုသိမ်မြို့ပေါ်၊ ရွှေသောင်ယံမြို့နယ်ခွဲနှင့် ငွေသောင်ယံမြို့နယ်ခွဲရှိ စားသောက်ဆိုင်၊ ဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်းရှင်များ၊ ရွှေထည် လက်ဝတ်ရတနာရောင်းချသည့် လုပ်ငန်းရှင်များ၊ ရုပ်သံလွှင့်မီဒီယာဝန်ဆောင်မှု ဆောင်ရွက်သည့် လုပ်ငန်းရှင်များနှင့် လက်ကိုင်ဖုန်း (Handset) နှင့် ဆက်စပ်ပစ္စည်းများ ရောင်းချသည့် လုပ်ငန်းရှင်များအား ပြေစာအပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းနှင့် စပ်လျဉ်းသည့် အခွန်ဆိုင်ရာဥပဒေရှင်းလင်းဆွေးနွေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို ငါးကြိမ် ဆောင်ရွက်သည်။



အဆိုပါ ရှင်းလင်းဆွေးနွေးပွဲများသို့ လုပ်ငန်းရှင် ၃၁၄ ဦး တက်ရောက်ပြီး ၎င်းတို့သိရှိလိုသည့် မေးမြန်းချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးကြောင်းနှင့် ယင်းလုပ်ငန်းများ၏ ဥပစာတွင် အများပြည်သူများသိရှိစေရန် ဗီနိုင်းများကပ်၍ နှိုးဆော်မှုများကို ဆောင်ရွက်ကြောင်း သိရသည်။ **သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၂၉**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ထူးခြားသည့် အခြေအနေမှာ ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဖိလစ်ပိုင်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်း မုန်တိုင်း "စအိုလာ" သည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၅)ဖွဲ့ (ALP၊ DKBA၊ KNU/KNLA-PC၊ LDU၊ PNLO)၏ ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၉**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ် ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၅)ဖွဲ့(ALP၊ DKBA၊ KNU/KNLA-PC ၊ LDU၊ PNLO)၏ ကိုယ်စားလှယ်အဖွဲ့တို့ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာနၐ္ဌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး၊ ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ALP၊ DKBA၊ KNU/KNLA-PC၊ LDU၊ PNLO အဖွဲ့တို့မှ ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့များအား ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။



တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)မှ ဥက္ကဋ္ဌ စောမြရာဇာလင်း၊ KNU/ KNLA ငြိမ်းချမ်းရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒေါက်တာ နော်ကပေါ်ထူး၊ လားဟူဒီမိုကရက်တစ် အစည်းအရုံး(LDU) ဒုတိယဥက္ကဋ္ဌ ကျာဖူး၊ ပအိုဝ်း အမျိုးသားလွတ်မြောက်ရေး အဖွဲ့ချုပ် (PNLO) ဥက္ကဋ္ဌ ခွန်သူရိန်၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)မှ စစ်ကွပ်ကဲရေးမှူးအဆင့်ရှိစောဘညိမ်းအောင်တို့ဦးဆောင်သည့် ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံ ဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၅) ဖွဲ့ ကိုယ်စား ပအိုဝ်းအမျိုးသားလွတ်မြောက်ရေး အဖွဲ့ချုပ် (PNLO) ဦးဆောင်နာယက ဖြားတန်ခွန်ဥက္ကာတို့က နှုတ်ခွန်းဆက်အမှာစကားများ ပြောကြားကြသည်။ (ဝဲပုံ)

ထို့နောက် NSPNC နှင့် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့တို့ သဘောတူညီခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ်တွင် ပြင်ဆင်လိုသည့်ပုဒ်မများ၊ လေ့လာဆန်းစစ်ဖော်ထုတ်ပြုစုရေးအဖွဲ့က ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်)၏ ပြဋ္ဌာန်းချက်များ (ပုဒ်မများ) အနက်မှ ပြင်ဆင်ရန်သင့်သည်ဟု သုံးသပ်ယူဆရသည့် ပုဒ်မများ၊ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးကိစ္စတို့အား အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး တွေ့ဆုံဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားခဲ့သည်။ ဆွေးနွေးပွဲဒုတိယနေ့ကို ဩဂုတ် ၃၀ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# တရုတ်နိုင်ငံနှင့်အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပညာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အလားအလာကောင်းများ ပိုင်ဆိုင်မည်

**နေပြည်တော် ဩဂုတ် ၂၉**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွေ့ကျိုးပြည်နယ် ကွေ့ရမ်မြို့ရှိ ပြည်နယ်ခန်းမ၌ကျင်းပသည့် ၂၀၂၃ ခုနှစ်၊ တရုတ် – အာဆီယံပညာရေးပူးပေါင်းဆောင်ရွက်ရေး ရက်သတ္တပတ်အခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Chen Jie က အခမ်းအနားကို ဦးစီးဆောင်ရွက်ပြီး ကွေ့ကျိုးပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. Li Bingjun က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အာဆီယံနိုင်ငံများမှ ပညာရေးဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများက နိုင်ငံအလိုက် အမှာစကား ပြောကြားကြသည်။

ယင်းအစီအစဉ်တွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေက တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပညာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကမ္ဘာ့ရွာခေတ်ကြီးတွင် အလားအလာကောင်းများ ပိုင်ဆိုင်မည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံသည် တစ်နိုင်ငံနှင့် တစ်နိုင်ငံအကြား ပညာရှင်များဖလှယ်ရန်၊ စွမ်းရည်မြှင့်တင်ပေးရန်နှင့် ယဉ်ကျေးမှုများ အပြန်အလှန်နားလည်စေရန် ရည်ရွယ်ပြီး ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း၊ နိုင်ငံသားများ အခွင့်အလမ်းကောင်းရရှိစေရန် လမ်းဖွင့်ပေးခြင်းတို့ကို နှစ်နိုင်ငံ အတူတကွလက်တွဲဆောင်ရွက်ခဲ့ကြကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ဘာသာစကားအပြန်အလှန် သင်ယူရေးနှင့်ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်များကို အားပေးမြှင့်တင်ပေးလျက်ရှိပါကြောင်း၊ ယခုလို ဆောင်ရွက်ပေးခြင်းဖြင့် နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေပြီး လူမှုဆက်ဆံရေးနှင့်စီးပွားရေးဆက်သွယ်ဆောင်ရွက်မှုတို့ကို ပိုကောင်းမွန်စေမည်ဖြစ်ပါကြောင်း။

နှစ်နိုင်ငံအကြားပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက် နိုင်မည့်အလားအလာများသည် အတိုင်းအတာမရှိ ကျယ်ပြန့်လှပါကြောင်း၊ မြန်မာ နိုင်ငံ၏ ခရိုင် ၅၀ တွင် မကြာသေးခင်က ဖွင့်လှစ်ခဲ့သည့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တွဲဖက်အထက်တန်းကျောင်း ၅၁ ကျောင်းတို့အတွက် နည်းပညာအထောက်အပံ့များ လိုအပ်လျက်ရှိကြောင်း၊ ကျန်ရှိသော ၇၅ ခရိုင်တွင်လည်း စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတွဲဖက်အထက်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်သွားရန် အစီအစဉ်ရှိပါကြောင်း၊ ဆရာ ဆရာမများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများသို့လေ့လာရေးခရီးစဉ် စေလွှတ်နိုင်ရန်လည်း ပညာရေးဝန်ကြီးဌာနအနေဖြင့် အထူးစိတ်ဝင်စားပါကြောင်း၊ ယင်းအပြင် မြန်မာတက္ကသိုလ်များပါဝင်သည့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများတွင်လည်း တက်ကြွစွာပါဝင်ဆောင်ရွက်လိုပါကြောင်း၊ အဆိုပါဆောင်ရွက်မှုများတွင် အကျိုးတူသုတေသနဆောင်ရွက်မှု အစီအစဉ်များ၊ ဆရာ ဆရာမဖလှယ်ရေး အစီအစဉ်များ၊ ကျောင်းသားများ ကျောင်းပြောင်းရွှေ့ သင်ယူနိုင်မည့် အစီအစဉ်များ၊ နှီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် ညီလာခံများ ကျင်းပခြင်းတို့ ပါဝင်ပါကြောင်း။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများက မြန်မာကျောင်းသား ကျောင်းသူများနှင့် မြန်မာ့ပညာရေးကို အကျိုးပြုရုံသာမက မြန်မာ့လူ့အဖွဲ့ အစည်းတစ်ရပ်လုံးအပေါ် ကျယ်ကျယ်ပြန့်ပြန့် အကျိုးဖြစ်ထွန်းစေပါကြောင်း၊ ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံတို့သည် ရပ်ဝန်းနှင့်ပိုးလမ်းမအတွက် ဘုံကြွယ်ဝချမ်းသာမှုနှင့်အတူ ပိုမိုခိုင်မာသော ချစ်ကြည်လေးစားမှုကို ဖန်တီးနိုင်ပြီး လူသားအရင်းအနှီး ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသတစ်ဝန်းလုံး၏တိုးတက်မှုများကို တိုးမြှင့်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**




ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပညာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Huai Jinpeng က တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ပညာရေးဆိုင်ရာ အချက်အလက်များနှင့် တရုတ်–အာဆီယံပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ကောက်နုတ်ပြောကြားသည်။

ယင်းနောက် China – ASEAN Digital Education Alliance စတင်မိတ်ဆက်ခြင်းအခမ်းအနားနှင့် the Alliance for Economics and Management Education (AEME) ဖွင့်လှစ်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် 2023 China–ASEAN Language and Culture Forum ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြပြီး ၂၀၂၃ ခုနှစ် တရုတ် – အာဆီယံ ပညာရေးပူးပေါင်းဆောင်ရွက်ရေး ရက်သတ္တပတ်အခမ်းအနားတွင် ခင်းကျင်းပြသထားသောပြခန်းများနှင့် ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်မှ ပြသထားသည့်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❑ ***ရှေ့ဖုံးမှ***

"ကျွန်မတို့က ခနိန့်ပတ်သက်ပြီးတော့ စဉ်ဆက်မပြတ်သုသေသန ပြုလုပ်ပြီး ထုတ်လုပ်လာနိုင်ခဲ့ပါတယ်။ ခနိပင် ခနိတန်းဟာ ဂျင်ဆင်းဓာတ်ထက် ၄၄ ဆ ပိုစွမ်းတာကို တွေ့ရှိခဲ့ရပါတယ်။ ခနိဝိုင်ရယ်၊ ခနိဖူးလက်ဖက်ခြောက်၊ ယို၊ Vinegar အပါအဝင် ကုန်ပစ္စည်း ၁၀ မျိုးကို ထုတ်လုပ်လာနိုင်ခဲ့ပါတယ်" ဟု ပြောသည်။

ရခိုင်ပြည်နယ် MSME အသင်းအနေဖြင့် နည်းပညာတွေကို စဉ်ဆက်မပြတ်ဖြန့်ဝေပေးနေကြောင်း၊ ရခိုင်ပြည်နယ်ရှိ ဒေသခံပြည်သူတွေကို ခနိနဲ့ပတ်သက်သောလုပ်ငန်းများနှင့်ပတ်သက်၍ နည်းပညာများ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ခနိပင်မှရရှိသည့် ခနိဖူးများကို ခုတ်ယူ၍ သင့်တင့်သောအရွယ်အစားများ လှီးဖြတ်ကာ သဘာဝနေရောင်ခြည်ဖြင့် အခြောက်ခံရရှိလာသော ခနိဖူးခြောက်ရည်ကို သောက်သုံးခြင်းဖြင့် ကင်ဆာ၊ ဆီးချို၊ နှလုံးသွေးကြောဆိုင်ရာရောဂါများနှင့် အာရုံကြောဆိုင်ရာရောဂါများအပြင် မျက်စိမှုန်၊ အဆစ်အမျက် ရောဂါ စသော ရောဂါများပျောက်ကင်းစေပြီး မိတ်ကပ်၊ သွားတိုက်ဆေးနှင့်ခေါင်းလျှော်ရည်များအပါအဝင် ထုတ်ကုန်အမျိုးအစားပေါင်း ၁၀၀ ကျော်ထိ ထုတ်လုပ်နိုင်ကြောင်း သိရသည်။

**တင်ထွန်းဦး၊ ဖြိုးဝေလင်း(ခရိုင် ပြန်/ဆက်)**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရန်ကုန်တိုင်းဒေသကြီးရှိ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်များသို့ သွားရောက်စစ်ဆေး

**ရန်ကုန် ဩဂုတ် ၂၉**

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်များသို့ သွားရောက်စစ်ဆေးပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအမှာစကားပြောကြားသည်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရန်ကုန်တိုင်းဒေသကြီးရှိ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်များမှ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအမှာစကားပြောကြားစဉ်။

**ရှင်းလင်းတင်ပြ**

ထိုသို့တွေ့ဆုံစဉ် ဘဏ်များ၏ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဌာနဆိုင်ရာတာဝန်ခံများက ဖွဲ့စည်းပုံနှင့် ဝန်ထမ်းအင်အား အခြေအနေ၊ ဘဏ်လုပ်ငန်းဆိုင်ရာများနှင့်ဝန်ထမ်းများ၏ သက်သာချောင်ချိရေးကိစ္စရပ်များကို ဦးစွာရှင်းလင်းတင်ပြကြသည်။

**ပေါင်းစပ်ညှိနှိုင်းဖြေရှင်း**

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နိုင်ငံပိုင်ဘဏ်များအနေဖြင့် ဘဏ်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဝန်ထမ်းများအနေဖြင့် မိမိတို့လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြစေရေး၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို အလေးထားဆောင်ရွက်ကြစေရေး၊ ဌာနတွင်း လုပ်ငန်းဆောင်တာများကို စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေရေးတို့ကိုအသေးစိတ်မှာကြားပြီး ဝန်ထမ်းများ၏တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးသည်။

**စနစ်တကျဆောင်ရွက်ပေး**

မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်သည် ၁၉၇၆ ခုနှစ်တွင်လည်းကောင်း၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်သည် ၁၉၉၀ ပြည့်နှစ်တွင် လည်းကောင်းစတင်တည်ထောင်ခဲ့သော နိုင်ငံပိုင်ဘဏ်များ ဖြစ်ကြပြီး နိုင်ငံတော်နှင့် အစိုးရဌာနများ၊ ပုဂ္ဂလိကများ၏ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းဆိုင်ရာ ငွေပေးချေမှုများနှင့် ဘဏ်လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုကိစ္စရပ်များကို စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# (၂၄)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုဆပ်ကော်မတီ အစည်းအဝေးကျင်းပ

**ရန်ကုန် ဩဂုတ် ၂၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှကြီးမှူး၍ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၂၄)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုဆပ်ကော်မတီ အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ Novotel Yangon Max Hotel Pyay Room ၌ ကျင်းပသည်။ **(အောက်ယာပုံ)**

ဖွင့်ပွဲအခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဒေါ်နုမြဖံ့၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ငွေး၊ အာဆီယံနိုင်ငံများမှ သံရုံးအကြီးအကဲများ၊ အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက (၂၄)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုဆပ်ကော်မတီ အစည်းအဝေး၏ ဆောင်ပုဒ်ဖြစ်သည့် “အာဆီယံဂုဏ်ပြုယဉ်ကျေးမှု” သည် အာဆီယံဒေသအတွင်း ပြည်သူများ၏အကျိုးအတွက်သာမက ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ကြွယ်ဝပြည့်စုံရေးများကို တိုးတက်ထိန်းသိမ်းရန်အတွက် ရည်ရွယ်ခြင်းဖြစ်ပါကြောင်း၊ အာဆီယံ – ယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီကို ၁၉၇၈ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည့် အချိန်မှစ၍ ယဉ်ကျေးမှုနှင့် ပြန်ကြားရေးကဏ္ဍတွင် အကျိုးရှိသည့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်ရန် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံယဉ်ကျေးမှုဆပ်ကော်မတီ အစည်းအဝေးများကို အိမ်ရှင်အဖြစ် လက်ခံဆောင်ရွက်လျက်ရှိရာ ၂၀၀၂ ခုနှစ်တွင် (၄)ကြိမ်မြောက်နှင့် ၂၀၁၃ ခုနှစ်တွင် (၁၄) ကြိမ်မြောက် လက်ခံကျင်းပခဲ့ပြီး ယခုကျင်းပသည့် (၂၄)ကြိမ်မြောက် အာဆီယံ – ယဉ်ကျေးမှုဆပ်ကော်မတီအစည်းအဝေးသည် တတိယအကြိမ် လက်ခံကျင်းပသည့် အစည်းအဝေးဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံ၏တာဝန်ဝတ္တရားများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိသကဲ့သို့ မိတ်ဆွေအာဆီယံနိုင်ငံများနှင့်အတူ ငြိမ်းချမ်းသော၊ ကြွယ်ဝပြည့်စုံသော အာဆီယံအသိုက်အဝန်းကြီး ထူထောင်ရေးရည်မှန်းချက်များ ရရှိရေးအတွက် ဆက်လက်ဆောင်ရွက်ရန်ရည်မှန်းချက်များ ထားရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ (၂၄)ကြိမ်မြောက် အာဆီယံ–ယဉ်ကျေးမှုဆပ်ကော်မတီအစည်းအဝေးကို Pyay ခန်းမ၌ကျင်းပရာ သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ (၂၄) ကြိမ်မြောက် အာဆီယံ–ယဉ်ကျေးမှု ဆပ်ကော်မတီ အစည်းအဝေးသဘာပတိနှင့် မြန်မာကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး အာဆီယံဒေသတွင်း ဆောင်ရွက်လျက်ရှိသော ယဉ်ကျေးမှုဆိုင်ရာကဏ္ဍနှင့်ပတ်သက်၍ ဆောင်ရွက်ပြီး စီမံကိန်းများ၊ ဆောင်ရွက်ဆဲစီမံကိန်းများ၊ ၂၀၂၄–၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ဆက်လက်တင်သွင်းမည့် စီမံကိန်းအသစ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်အတည်ပြုကြသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးက အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့များအား Novotel Yangon Max Hotel ပုသိမ်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ကျောင်းသားကျောင်းသူလေးများက မြန်မာ့ရိုးရာယဉ်ကျေးမှု အက၊ အလှများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးက အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များအား အမှတ်တရလက်ဆောင်ပစ္စည်းများနှင့် ဖျော်ဖြေတင်ဆက်ခဲ့သည့် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**







# ဝွမြို့နယ်၌ မိုးရာသီ အုန်းသီးပင်စိုက်ပျိုးပွဲကျင်းပ

**ဝ ဩဂုတ် ၂၉**

ရခိုင်ပြည်နယ် ဝွမြို့နယ်၌ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ မိုးရာသီ အုန်းသီးပင်စိုက်ပျိုးပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ဇီးကုန်းကျေးရွာ ဘုရင်မဘောလုံးကွင်းဘေးရှိ စံပြစိုက်ခင်း၌ ပြုလုပ်ခဲ့သည်။

ဝွမြို့နယ်၌ သဘာဝဘေးဒဏ် ခံနိုင်ရန်အတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇာနည်ကျော်နှင့် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးကျော်ထွန်းလင်းနှင့် ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက အုန်းသီးပင် ၁၀၅ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

ရွှေရည်ဝင်းကျော်(ပြန်/ဆက်)

နိုင်ငံသာယာ ဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေးအဖွဲ့ (IOM)၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲ Mr. Dragan Aleksoski ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် သြဂုတ် ၂၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့(IOM)၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲ Mr. Dragan Aleksoski ဦးဆောင်သောအဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် အိမ်နီးချင်း နိုင်ငံများအကြား ရွှေ့ပြောင်းအလုပ်သမားကိစ္စများနှင့် လူကုန်ကူးခံရသူများအား အကူအညီပေးရေးကိစ္စများ၊ IOM နှင့်ဝန်ကြီးဌာနအကြား လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး၊ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနှင့် လူကုန်ကူးခံရသူများ ရပ်ရွာအတွင်း ပြန်လည်ဝင်ဆံ့ရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ ဝန်ကြီးဌာနနှင့် IOM အကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ ညှိနှိုင်းပေါင်းစပ်မှုဖြင့် နိုင်ငံတော်အစိုးရနှင့်ပူးပေါင်း၍ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများမှ ရခိုင်ပြည်နယ်ရှိ မိုခါမုန်တိုင်းသင့်သူများအတွက် လူသားချင်းစာနာမှုဆိုင်ရာ ပစ္စည်းများ ထောက်ပံ့ရေးအစီအစဉ်တွင် IOM မှ ပူးပေါင်းပါဝင်မှုများနှင့် IOM အဖွဲ့မှ နိုင်ငံခြားသားဝန်ထမ်းများ၏ ပြည်ဝင်ဗီဇာထောက်ခံချက်ပေးနိုင်ရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**





## စီးပွားဖြစ်မျိုးစေ့ထုတ်စိုက်ခင်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးဆောင်ရွက်

**ပဲခူး သြဂုတ် ၂၉**

ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း)၌ စိုက်ပျိုးရေးနှင့် အိမ်တွင်းမှု တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အဖွဲ့သည် သြဂုတ် ၂၈ ရက် နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် နတ်တလင်း ခရိုင် ပေါင်းတည်မြို့ ကြူတောကန်ကျေးရွာ၌ တောင်သူ ပူးပေါင်းပါဝင်သော Basic Seed-Commercial Seed ဆင်းသုခ မျိုးစေ့ထုတ် စံပြစိုက်ခင်းအား ကြည့်ရှုစစ်ဆေးပြီး ဒေသတွင်း မျိုးကောင်း မျိုးသန့်များ ဖူလုံစေရေးအတွက် ကျေးရွာများအလိုက် ဒေသနှင့် ကိုက်ညီပြီး အထွက်နှုန်းကောင်းသည့် မျိုးစေ့ထုတ် စိုက်ခင်းများ တိုးချဲ့စိုက်ပျိုးသွားရန်၊ မြို့နယ်အလိုက် မျိုးသန့်စင်စက်များဖြင့် တောင်သူလိုအပ်သည့် မျိုးသန့်မျိုးစေ့များဖြစ်စေရေး ပံ့ပိုးကူညီဆောင်ရွက်ပေးရန်၊ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် အခြေခံလိုအပ်သည့် မျိုး၊ မြေ၊ ရေ၊ နည်း စနစ်တကျ သုံးစွဲနိုင်ရေး မြေပြင်ကွင်းဆင်း အသိပညာပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် နတ်တလင်းမြို့နယ် ကျခတ်ဝါးရုံကျေးရွာ၌ စတင်စမ်းသပ်စိုက်ပျိုးလျက်ရှိသည့် ရွှေနံ့သာပေါ်ဆန်းမွှေး မျိုးသန့်မျိုးစေ့ထုတ်စိုက်ခင်းသို့ ရောက်ရှိပြီး တန်ဖိုးမြှင့်ဆန်စိုက်ပျိုးခြင်းအားဖြင့် ဒေသခံ တောင်သူများ၏ အကျိုးစီးပွားပိုမိုဖြစ်ထွန်းစေနိုင်၍ တိုင်းဒေသကြီး မြေနမူနာစမ်းသပ်၍ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးသွားနိုင်ရေး ဆောင်ရွက်ရန်၊ ဆည်ရေသောက် ဧရိယာဖြစ်သော်လည်း ယခင်က တစ်နှစ်နှစ်သီးသာ စိုက်ပျိုးနိုင်ခဲ့ပြီး ယခုအခါ တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ရေး လိုအပ်ချက်များ တင်ပြပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ကြို့ပင်ကောက်မြို့ နွယ်ခွေရပ်ကွက်ရှိ ဦးဆန်းထူး၏ စပါးခွံပြာဖြင့် ဆပ်ပြာကုန်ကြမ်း (Sodium Cilicate) (ဆိုဒီယမ် ဆီလီကိတ်) ထုတ်လုပ်သည့် အလုပ်ရုံသို့ သွားရောက်ခဲ့ပြီး ဆပ်ပြာကုန်ချောအဆင့်အထိ တိုးတက်ထုတ်လုပ်နိုင်ရေး လိုအပ်သည့် နည်းပညာများ ပံ့ပိုးပေးရန်နှင့် ကုန်ချောအဆင့်အထိ တိုးတက်ထုတ်လုပ်နိုင်ရေး လိုအပ်သည့် အရင်းအနှီးကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ရယူဆောင်ရွက်နိုင်ရေး တင်ပြရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် အုတ်ဖိုမြို့ မိုးညိုတန်လမ်းရှိ ဦးအောင်ကြည်စိုး၏ တောင်သူအကျိုးပြု လယ်ယာသုံး စက်ကိရိယာ ထုတ်လုပ်ရေးအလုပ်ရုံသို့ ရောက်ရှိခဲ့ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်ထုတ်လုပ်လျက်ရှိသည့် အသေးစား လက်ဆွဲကောက်စိုက်စက် ထုတ်လုပ်နေမှုအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့် နည်းပညာနှင့် စက်ပစ္စည်း အစိတ်အပိုင်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ချောင်းမကြီးဆည်၊ ဥတ္တရသီရိဆည်နှင့် ရန်အောင်မြင်ဆည်များအတွင်း ရေဝင်ရောက်မှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် သြဂုတ် ၂၉**

နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင် သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရေပေးဝေရေး ဆောင်ရွက်လျက်ရှိသော ဆည်များအတွင်း ရေဝင်ရောက်မှုနှင့် ဆည်များသို့ ရေဝင်ရောက်သည့် ချောင်းများ၏ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ဒုတိယမြို့တော်ဝန်နှင့် အဖွဲ့သည် နေပြည်တော်ရှိ ရုံးများ၊ အိမ်ရာများသို့ အဓိက ရေပေးဝေဖြန့်ဖြူးပေးနေသော ဥတ္တရသီရိမြို့နယ်ရှိ ချောင်းမကြီးဆည်နှင့် ဥတ္တရသီရိဆည်၊ လယ်ဝေးမြို့နယ်ရှိ ရန်အောင်မြင်ဆည်များသို့ သွားရောက်၍ ဆည်များအတွင်းသို့ ရေဝင်ရောက်မှုကို ကြည့်ရှုစစ်ဆေးပြီး လာမည့်နွေရာသီတွင် သောက်သုံးရေပေးဝေရေး အခက်အခဲဖြစ်ပေါ်နိုင်သဖြင့် ရေပေးဝေရာတွင် လေလွင့်ဆုံးရှုံးမှု မရှိစေရေး၊ သောက်သုံးရေအပြင် အခြားသုံးစွဲမှုများမရှိစေရေးတို့ကို အထူးကြီးကြပ်ဆောင်ရွက်ရန်၊ ဆည်အတွင်း ရေပိုမိုဝင်ရောက်စေရေး ရေဝင်ချောင်းနှင့် ချောင်းလက်တက်များအတွင်း သဲနုန်းများတူးဖော် ရှင်းလင်းဆောင်ရွက်ရန်၊ ဆည်၏ ရေဝေရေလဲဧရိယာများတွင် သစ်တောသစ်ပင်များ ခုတ်ထွင်မှုမရှိစေရေး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းညှိနှိုင်းကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။

**သတင်းစဉ်**



## ပဲခူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းတွင်းဂီတ၊ ရသပြိုင်ပွဲကျင်းပ

**ပဲခူး သြဂုတ် ၂၉**

ပဲခူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း သီရိပညာခန်းမ၌ သြဂုတ် ၂၈ ရက် နံနက်ပိုင်းက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းတွင်း ဂီတ၊ ရသသီဆိုပြိုင်ပွဲ ကျင်းပခဲ့သည်။**(အောက်ပုံ)**

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ဝင်းက အမှာစကားပြောကြားပြီး အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းရှိ KG တန်းမှ Grade-11 အထိ ကျောင်းသားကျောင်းသူများက ကဗျာ၊ ဂီတ၊ ရသသီချင်းများဖြင့် သီဆိုယှဉ်ပြိုင်ကြသည်။



အဆိုပါ ကျောင်းတွင်းဂီတ၊ ရသပြိုင်ပွဲကို ကျောင်းသားကျောင်းသူများအနေဖြင့် မဟာဂီတသီချင်းနှင့် မြန်မာသံစဉ်ကာလပေါ် သီချင်းတို့၏ ရသကို နှစ်သက်မြတ်နိုးတန်ဖိုးထားပြီး ထိန်းသိမ်းစောင့်ရှောက်တတ်စေရန်နှင့် ဂီတအနုပညာဘာသာရပ်ကို ဝါသနာအလျောက် လက်တွေ့ဘဝတွင် အသုံးချပုံကို ပိုမိုနားလည်နိုင်စေမည့် အသိပညာကျွမ်းကျင်မှုအသစ်များ ဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ ကျင်းပပေးခြင်း ဖြစ်ကြောင်း သိရသည်။ **မောင်ကျော်ကြီး**

**နိုင်ငံတစ်ဝန်းစိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

# ရထားဥဩသံညံစေချင် တို့မြန်ပြည်တစ်ခွင်

**မြန်မာနိုင်ငံ၏ ပို့ဆောင်ရေးကဏ္ဍအစပျိုးမှုကိုကြည့်မည်ဆိုလျှင် ရှေးယခင်က နယ်ချဲ့အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို ကိုလိုနီအဖြစ် ကျွန်ပြုအုပ်ချုပ်ခဲ့စဉ်က ၎င်းတို့၏ အကျိုးစီးပွားကို အထောက်အကူ ဖြစ်စေသည့် ရထားလမ်း၊ ကားလမ်းများကိုသာ ဦးစားပေးဖောက်လုပ်ခဲ့ကြောင်း တွေ့ရှိရသည်။ နိုင်ငံတစ်ဝန်းလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးဟူသော ရည်ရွယ်ချက်ကောင်းများ မရှိခဲ့သည့်အတွက် ကိုလိုနီခေတ်နှင့် လွတ်လပ်ရေးရပြီးနောက်ပိုင်း ကာလတစ်လျှောက်လုံး နယ်မြေဒေသအများစုသည် လမ်းပန်းဆက်သွယ်မှုခက်ခဲ၍ ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။**

ညီညီ(ရထား)



၁၈၇၇ ခုနှစ် မေလ ၁ ရက်နေ့တွင် ရန်ကုန်-ပြည် ရထားလမ်း စတင်ဖောက်လုပ်ပြေးဆွဲခဲ့ခြင်းနှင့်အတူ မြန်မာနိုင်ငံတွင် ရထားလုပ်ငန်းပေါ်ထွန်းခဲ့သည်မှာ ၁၄၆ နှစ်ကျော် ကြာခဲ့ပြီဖြစ်ပါသည်။ မြန်မာ့မီးရထားဌာနကြီးသည် ရှည်လျားလှသည့် သမိုင်းကြောင်းနှင့်အတူ ရထားပြေးဆွဲခြင်းလုပ်ငန်းဖြင့် ပြည်သူတို့အား ဝန်ဆောင်မှုပေးရင်း အခက်အခဲများစွာကို ရင်ဆိုင်ကျော်လွှားခဲ့သည့် အောင်မြင်မှု၊ ဆုံးရှုံးမှုများ အစရှိသည့် အတွေ့အကြုံများစွာဖြင့် ဖြတ်သန်းခဲ့သည့် ဌာနကြီးတစ်ခုဖြစ်ပါသည်။

အထူးသဖြင့် အများစုဖြစ်သော အခြေခံလူတန်းစားပြည်သူများအတွက် ယနေ့ထက်တိုင် အကျိုးပြုလျက်ရှိပေသည်။ စရိတ်စကသက်သာစွာဖြင့် ခရီးသည်အများအပြားကို ခရီးနီးနီးဝေးဝေး သက်သောင့်သက်သာစွာဖြင့် လိုရာခရီးသို့ ပို့ဆောင်ပေးလျက်ရှိပါသည်။ ကုန်စည်အများအပြားကိုလည်း ရထားလမ်း ကွန်ရက်ရှိရာဒေသအသီးသီးသို့ စရိတ်ကျဉ်းကျဉ်းဖြင့် အချိန်တိုအတွင်း ပို့ဆောင်ပေးလျက်ရှိပါသည်။ ဤသည်ကား မိမိတို့နိုင်ငံအတွင်း နိုင်ငံပိုင် စီးပွားရေးအဖွဲ့စည်းဖြစ်သော မြန်မာ့မီးရထား၏ ထူးခြားသော ဝိသေသများပင်ဖြစ်ပါသည်။

### ရထားလုပ်ငန်းစတင်ပေါ်ပေါက်လာခြင်း

မြန်မာနိုင်ငံ၏ ရထားပြေးဆွဲခြင်းလုပ်ငန်းသည် အရှေ့တောင်အာရှနိုင်ငံများ၌ သက်တမ်းအရင့်ဆုံးဖြစ်ကြောင်း သမိုင်းက သက်သေပြလျက် ရှိပါသည်။ ၁၈၅၂ ခုနှစ် ဒုတိယအင်္ဂလိပ်-မြန်မာစစ်ပွဲအပြီး၌ ဗြိတိသျှတို့သည် အောက်မြန်မာနိုင်ငံကို သိမ်းယူပြီးနောက် ဆန်စပါး၊ ကျွန်းသစ်၊ ရော်ဘာနှင့် သယံဇာတသတ္တုပစ္စည်းများကို တွင်တွင်ကျယ်ကျယ် ထုတ်လုပ်၍ စီးပွားရေးအရ အကျိုးအမြတ်ရရှိနိုင်ရန် ပြည်ပသို့တင်ပို့ခြင်း၊ ၎င်းတို့တိုင်းပြည်မှ ပို့ကုန်များကို တင်သွင်း၍ ရောင်းချခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါသည်။

သို့အတွက် ကုန်စည်များအား ဒေသအနှံ့မှ စုစည်းရာတွင် လမ်းပန်းဆက်သွယ်မှု ခက်ခဲပြီး သယ်ယူပို့ဆောင်ရေးစရိတ်ကြီးမားခဲ့ရာ ဆန်များကို အချိန်တိုအတွင်း စရိတ်သက်သာစွာဖြင့် စုစည်းနိုင်ရန် စီးပွားရေးရှုထောင့်အမြင်ဖြင့် မီးရထားလမ်းဖောက်လုပ်ခြင်းကို စီစဉ်ဆောင်ရွက်ခဲ့ကြပါသည်။ ထို့ပြင် အထက်မြန်မာနိုင်ငံမှ မြန်မာမင်းတို့က ဧရာဝတီ မြစ်ကြောင်းမှ စုန်ဆင်းတိုက်ခိုက်လာပါက ပြည်မြို့သို့ လျင်မြန်စွာ ရောက်ရှိလာနိုင်ကြောင်း သုံးသပ်၍ ဗြိတိသျှတပ်များနှင့် စက်လက်နက်၊ ရိက္ခာပစ္စည်းများကို ပြည်မြို့သို့ အမြန် ပို့ဆောင်နိုင်ရန်ဟူသော စစ်ရေးအမြင်ဖြင့် ၁၈၇၄ ခုနှစ်တွင် ရန်ကုန်-ပြည်ရထားလမ်းကို စတင်ဖောက်လုပ်ခဲ့ပြီး ၁၈၇၇ ခုနှစ် မေလ ၁ ရက်နေ့တွင် ဖွင့်လှစ်ပြေးဆွဲခဲ့ပါသည်။

ဆက်လက်၍ ၁၈၈၁ ခုနှစ်တွင် ရန်ကုန်-ညောင်လေးပင်လမ်းပိုင်း၊ ၁၈၈၅ ခုနှစ်တွင် ညောင်လေးပင်- တောင်ငူလမ်းပိုင်းကိုလည်း ကျွန်းသစ်၊ ရော်ဘာ၊ သယံဇာတနှင့် ဆန်/ စပါးများကို ပြည်ပသို့တင်ပို့နိုင်ရန် ရည်ရွယ်ချက်များဖြင့် ဖောက်လုပ်ပြေးဆွဲခဲ့ပါသည်။

### မြန်မာ့မီးရထားသမိုင်းအကျဉ်း

မြန်မာ့မီးရထားသမိုင်းကြောင်းကို လေ့လာကြည့်မည်ဆိုပါက ၁၈၇၇ ခုနှစ်က ရန်ကုန်နှင့် ဧရာဝတီမြစ်ဝှမ်း အစိုးရရထားလုပ်ငန်း (The Rangoon and Irrawaddy Valley State Railway) က ရထားလုပ်ငန်းကို စတင်ထူထောင်လုပ်ကိုင်ခဲ့ကြောင်း၊ ဆက်လက်၍ ၁၈၉၆ ခုနှစ်တွင် Burma Railway Company က ဆက်လက်၎ားရမ်းဆောင်ရွက်ခဲ့ကြောင်း၊ ၁၉၂၈ ခုနှစ်တွင် အိန္ဒိယမီးရထားဘုတ်အဖွဲ့ (Indian Railway Board) လက်အောက်သို့ ပြန်လည်လွှဲပြောင်းပေးခဲ့ကြောင်း၊ ၁၉၃၇ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံမှခွဲထွက်၍ အုပ်ချုပ်မှုပုံစံပြောင်းလဲခြင်းနှင့်အညီ မီးရထားလုပ်ငန်းကိုလည်း Indian Railway Board ၏ အုပ်ချုပ်မှုအောက်မှ ခွဲထွက်ကာ မြန်မာနိုင်ငံဆိုင်ရာ မီးရထားမင်းကြီး (Chief Railway Commissioner)က အုပ်ချုပ်ခဲ့ကြောင်း၊ ဒုတိယကမ္ဘာစစ်ကြီး ကူးစက်လာချိန် ၁၉၄၂ ခုနှစ်တွင် မီးရထားအုပ်ချုပ်ရေးလုပ်ငန်းများကို ဗြိတိသျှစစ်အာဏာပိုင် (British Governor) များထံသို့ လွှဲပြောင်းပေးခဲ့ကြောင်း၊ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိခဲ့ပြီးနောက်တွင် မီးရထား အုပ်ချုပ်ရေးအဖွဲ့သစ်ကို ပြန်လည်ဖွဲ့စည်းခဲ့ကြောင်း၊ ၁၉၅၁ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ မီးရထားဘုတ်အဖွဲ့ (Union of Burma Railway) အဖြစ်လည်းကောင်း၊ ၁၉၇၂ ခုနှစ်တွင် ရထားပို့ဆောင်ရေးကော်ပိုရေးရှင်း (Burma Railway Corporation) အမည်ဖြင့်လည်းကောင်း အဆင့်ဆင့် ပြောင်းလဲဖွဲ့စည်းခဲ့ပြီးနောက် ၁၉၈၉ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် မြန်မာ့မီးရထားဟု ပြင်ဆင်ခေါ်ဝေါ်၍ ယနေ့တိုင် ၎င်းအမည်နာမ တည်တံ့လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

### ရထားလမ်းခရီးမိုင်နှင့် ဘူတာရုံများ

မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်က ရထားလမ်းတိုးချဲ့ဖောက်လုပ်နိုင်ခဲ့မှုများအနေဖြင့် ရထားလုပ်ငန်းစတင်ခဲ့သည့် ၁၈၇၇ ခုနှစ်မှ လွတ်လပ်ရေးမရမီ ၁၉၄၈ ခုနှစ်အထိ ရထားလမ်းခရီးမိုင် ၁၉၂၄ မိုင်ခန့်နှင့် ဘူတာရုံပေါင်း ၄၇၆ ခု တည်ရှိခဲ့ရာ လွတ်လပ်ရေးရပြီးနောက် ၁၉၄၈ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ရထားလမ်းခရီးမိုင် ၅၄ မိုင်ခန့်နှင့် ဘူတာရုံ ၁၁ ခု တိုးတက်တည်ဆောက်နိုင်ခဲ့သည်။ ၁၉၈၈ ခုနှစ်မှစ၍ ယနေ့ထိ ရထားလမ်းခရီးမိုင် ၁၈၂၂ မိုင်ခန့်နှင့် ဘူတာရုံ ၄၇၃ ခု ထပ်မံတိုးချဲ့ဖောက်လုပ် တည်ဆောက်နိုင်ခဲ့သည့်အတွက် နိုင်ငံအတွင်း ရထားလမ်းခရီးမိုင်စုစုပေါင်း မိုင် ၃၈၀၀ ကျော်နှင့် ဘူတာရုံပေါင်း ၉၆၀ ရှိနေပြီဖြစ်ကြောင်း တွေ့ရှိရပါသည်။

### မျှော်မှန်းချက်နှင့် ရည်မှန်းချက်တာဝန်များ

မြန်မာ့မီးရထားအနေဖြင့် ခရီးသည်နှင့် ကုန်စည်များကို လုံခြုံချောမွေ့စွာဖြင့် သယ်ယူပို့ဆောင်ပေးရင်း နိုင်ငံတော်၏ ဘက်စုံကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရေး၊ တစ်ချိန်တည်းတွင် လူ၊ ပစ္စည်းနှင့် ငွေကြေးစသော သယံဇာတများကို လေလွင့်ဆုံးရှုံးမှု မရှိစေဘဲ အကျိုးထိရောက်မှုရှိစွာ သုံးစွဲရေး၊ ဈေးကွက်စီးပွားရေးမူဝါဒနှင့်အညီ ယှဉ်ပြိုင်ရသော အခြေအနေတွင် စီးပွားရေးဆန်ဆန်ယှဉ်ပြိုင်နိုင်ကာ ခရီးသည်နှင့် ကုန်စည်များကို ကုန်ကျစရိတ်သက်သာစွာ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြင့် ထိရောက်စွာ သယ်ယူပို့ဆောင်နိုင်သော အဖွဲ့အစည်းတစ်ရပ် ဖြစ်လာစေရေး မျှော်မှန်းထားရှိပါသည်။ ထို့အပြင် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်သူများ စိတ်ချမ်းမြေ့အဆင်ပြေရေး၊ မတော်တဆမှုများ လျော့နည်းပပျောက်ရေး၊ ရထားများ အချိန်မှန်ကန်ရေး၊ ရထားလမ်းများ ပိုမိုတောင့်တင်းခိုင်မာရေး၊ ဝင်ငွေတိုးရေးနှင့် သုံးငွေလျော့နည်းရေး၊ လက်ဝယ်ရှိလူ၊ ပစ္စည်း၊ စနစ်များကို အထိရောက်ဆုံးဖြစ်စေရန် ကြိုးပမ်းရေး၊ စက်ရုံ၊ အလုပ်ရုံများ စွမ်းအားပြည့်လည်ပတ်ရေး၊ စက်ခေါင်းတွဲ ချွတ်ယွင်းမှု လျော့နည်းရေး၊ စက်ကိရိယာနှင့်အရန်ပစ္စည်းများ တီထွင် ထုတ်လုပ်မှု တိုးတက်အောင်ဆောင်ရွက်ရေး၊ ဝန်ထမ်းအခွင့်အရေးနှင့် သက်သာချောင်ချိရေးကိစ္စများ မျက်ခြည်မပြတ်ရေး၊ မသမာမှုများ ကင်းရှင်းပပျောက်ရေးဟူသော ရည်မှန်းချက် ၁၁ ရပ် ချမှတ်ထားရှိပါသည်။

### ဌာနကြီးများဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းတာဝန်များ

အဆိုပါရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာ့မီးရထားတွင် ရထားပို့ဆောင်ရေးလုပ်ငန်းကို ပင်မလုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်ရသည့် ဌာနကြီးသုံးခု၊ စီမံခန့်ခွဲရေးလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် ရထားပြေးဆွဲရေးလုပ်ငန်းများအပေါ် ပံ့ပိုးကူညီပေးရသည့် ဌာနကြီးရှစ်ခုနှင့် စက်ရုံကြီးသုံးရုံတို့ဖြင့် ဖွဲ့စည်းထားရှိပြီး ဌာနကြီးများအလိုက် တာဝန်ထမ်းဆောင်နေကြသော ဌာနအကြီးအကဲများ၊ အရာထမ်း/အမှုထမ်းများအားလုံးတွင် ကိုယ်စီလုပ်ငန်း တာဝန်ဝတ္တရားများ စနစ်တကျ ပေးအပ်ထားရှိပါသည်။

ဝန်ထမ်းတစ်ဦးချင်းစီတိုင်းက မတူညီသော လုပ်ငန်းတာဝန်အသီးသီးကို ထမ်းဆောင်နေကြရသော်လည်း တူညီသော ရည်မှန်းချက်ထားရှိကြခြင်းက ရထားပို့ဆောင်ရေးဆိုင်ရာ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းကို အသက်ဝင်စေလျက် ရှိနေပါသည်။

အဓိကကျသည့်ဌာနကြီးသုံးခုအနက် သွားလာပို့ဆောင်ရေးဌာနသည် ရထားသွားလာရေး လုပ်ငန်းများကို စီမံခန့်ခွဲကြီးကြပ်နိုင်သည့် ဘာသာရပ်ဆိုင်ရာသင်တန်းများကို တက်ရောက်အောင်မြင်ပြီးသူများဖြင့် ဖွဲ့စည်းထားပြီး ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး လိုအပ်ချက်များကို မိမိလက်ဝယ်ရှိ စွမ်းအားစုများအား အထိရောက်ဆုံး အသုံးချ၍ စီမံဆောင်ရွက်ခြင်း၊ ရထားများဖွဲ့စည်းခြင်း၊ ပြေးဆွဲခြင်းတို့အတွက် ထုတ်ပြန်ထားသည့် ဥပဒေ/နည်းဥပဒေများနှင့်အညီ စီမံခန့်ခွဲလိုက်နာလုပ်ဆောင်ကြရပါသည်။ ထို့ပြင် ရထားသွားလာမှုလုပ်ငန်းများ အဆင်ပြေ ချောမွေ့စေရေး အချက်ပြနှင့် ဆက်သွယ်ရေးလုပ်ငန်းများ ပြည့်စုံကောင်းမွန်စေရေးတို့အတွက် အီလစ်ထရွန်နစ်ပိုင်းဆိုင်ရာ အင်ဂျင်နီယာဘာသာရပ်များ အထူးပြုဘွဲ့၊ ဒီပလိုမာ၊

စာမျက်နှာ ၇ သို့

- ၁၈၇၇ ခုနှစ် မေလ ၁ ရက်နေ့တွင် ရန်ကုန်-ပြည် ရထားလမ်း စတင်ဖောက်လုပ်ပြေးဆွဲခဲ့ခြင်းနှင့်အတူ မြန်မာနိုင်ငံတွင် ရထားလုပ်ငန်းပေါ်ထွန်းခဲ့သည်မှာ ၁၄၆ နှစ်ကျော်ကြာခဲ့ပြီ
- မြန်မာနိုင်ငံ၏ ရထားပြေးဆွဲခြင်းလုပ်ငန်းသည် အရှေ့တောင်အာရှနိုင်ငံများ၌ သက်တမ်းအရင့်ဆုံးဖြစ်ကြောင်း သမိုင်းက သက်သေပြလျက်ရှိ
- နိုင်ငံအတွင်း ရထားလမ်းခရီးမိုင်စုစုပေါင်း မိုင် ၃၈၀၀ ကျော်နှင့် ဘူတာရုံပေါင်း ၉၆၀ ရှိနေပြီဖြစ်ကြောင်း တွေ့ရှိရ

**“မြန်မာ့မီးရထားဌာနသည် ပြည်သူကို ဝန်ဆောင်မှုပေးရသည့် လုပ်ငန်းဌာနကြီး ဖြစ်သည်နှင့်အညီ ရထားစီးခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းပြီး လိုရာခရီးသို့ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေးအတွက်သာမက နိုင်ငံနှင့်အဝန်း မြေပြန့်၊ တောင်တန်း၊ တစ်ဒေသနှင့် တစ်ဒေသ သွားလာကူးလူးဆက်ဆံမှုအား အထောက်အပံ့ ဖြစ်စေ”**

*စာမျက်နှာ ၆ မှ*

ကျွမ်းကျင်လက်မှတ်ရရှိထားသည့် ဝန်ထမ်းများဖြင့်လည်း ပါဝင်ထည့်သွင်းဖွဲ့စည်းထားရှိပါသည်။

စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာနသည် စက်မှုနှင့် လျှပ်စစ်ပိုင်းဆိုင်ရာ အင်ဂျင်နီယာ ဘာသာရပ်များအထူးပြုဘွဲ့၊ ဒီပလိုမာ၊ ကျွမ်းကျင်လက်မှတ်ရရှိထားသည့် ဝန်ထမ်းများဖြင့် ဖွဲ့စည်းထားရှိပြီး စက်ခေါင်း/တွဲများ ပြုပြင်မွမ်းမံထိန်းသိမ်းခြင်း၊ တည်ဆောက်ခြင်း၊ လျှပ်စစ်ပိုင်းဆိုင်ရာ လုပ်ငန်းများ တာဝန်ယူဆောင်ရွက်ခြင်း၊ စက်ခေါင်းမောင်းနှင့် တွဲထိန်းများကို ကြီးကြပ်စီမံဆောင်ရွက်ခြင်းပြုရပါသည်။

မြို့ပြအင်ဂျင်နီယာဌာနသည် မြို့ပြအင်ဂျင်နီယာဆိုင်ရာ ဘာသာရပ်များအထူးပြုဘွဲ့၊ ဒီပလိုမာ၊ ကျွမ်းကျင်လက်မှတ်ရရှိထားသည့် ဝန်ထမ်းများဖြင့် ဖွဲ့စည်းထားရှိပြီး ရထားလမ်း၊ တံတားနှင့် အဆောက်အအုံများ ထိန်းသိမ်းပြုပြင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်း၊ ကွန်ကရစ်ဇလီဖားနှင့် တံတားဘောင်များ ထုတ်လုပ်ခြင်း၊ လမ်းပိုင်းအသစ်များဖောက်လုပ်ရာတွင် လမ်းအူကြောင်း တိုင်းတာရှာဖွေခြင်း၊ ဒီဇိုင်းရေးဆွဲ ထုတ်လုပ်ခြင်း၊ တည်ဆောက်ခြင်းများကို တာဝန်ယူဆောင်ရွက်ရပါသည်။

ရထားပြေးဆွဲရေးလုပ်ငန်းအပေါ် ပံ့ပိုးကူညီပေးရသည့် ဌာနကြီးရှစ်ခုအနက် စစ်ဆေးရေး ဌာနသည် ဌာနအသီးသီးက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြသည့် လုပ်ငန်းများအပေါ် ချမှတ်ထားသည့် မူဝါဒ၊ စည်းမျဉ်းစည်းကမ်းများနှင့်ကိုက်ညီမှု ရှိ/မရှိ၊ ပစ္စည်း/ငွေကြေးများလေလွင့်ဆုံးရှုံးမှု မဖြစ်ပေါ်စေရေး၊ စွမ်းအားစုများကို ထိရောက်စွာ အသုံးချနိုင်ရေးတို့အတွက် စစ်ဆေးကြပ်မတ်ခြင်း၊ အကြံပြုခြင်းများကို ဆောင်ရွက်ပါသည်။

စီမံကိန်းနှင့်အုပ်ချုပ်ရေးဌာနသည် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးကိစ္စများ၊ နိုင်ငံတကာချေးငွေ၊ နည်းပညာအကူညီများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများအပေါ် စီမံချက်ရေးဆွဲခြင်းနှင့် စောင့်ကြည့်ခြင်း၊ ပြည်သူ့လူထုအား ဆက်သွယ်ပြန်ကြားရေးကိစ္စများ၊ ဝန်ထမ်းရေးရာနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပါသည်။

မြန်မာ့မီးရထား၏ ရထားလမ်းကွန်ရက်တစ်လျှောက် ခွဲခြားထားသည့် တိုင်းနယ်မြေအလိုက် အထွေထွေစီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ခြင်းများပြုလုပ်နိုင်ရန် အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည် အုပ်ချုပ်ရေးဌာနနှစ်ခုကိုလည်း တာဝန်ပေးအပ် ဖွဲ့စည်းထားပါသည်။ စီးပွားရေးဌာနသည် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းကို ကြီးကြပ်ကွပ်ကဲခြင်း၊ ဝင်ငွေတိုးတက်ရရှိရေးအတွက် ရထားပိုင်မြေများအသုံးချ၍ ဝင်ငွေရှာဖွေခြင်းလုပ်ငန်းများကို ဆောင်ရွက်ပါသည်။

ဘဏ္ဍာရေးဌာနသည် နိုင်ငံတော်ကသတ်မှတ်ထားသည့် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ဝင်ငွေ၊ထွက်ငွေများအပေါ် ကြီးကြပ်ခြင်း၊ အသုံးစရိတ်များ စနစ်တကျ ထုတ်ပေးခြင်း၊ ဝန်ထမ်းများ၏ လစာနှင့် စရိတ်အား စီမံဆောင်ရွက်ပေးခြင်း၊ နှစ်စဉ်အရှုံး/အမြတ် စာရင်းပြုစုခြင်း စသည်တို့ကို ဆောင်ရွက်ပါသည်။ ထောက်ပံ့ဌာနသည် ဌာနအသီးသီးက အသုံးပြုရန် လိုအပ်သော ပစ္စည်းများကို ပြည်တွင်း/ပြည်ပမှ မှာယူခြင်း၊ သိုလှောင်ထိန်းသိမ်းခြင်း၊ ဖြန့်ဖြူးပေးခြင်းတို့ကို ဆောင်ရွက်ပြီး ဆေးဌာနသည် ရထားလိုက်ဝန်ထမ်းများအား သတ်မှတ်ချက်နှင့် အညီကျန်းမာရေး စစ်ဆေးမှုပြုလုပ်ခြင်း၊ ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ရထားစီးခရီးသွားပြည်သူများ၏ အရေးပေါ် ရှေးဦးကုသမှုရရှိရေး ထောက်ပံ့ဆောင်ရွက်ပေးခြင်းတို့ ပြုလုပ်ပါသည်။

ပြည်ထဲရေးဝန်ကြီးဌာနက တွဲဖက်ထားသည့် ရထားရဲတပ်ဖွဲ့အနေဖြင့် ခရီးသည်နှင့် ကုန်စည်များ ဘေးအန္တရာယ်ကင်းစွာလိုရာခရီးသို့ ရောက်ရှိရေး လုံခြုံမှုပေးခြင်း၊ ရထားပိုင်ပစ္စည်းများ ပျက်စီးပျောက်ဆုံးမှုမရှိစေရေး၊ ရထားနယ်မြေအတွင်း မှုခင်းများ မဖြစ်ပွားစေရေး ကာကွယ်စောင့်ရှောက်မှုပေးခြင်းတို့ ဆောင်ရွက်ပါသည်။

အလျဉ်းသင့်၍ ရထားတစ်စင်း ပြေးဆွဲနိုင်ရေးအတွက် သက်ဆိုင်ရာဌာနအသီးသီးရှိ ဝန်ထမ်းများက ကိုယ်စီတာဝန်ယူ ဆောင်ရွက်ကြမှုများကို အကျဉ်းမျှ မိတ်ဆက်တင်ပြလိုပါသည်။ မီးရထားတစ်စင်းထွက်ခွာနိုင်ရန် ဆောင်ရွက်ရသော အဆင့်များစွာရှိပါသည်။ အဓိကကျသည့် ဌာနကြီးသုံးခုဖြစ်သော သွားလာ၊ စက်မှု၊ မြို့ပြဌာနများမှ ဝန်ထမ်းအသီးသီးတို့က ညီညွတ်စွာနှင့် ဟန်ချက်ညီညီ ဆောင်ရွက်ကြရပါသည်။ မိမိအဆင့်အလိုက်၊ လုပ်ငန်းတာဝန်အလိုက် လုပ်ဆောင်ရမည့်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နိုင်ရန် လိုပါသည်။

ဝန်ထမ်းအသီးသီးသည် သက်ဆိုင်ရာကိုယ်စီတာဝန်ကို ထမ်းဆောင်နိုင်ရန် ကနဦးအစတွင် ပညာရပ်ဆိုင်ရာသင်တန်းများကို အချိန်ကာလတစ်ခုအကြာ သင်ကြားလေ့ကျင့်ရခြင်း၊ လုပ်ငန်းခွင်အကြိုလေ့လာမှုများပြုလုပ်ရခြင်း၊ အတွေ့အကြုံပေါ် မူတည်၍ ဆင့်ကဲရာထူး တိုးမြှင့်ထမ်းဆောင်ရခြင်းများ ပြုလုပ်ရပါသည်။ ထိုသို့ဆောင်ရွက်နိုင်မှသာလျှင် ရထားတစ်စင်းသည် ခရီးစဉ်အစ၊ အလယ်၊ အဆုံး ချောမောစွာပြေးဆွဲနိုင်ပြီး ခရီးသွား ပြည်သူများနှင့် ကုန်စည်များကို ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် လိုရာခရီးကို ပို့ဆောင်နိုင်မည် ဖြစ်ပါသည်။

**ရထားတစ်စင်းထွက်ခွာနိုင်ရန် ဆောင်ရွက်ရသည့် လုပ်ငန်းဆောင်တာများ**

ရထားတစ်စင်းထွက်ခွာနိုင်ရေးအတွက် စက်မှုဌာနမှ ဝန်ထမ်းများသည် ရထားစက်ခေါင်းအား စက်ခေါင်းစက်ရုံသို့သွင်း၍ ကြံ့ခိုင်မှုများစစ်ဆေးခြင်း၊ ဆီဖြည့်ခြင်းများ ပြုလုပ်ရပါသည်။ စက်ခေါင်းတစ်ခေါင်းအား နေ့စဉ်စစ်ဆေးခြင်း၊ ခုတ်မောင်းချိန်နာရီအလိုက် စစ်ဆေးခြင်းနှင့် အကြီးတန်းပြုပြင်စစ်ဆေးခြင်း စသည်တို့ကို တာဝန်ယူပြုလုပ်ကြရပါသည်။ အလှည့်ကျ စက်ခေါင်းမောင်း (စက်ဗိုလ်)နှင့် လက်ထောက် စက်ခေါင်းမောင်း (မီးထိုး/ဆီလောင်း)တို့သည် ရထားမထွက်ခွာမီ မိနစ် ၄၀ အလိုတွင် စက်ခေါင်းရှိရာသို့ ရောက်ရှိပြီး လက်ခံမှုပြုလုပ်ရပါသည်။

အလားတူ တွဲပြင်ဌာနမှ တာဝန်ရှိသူများသည် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးဌာန တောင်းခံထားသည့် တွဲအမျိုးအစားနှင့် အရေအတွက်များ အတိုင်း တွဲစီယာဒ်ဝင်းအတွင်း တွဲဆိုင်းဖွဲ့ဆင်မှုကို ကြိုတင်ဆောင်ရွက်ရပြီး တွဲသန့်ရှင်းရေးပြုလုပ်ခြင်း၊ တွဲအောက်ပိုင်းကြံ့ခိုင်ရေးစစ်ဆေးခြင်းများ ပြုလုပ်ပြီး ရထားထွက်ခွာမည့် အချိန်မတိုင်မီ ၁ နာရီခန့်အလိုတွင် တွဲရှေ့စက်ခေါင်းနှင့် ချိတ်ဆက်၍ ဘူတာအတွင်း ပြေးလမ်းပေါ်သို့ ပို့ဆောင် ပေးထားရပါသည်။ ထိုသို့ပြင်ဆင်ထားသည့် တွဲဆိုင်းကို အသင့်ပြင်ဆင်ထားသည့် စက်ခေါင်းမှ လာရောက်ချိတ်ဆက် ဆောင်ရွက်ရပါသည်။

ဘူတာတွင် ထွက်ခွာရန် ပြင်ဆင်ထားသော ရထားအား စက်ဗိုလ် (စက်ခေါင်းမောင်း)နှင့် ဂတ်ဗိုလ်(ရထားထိန်း)တို့ပူးပေါင်းပြီး တွဲဆိုင်းကို စစ်ဆေးခြင်း၊ လေဘရိတ်(သို့) လေဟာဘရိတ် စသည်ဖြင့် ပါဝါရရှိမှုတို့အား စစ်ဆေးပြီး ရထားထွက်ခွာနိုင်ရေး ပြင်ဆင်ဆောင်ရွက်ကြရပါသည်။ အားလုံးပြည့်စုံပြီးနောက် သတ်မှတ်အချိန်တွင် ခရီးသည်များအား ဝင်ခွင့်ပေးပြီး နေရာယူစေပါသည်။ သွားလာရေးဌာနမှရုံပိုင်သည် ရထားမထွက်ခွာမီ ပထမဦးဆုံး ဆိုက်ရောက်မည့်ဘူတာသို့ ရထားအား လက်ခံနိုင်ခြင်း ရှိ/ မရှိမေးမြန်း၍ လမ်းရှင်းတောင်းခံပြီး ရထားအား သတ်မှတ်အချိန်ထွက်ခွာနိုင်ရန် ဆောင်ရွက်ကြရပါသည်။

မြို့ပြဌာနမှ ဇာဝီလှည့်(လမ်းလျှောက်) ဝန်ထမ်းများသည် ယင်းအား သတ်မှတ်တာဝန်ပေးထားသည့် လေးမိုင်ရှိသော ရထားလမ်းပိုင်းကို သံလမ်း၊ ဇလီဖား၊ လမ်းခင်းကျောက်များ ပုံမှန်ဖြစ်/ မဖြစ်၊ သံလမ်းထိန်းကလစ်များ ပြည့်စုံမှု ရှိ/မရှိ၊ သံလမ်းကြံ့ခိုင်မှုတစ်စုံတစ်ရာ လျော့နည်းနေခြင်း ရှိ/မရှိ တို့အား နေ့စဉ်နံနက်စောစောတွင် အသွားအပြန် စစ်ဆေးမှုပြုလုပ်ရပါသည်။ လမ်းပိုင်းအလိုက် တာဝန်ကျ အငယ်တန်းအင်ဂျင်နီယာ(သံလမ်း)များသည် ရထားလမ်းနှင့်တံတားများ၏ ကြံ့ခိုင်မှုအနေအထားပေါ်မူတည်၍ ဖြတ်သန်းခွင့်ပြု/မပြုနှင့် ဖြတ်သန်းသင့်သောမိုင်နှုန်းများ စိစစ်သတ်မှတ်ပေးရပါသည်။

ရထားမောင်းနှင် ထွက်ခွာနေစဉ်အတွင်းမှာလည်း သွားလာပို့ဆောင်ရေးဌာန၏ ရထားကြီးကြပ်ရေးရုံးများက သက်ဆိုင်ရာ နယ်မြေအလိုက် ရထားသွားလာမှုများကို တိုက်ရိုက်ကြီးကြပ်စောင့်ကြည့်ပြီး မှတ်တမ်းတင်ခြင်း၊ ရထားလမ်းတစ်ခုတည်းပေါ်တွင် ပြေးဆွဲနေသော ရထားတစ်စင်းနှင့်တစ်စင်း ဘူတာများ၌ ဆုံခြင်း၊ ကျော်ခြင်းများကို ထိန်းသိမ်းဆောင်ရွက်ခြင်း၊ သတ်မှတ်ရထား အချိန်ဇယားများအတိုင်း မှန်ကန်စေရန် ထိန်းညှိပေးခြင်းတို့ကို ဆောင်ရွက်ကြရပါသည်။

ရထားတစ်စင်းပြေးဆွဲမှုအတွက် ဌာနအလိုက် အသီးသီးတာဝန်ယူ ဆောင်ရွက်ကြရသကဲ့သို့ ဝန်ထမ်းများ တစ်ဦးချင်းတစ်ယောက်ချင်းတိုင်းက ကျွမ်းကျင်မှုရှိစွာနှင့်တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးမှာလည်း အထူးအရေးပါလှပါသည်။ ခရီးသည်များ၏ အသက် အန္တရာယ်ဘေးကင်းစွာဖြင့် လိုရာခရီးကို သတ်မှတ်ချိန်အမီ ရောက်ရှိနိုင်ရေးအတွက် ဂိတ်စောင့်၊ လမ်းခွဲကိုင်၊ လမ်းလျှောက်၊ တွဲစစ်၊ တွဲထိန်းအစရှိသော ဝန်ထမ်းများသည် ရာထူးပင်ငယ်လင့်ကစား အရေးကြီးတာဝန်ကို ထမ်းဆောင်နေကြသူများ ဖြစ်ကြပါသည်။

ယင်းတို့၏တာဝန်ဝတ္တရားများကို ပေါ့လျော့မှားယွင်းစွာ လုပ်ကိုင်မိလျှင် ရထားမတော်တဆမှုများကြောင့် ခရီးသည်များနှင့် ဌာနပိုင်ပစ္စည်းများ ထိခိုက်ပျက်စီးနိုင်ဖွယ် ရှိပါသည်။ ရထားတစ်စင်း ပြေးဆွဲရန်အတွက် ယခုတင်ပြခဲ့သည့် လုပ်ဆောင်မှုများစွာရှိနေလေရာ ရထားအရေအတွက် များပြားလာသည်နှင့်အမျှ လူအင်အား၊လုပ်ဆောင်မှုများစွာဖြင့် ဆောင်ရွက်ရမည်ကို တွေ့မြင်နိုင်မည် ဖြစ်ပါသည်။ ထိုသို့ ရထားတစ်စင်းပြေးဆွဲနိုင်ရေးအတွက် ဌာနအသီးသီးမှ ဝန်ထမ်းအားလုံး၏ စည်းလုံးညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ဇွဲရှိရှိဖြင့် အပင်ပန်းဆင်းရဲခံနိုင်မှု စသည့် မီးရထားဝန်ထမ်းစိတ်ဓာတ်ကောင်းများဖြင့် ဆောင်ရွက်မှုများမှာ အထူးအရေးပါလှပါသည်။

**နိုင်ငံတော်အစိုးရ၏ လုပ်ငန်းလမ်းညွှန်မှုများ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တာဝန်ယူခဲ့သည့်အချိန်မှစ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအနေဖြင့် ရထားပို့ဆောင်ရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကအလေးထားပြီး နိုင်ငံတော်အဆင့် အခမ်းအနားများ၊ ညှိနှိုင်းအစည်းအဝေးများတွင် လည်းကောင်း၊ တာဝန်ရှိသူများအားလည်းကောင်း မကြာခဏတွေ့ဆုံ လမ်းညွှန်မှုများ ပေးလျက်ရှိပါသည်။ မြန်မာ့မီးရထား၏ စက်ရုံများ၊ ဘူတာကြီးများ၊ ရထားလမ်းစီမံကိန်းနယ်မြေများသို့ နိုင်ငံတော်အကြီးအကဲသည် ခုနစ်ကြိမ်တိုင်တိုင် ကိုယ်တိုင်ကိုယ်ကျ ကွင်းဆင်းစစ်ဆေးခဲ့ပြီး အဆိုပါခရီးစဉ်များတွင် ရထားလမ်းများ ကြံ့ခိုင်ကောင်းမွန်စေရေး ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများအတိုင်း တိကျစွာ လိုက်နာ၍ ရေရှည်အတွက် ဦးစားပေး စဉ်းစားဆောင်ရွက်ရန်၊ ရထားစက်ခေါင်းနှင့် တွဲများပြုပြင်ထိန်းသိမ်းခြင်း၊ တည်ဆောက်ခြင်း၊ ရထားလမ်းများပြုပြင်ထိန်းသိမ်းခြင်းနှင့် ထပ်မံတိုးချဲ့ ဖောက်လုပ်ခြင်းလုပ်ငန်းများတွင် ပြည်တွင်းအင်ဂျင်နီယာပညာရှင်များကို အဓိကထားအသုံးပြု၍ နည်းပညာများ တိုးတက်အောင်ဆောင်ရွက်ရန်၊ အနာဂတ်တွင် လျှပ်စစ်ရထားများပြေးဆွဲနိုင်ရေး ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်ရန်၊ စက်ခေါင်းနှင့်တွဲများတည်ဆောက်ရေးအတွက် လိုအပ်သည့်ပစ္စည်းများ ပြည်ပမှဝယ်ယူနေမှုကို တဖြည်းဖြည်းလျှော့ချပြီး ပြည်တွင်းတွင် ထုတ်လုပ် တည်ဆောက်နိုင်ရေး သုတေသနပြု၍ နည်းပညာများ လေ့လာပြီး ကြိုးပမ်းဆောင်ရွက်သွားရန် စသည့် လမ်းညွှန်မှာကြားမှုများ ပြုလုပ်ခဲ့သည့်အပြင် လိုအပ်သည်များကိုလည်း ဖြည့်ဆည်းပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိပါသည်။

မြန်မာ့မီးရထားဌာနသည် ပြည်သူကို ဝန်ဆောင်မှုပေးရသည့် လုပ်ငန်းဌာနကြီးဖြစ်သည်နှင့် အညီ ရထားစီးခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းပြီး လိုရာခရီးသို့ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေး အတွက်သာမက နိုင်ငံနှင့်အဝန်း မြေပြန့်၊ တောင်တန်း၊ တစ်ဒေသနှင့် တစ်ဒေသသွားလာ ကူးလူးဆက်ဆံမှုအား အထောက်အပံ့ ဖြစ်စေပါသည်။ ထို့ပြင် တစ်ချိန်တည်းတွင် ကုန်စည်အများအပြားကို အချိန်တိုအတွင်း ဈေးနှုန်းသက်သာစွာဖြင့် ပို့ဆောင်ပေးနေခြင်းကြောင့် ပြည်သူများ၏ လူသုံးကုန်၊ စားသောက်ကုန်များ နေရာဒေသမခွဲခြားဘဲ များစွာကွာခြားမှုမရှိသည့် ဈေးနှုန်းဖြင့် ရောင်းဝယ်ဖောက်ကားနိုင်ရေးကိုလည်း အထောက်အကူဖြစ်စေသည့်အပြင် နိုင်ငံတစ်ဝန်း ကုန်ဈေးနှုန်း တည်ငြိမ်မှုကိုလည်း အထိုက်အလျောက် ပံ့ပိုးပေးလျက် ရှိပါသည်။

ထို့ကြောင့် အနာဂတ်ကာလများတွင်လည်း ခရီးသွားပြည်သူများအား ကောင်းမွန်ပြည့်စုံသည့် ဝန်ဆောင်မှုများပေးနိုင်ရန် ခေတ်စနစ်နှင့်အညီ ရထားပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာပြီး မြန်ပြည်တခွင် ရထားဥသြသံ ညံစေချင်သည့် စိတ်စေတနာကောင်းဖြင့် ရထားဝန်ထမ်းအားလုံးက ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ စဉ်ဆက်မပြတ် အပတ်တကုတ်ကြိုးပမ်း ဆောင်ရွက်ကြစေလိုပါကြောင်းနှင့် မိဘပြည်သူအပေါင်းကလည်း ရထားမတော်တဆမှု မဖြစ်ပွားစေရေးနှင့် ရထားလမ်းကွန်ရက်တစ်လျှောက်ရှိ ရထားသံလမ်းနှင့် ဆက်စပ်ပစ္စည်းများ၊ အချက်ပြဆက်သွယ်ရေးနှင့် လျှပ်စစ်ပစ္စည်းများ၊ စက်ခေါင်းနှင့်တွဲများ၊ ဘူတာရုံအဆောက်အအုံများအစရှိသည့် အများပြည်သူပိုင် ပစ္စည်းများ ထိခိုက်ပျက်စီးဆုံးရှုံးမှု တစ်စုံတစ်ရာ မပေါ်ပေါက်စေရေးအတွက် ဝိုင်းဝန်းစောင့်ရှောက်ပေးကြပါရန်လည်း လေးနက်စွာ တိုက်တွန်းအပ်ပါသည်။ ။

# ဌာနဆိုင်ရာများအနေဖြင့် သက်ဆိုင်ရာလုပ်ငန်းအလိုက် အသုံးပြုသည့်မြေကို မြေအမည်ပေါက်ပိုင်ဆိုင်ရေးလုပ်ငန်း ပြီးစီးအောင်ဆောင်ရွက်ထားရန် အရေးကြီး



နေပြည်တော် ဩဂုတ် ၂၉

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၀) ကြိမ်မြောက်အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များ တက်ရောက်ကြသည်။**

အစည်းအဝေးတွင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က နိုင်ငံတော်အကျိုးငှာဖြစ်စေ၊ အများပြည်သူအကျိုးငှာ ဖြစ်စေ သိမ်းယူခဲ့သော လယ်ယာမြေများအား လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူများ နစ်နာမှုမရှိစေရေး တည်ဆဲလယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ နစ်နာကြေး လျော်ကြေးများ အချိန်မီပေးလျော်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် သက်ဆိုင်ရာလုပ်ငန်းအလိုက် အသုံးပြုသည့်မြေကို မြေအမည်ပေါက်ပိုင်ဆိုင်ရေးလုပ်ငန်း ပြီးစီးအောင် ဆောင်ရွက်ထားရန် အရေးကြီးကြောင်း၊ လယ်မြေကို စပါးသီးနှံ စိုက်ပျိုးထုတ်လုပ်ရာတွင် အချို့သောနေရာဒေသများ၌ ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီပြီး ဝင်ငွေပိုမိုရရှိနိုင်မည့် သီးနှံ Cash Crop ပြောင်းလဲစိုက်ပျိုးခွင့် တင်ပြလာမှုများအပေါ် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် လယ်ယာမြေဥပဒေ ပုဒ်မ၂၈ ပုဒ်မခွဲ(က)အရ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိ/မရှိ စိစစ်ပြီး ဒေသအတွင်း ဆန်စပါးဖူလုံမှုနှင့် ပတ်ဝန်းကျင်လယ်ယာမြေများကို ထိခိုက်နိုင်မှုမရှိပါက တောင်သူများအတွက် ဒေသနှင့်ကိုက်ညီပြီး ဝင်ငွေပိုမိုရရှိနိုင်သော သီးနှံ Cash Crop ကို ပြောင်းလဲစိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးရန် လိုကြောင်း။

အခြားတစ်ဖက်တွင်လည်း လယ်ယာမြေများ တိုးချဲ့အသုံးပြုနိုင်ရန် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီများက စိုက်ပျိုးလုပ်ကိုင်ခွင့်ပြုခဲ့သောမြေများတွင် လုပ်ပိုင်ခွင့်ရဧရိယာအားလုံးကို စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဖော်ထုတ်လုပ်ကိုင်ပြီးစီးခြင်း၊ သီးနှံပင်များ စိုက်ပျိုးဖြစ်ထွန်းမှုရှိပြီး ဆွတ်ခူးနိုင်ရန် အရွယ်ရောက်ရှိနေခြင်း၊ အနာဂတ်တွင် လယ်ယာမြေအဖြစ် ဆက်လက်တည်တံ့သွားရန် အခြေအနေရှိခြင်း၊ လယ်ယာမြေအဖြစ် ဆက်လက်တည်တံ့သွားခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးစီးပွားအတွက် ပိုမိုဖော်ဆောင်ပေးနိုင်ခြင်း စသည့်အချက်များနှင့် ညီညွတ်ပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းကို အရင်းအနှီးကုန်ကျခံ၍ စိုက်ပျိုးလုပ်ကိုင်သူက လယ်ယာမြေအဖြစ် ပြောင်းလဲသတ်မှတ်ပေးရန် ဥပဒေနှင့်အညီ လျှောက်ထားလာမှုများအပေါ် လယ်ယာမြေဥပဒေပါ အခွင့်အရေးများ ခံစားနိုင်ရေးနှင့် လယ်ယာမြေများ ဥပဒေနှင့်အညီ တိုးချဲ့နိုင်ရေး ဆောင်ရွက်ပေးရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက ဆွေးနွေးဆောင်ရွက်ရမည့်လုပ်ငန်းစာတွဲများအား ဖတ်ကြားတင်ပြရာ တက်ရောက်လာကြသူများက သုံးသပ်ဆွေးနွေးဆောင်ရွက်ကြသည်။

ယနေ့ကျင်းပသည့် ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ (၁၀) ကြိမ်မြောက် အစည်းအဝေးတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း လုပ်ကိုင်ခွင့်ရရှိထားပြီး စိုက်ပျိုးလုပ်ကိုင်မှုတည်ငြိမ်နေသည့် မြေများအား လယ်ယာမြေဥပဒေ ပုဒ်မ ၃၄ နှင့် လယ်ယာမြေနည်းဥပဒေ ၃၅၊ ၃၆ တို့အရ လယ်ယာမြေအဖြစ် သတ်မှတ်ပေးရန် လျှောက်ထားလာသည့် လုပ်ငန်းရပ်များ၊ လယ်ယာမြေတွင် MSME လုပ်ငန်းနှင့် သက်ဆိုင်သောကိစ္စရပ်များ ဆောင်ရွက်ရန် အခြားနည်းအသုံးပြုခွင့် တင်ပြလာသောကိစ္စရပ်များ အပါအဝင် လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့်နှင့် စပ်လျဉ်း၍ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များအရ တင်ပြလာသော စာတွဲများအပေါ် ဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး မြို့သစ်မြို့နယ်နှင့် မကွေးမြို့နယ်တို့၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၉**



သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် သန်းကုန်းကျေးရွာသို့ သွားရောက်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ကုန်ထုတ်လမ်းအရှည် နှစ်မိုင်ဖောက်လုပ်နေမှု၊ တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် အရှည် ၁ မိုင် ၂ ဖာလုံရှိ ဘုရားပြိုကျေးရွာအဝင်လမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး (**အပေါ်ယာပုံ**) ဆက်လက် ဆောင်ရွက်ရန် လုပ်ငန်းများကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မကွေးမြို့ သမဝါယမစာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မောင်မယ်သစ်လွင် ကြိုဆိုပွဲသို့ တက်ရောက်ပြီး နိုင်ငံတော်က အားထားရသော သမဝါယမပညာတတ်များ ဖြစ်အောင် ကြိုးစားလေ့လာသင်ယူကြရန် မှာကြားသည်။

ယင်းနောက် ကျောင်းသားများကိုယ်စား ဒုတိယနှစ် ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြား၍ ပထမနှစ် ကျောင်းသား ကျောင်းသူများက တေးသရုပ်ဖော် ဖျော်ဖြေမှုများဖြင့် တင်ဆက်ကပြကြရာ ဒုတိယဝန်ကြီးက ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ပြီး သင်တန်းကျောင်းအတွင်း စာသင်ဆောင်၊ သင်တန်းသား အိပ်ဆောင်၊ သင်တန်းသူအိပ်ဆောင် တည်ဆောက်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မကွေးမြို့ အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနရုံးတွင် ဝန်ကြီးဌာနအောက် ဦးစီးဌာန လေးခုမှ ခရိုင်နှင့်မြို့နယ် အဆင့်ဝန်ထမ်းများနှင့် တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်ရေး စီမံကိန်း လုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အောင်မြင်အောင် ကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်း မှာကြားသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများက သက်ဆိုင်ရာ ဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို တင်ပြကြရာ ဒုတိယဝန်ကြီးက ဝန်ထမ်းများ၏ အခက်အခဲများအပေါ် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးပြီး အသေးစား ထုတ်ကုန်ပစ္စည်းများ ပြခန်းအတွင်း ခင်းကျင်းပြသထားသော လုပ်ငန်းရှင်များ၏ ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မကွေးမြို့နယ် သဖန်းဆိပ်ကျေးရွာသို့ သွားရောက်ပြီး မကွေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်၏ ပံ့ပိုးငွေကျပ်သိန်း ၁၀၀ ဖြင့် Pilot Project ဆောင်ရွက်နေသော သဖန်းဆိပ် စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်း လီမိတက်၏ ရှောပဒေသာ စပါးမျိုး ၄၉ ဧက စိုက်ပျိုးထားမှုကို ကြည့်ရှုအားပေးပြီး အသင်းသားတောင်သူများနှင့် တွေ့ဆုံကာ ပန်းတိုင်အထွက်နှုန်း ရရှိရေး မှာကြား၍ ဒေသဖွံ့ဖြိုးရေး လုပ်ငန်း တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဘူးသီးတောင်မြို့နယ် မေယုမြစ်ဖျား သဘာဝရေပြင်အတွင်း ရေချိုငါးသားပေါက်အကောင်ရေ သုံးသိန်းစိုက်ထည့်

**မောင်တော ဩဂုတ် ၂၉**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်၌ ငါးလုပ်ငန်းဦးစီးဌာနမှ ဒေသတွင်း ငါးသယံဇာတများ စဉ်ဆက်မပြတ် ရေရှည်ထိန်းသိမ်းရေး၊ ငါးသယံဇာတများ မပြုန်းတီးစေရေးနှင့် ဒေသတွင်း ဖူလုံစွာစားသောက်နိုင်ရေးအတွက် မေယုမြစ်ဖျား သဘာဝရေပြင်အတွင်း ရေချိုငါးသားပေါက်များစိုက်ထည့်ခြင်းကို ယနေ့ နံနက် ၁၀ နာရီက စက်လှေဆိပ်ကမ်းအနီးတွင် ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဦးနှင့် အဖွဲ့ဝင်များ ၊ နယ်မြေခံအခြေချ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး တင်မိုးအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဝင်းနှင် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဘူးသီးတောင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ရေချိုငါးသားပေါက် မျိုးစိုက်ထည့်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည် ။ ထို့နောက် သဘာဝရေပြင်တွင် ရေချိုငါးသားပေါက်များ စိုက်ထည့်နိုင်ရေးအတွက် မြို့နယ်ငါးလုပ်ငန်းဦးစီးမှူးက ရေချိုငါးသားပေါက်များကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဦးနှင့် အဖွဲ့ဝင်များ ၊ နယ်မြေခံ အခြေချစစ်ဗျူဟာမှူး ဗိုလ်မှူးကြီး တင်မိုးအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဝင်းနှင် အဖွဲ့ဝင်များ ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက မေယုမြစ်ဖျား သဘာဝရေပြင်ထဲသို့ နှစ်လက်မအရွယ်အစားပြည့်မီသောရေချိုငါးသားပေါက် ငါးမြစ်ချင်း၊ ထိုင်းငါးခုံမကြီး၊ ရွှေဝါငါးကြင်းများကို စိုက်ထည့်ကြသည်။



အဆိုပါ ရေချိုငါးသားပေါက်လွှတ်ပွဲတွင် မြို့နယ်ရေချိုငါးသားပေါက်စခန်းမှ နှစ်လက်မအရွယ်အစားပြည့်မီသော ငါးသားပေါက် ငါးမြစ်ချင်း အကောင်ရေ တစ်သိန်း၊ ထိုင်းငါးခုံမကြီးအကောင်ရေ တစ်သိန်းနှင့် ရွှေဝါငါးကြင်း တစ်သိန်း စုစုပေါင်း ငါးသားပေါက်အကောင်ရေ သုံးသိန်းကို မေယုမြစ်ဖျား သဘာဝရေပြင်တွင် စိုက်ထည့်ပေးခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**သက်လွင်စိုး ခရိုင်(ပြန်/ဆက်)**

## သက်ဆိုင်ရာအေဂျင်စီများအနေဖြင့် စာချုပ်ချုပ်ဆိုပြီးသည့် အလုပ်သမားများကို ရက်ပေါင်း ၉၀ အတွင်း စေလွှတ်ရန်လိုအပ်

**နေပြည်တော် ဩဂုတ် ၂၉**

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် ယနေ့ မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ် (MOEAF) မှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် (MOEAF) မှ ဒုတိယဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ နိုင်ငံအလိုက် အဖွဲ့ခေါင်းဆောင်များ တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာအေဂျင်စီများအနေဖြင့် စာချုပ်ချုပ်ဆိုပြီးသည့် အလုပ်သမားများကို ရက်ပေါင်း ၉၀ အတွင်း စေလွှတ်ရန်လိုအပ်ကြောင်း၊ သတ်မှတ်ရက်အတွင်း စေလွှတ်နိုင်မှုမရှိလျှင် အလုပ်သမားများ၏ တိုင်ကြားမှုများ ဖြစ်ပေါ်လာနိုင်သဖြင့် အေဂျင်စီများက အလေးထားဆောင်ရွက်စေလိုကြောင်း၊ MoU မြန်မာအလုပ်သမားများ၏ မိသားစုလွှဲပို့ငွေကိုစနစ်တကျနှင့် ပတ်သက်၍ ငွေလွှဲအများစုအား နှစ်နိုင်ငံဘဏ်များမှတစ်ဆင့် စနစ်တကျစီးဆင်းစေရေး ဆောင်ရွက်စေလိုကြောင်း၊ ပြည်ပအလုပ်အကိုင်အကျိုးဆောင် အေဂျင်စီများအနေဖြင့် စေလွှတ်လိုက်သည့် အလုပ်သမားများ သက်ဆိုင်ရာနိုင်ငံရှိ လုပ်ငန်းခွင်များတွင် အလုပ်ရှင်၊ အလုပ်သမား မပြေလည်မှု၊ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှု/ သေဆုံးမှုဖြစ်စဉ်များနှင့်စပ်လျဉ်းပြီး ရက်ပေါင်း ၃၀ အတွင်း ဖြေရှင်းဆောင်ရွက်ရန်၊ အလုပ်သမားရေးရာကိစ္စရပ်များ၊ ပြဿနာများ၊ ထူးခြားဖြစ်စဉ်များ ပေါ်ပေါက်ပါက သက်ဆိုင်ရာသို့သတင်းပို့၍ အချိန်နှင့်တစ်ပြေးညီ အလုပ်သမားသံအရာရှိများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးရန်နှင့် မိမိတို့ စေလွှတ်သည့်အလုပ်သမားများ စတင်ထွက်ခွာချိန်မှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိချိန်အထိ တာဝန်အပြည့်အဝရှိကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် (MOEAF) မှ တာဝန်ရှိသူများနှင့် နိုင်ငံအလိုက် လုပ်ငန်းကော်မတီအဖွဲ့ခေါင်းဆောင်များက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် အခက်အခဲများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်တို့က ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရအေဂျင်စီများအနေဖြင့် ပြည်ပသို့ အလုပ်သမားစေလွှတ်ရေးလုပ်ငန်းစဉ်များအား ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန် မှာကြားသည်။

ဩဂုတ် ၂၃ ရက်အထိ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်နေသည့် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီ စုစုပေါင်း ၄၅၇ ခုနှင့် ထိုင်းလိုင်စင်ရအေဂျင်စီ ၁၅၀ ရှိကြောင်း၊ ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်မည့် အလုပ်သမားများအား ပြည်ပအလုပ်အကိုင် လမ်းညွှန်သင်တန်းများကို ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းတို့တွင် ပို့ချလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## လက်ထောက်ညွှန်ကြားရေးမှူးများနှင့် ဦးစီးအရာရှိများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၉**

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း၊ နေပြည်တော်တွင် ဖွင့်လှစ်သည့် လက်ထောက် ညွှန်ကြားရေးမှူးများနှင့် ဦးစီးအရာရှိများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်း၊ အမှတ်စဉ် (၄/၂၀၂၃) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။



ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ ဒုတိယစာရင်း စစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများ တက်ရောက်ကြပြီး ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ သင်တန်းသားများက Online ဖြင့် တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က ယခုသင်တန်းတွင် စစ်ဆေးခြင်း အမျိုးအစားအလိုက် လိုက်နာကျင့်သုံးရမည့် စာရင်းစစ်စံများကို အခြေခံသည့်ဘာသာရပ်များ၊ ဌာနတွင်းစစ်ဆေးခြင်းနှင့် ရုံးလုပ်ငန်း စီမံခန့်ခွဲမှုဆိုင်ရာများကို သင်ကြားပို့ချသွားမည်ဖြစ်ရာ တန်ဖိုးထားလေ့လာ မှတ်သားကြစေလိုကြောင်း၊ စာရင်းစစ်ဝန်ထမ်း သင်တန်းသားများ အနေဖြင့် ပြည်သူ့ဘဏ္ဍာ လေလွင့်ဆုံးရှုံးမှု မရှိစေရေးအတွက် စစ်ဆေးထိန်းကျောင်းပေးသည့် လုပ်ငန်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခြင်းဖြင့် မိမိဌာန၊ အဖွဲ့အစည်းမှ အားထားရပြီး ကျင့်ဝတ်စောင့်ထိန်းလိုက်နာသော ဝန်ထမ်းကောင်းများဖြစ်စေရေး ကြိုးစားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း၌ တာဝန်ရှိသူက သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းတွင် ရုံးချုပ်၊ တိုင်းဒေသကြီး၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံးများနှင့် ဒေသစာရင်းစစ်ရုံးများမှ လက်ထောက်ညွှန်ကြားရေးမှူး တစ်ဦးနှင့် ဦးစီးအရာရှိ ၉၅ ဦးတို့ကို စာသင်ခန်းရောက်ဖြင့် လည်းကောင်း၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ လက်ထောက်ညွှန်ကြားရေးမှူး သုံးဦးနှင့် ဦးစီးအရာရှိ ၁၂ ဦးတို့ကို Online ဖြင့် လည်းကောင်း ဩဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၂၅ ရက်အထိ ရက်သတ္တ လေးပတ်ကြာ ဖွင့်လှစ်သင်ကြား ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရေဦးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဆေးရောင်ခြယ်ပြိုင်ပွဲကျင်းပ

**ရေဦး ဩဂုတ် ၂၉**

ကလေးငယ်များ အရောင်မှန်ကန်စွာ ရွေးချယ်တတ်စေရန်၊ အများနှင့် ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိလာစေရန် ရည်ရွယ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတို့ ပူးပေါင်းပြီး ဩဂုတ် ၂၈ ရက်က ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပသည်။ ဦးစွာ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းခိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဆွေဝင်းက ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ပြိုင်ပွဲစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။



အဆိုပါ ဆေးရောင်ခြယ်ပြိုင်ပွဲတွင် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၄၃ ဦး ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**သန်းသန်း(ရေဦး)**

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၂၉**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Chin Dwin Shan Construction Co., Ltd. မှ တင်သွင်းလာသော BYD Tang အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် တစ်စီးသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာရာ ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါလျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

**သတင်းစဉ်**



## ချင်းတွင်းမြစ်ရေ ဟုမ္မလင်းမြို့တွင် စိုးရိမ်ရေမှတ်အထက် တည်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၂၉**

ယနေ့ မွန်းလွဲ ၃ နာရီ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟုမ္မလင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# အများပြည်သူအကျိုးစီးပွားအတွက် အတ္တများကို လျှော့ပေးကြပါ

ကိုရေချမ်း

ပြီးခဲ့တဲ့အပတ်က နံနက်စာစားဖို့ ရပ်ကွက်ထဲက လူကြိုက်များတဲ့ လက်ဖက်ရည်ဆိုင်မှာ ထိုင်ဖြစ်ပါတယ်။ ဆိုင်အနီးမှာ ထူးထူးခြားခြား လူတစ်ယောက်ကိုတွေ့လို့ နံနက်စာစားရင်း ငေးမောကြည့်နေမိတယ်။ ထိုလူက ကန်စွန်းရွက်တစ်စည်းကို သူ့ကားထဲက ထုတ်ပြီး လူစည်ကားနေတဲ့ လက်ဖက်ရည်ဆိုင်ဘက်ကို ထောင်ပြတယ်။ "တစ်စည်းတစ်ရာ"၊ ကန်စွန်းရွက်အစည်းက ခပ်ကြီးကြီးပါပဲ။ ပြီးတော့ကား နောက်ဖုံးထဲကို ထည့်လိုက်တယ်။

တစ်ဆက်တည်းမှာပဲ မီးဖိုချောင်သုံး သီးနှံတွေကို သူ့ကားထဲကနေ တစ်ခုပြီး တစ်ခု ထုတ်ပြလိုက်၊ ဈေးနှုန်းပြောလိုက် လုပ်နေပါတယ်။ "ချဉ်ပေါင်ရွက်တစ်စည်း တစ်ရာ"၊ "ပုံလုံသီးတစ်စည်း ခြောက်ရာ"၊ "ရွှေဖရုံသီးတစ်လုံး ငါးရာ"၊ "ကြက်ဟင်းခါးသီးသုံးလုံး တစ်ရာ" စတဲ့စတဲ့ အသီးအနှံမျိုးစုံကို တစ်မျိုးတစ်ရာမှ ခြောက်ရာအတွင်းပဲ ရှိတယ်ဆိုပြီး ရှင်းပြပါတယ်။ မီးဖိုချောင်သုံး အသီးအနှံတွေဟာ လတ်လတ်ဆတ်ဆတ် စိမ်းစိမ်းစိုစို၊ ကြီးကြီးထွားထွား စိတ်ဝင်စားစရာကောင်းပါတယ်။

ဆိုင်ထဲက စားသောက်နေကြတဲ့ လူတွေအားလုံး သူ့ကိုငေးမောကြည့်နေကြပါတယ်။ ခဏကြာတော့ ဆိုင်ထဲကို ဝင်လာပြီး သူ့မိတ်ဆွေလို့ထင်တဲ့ လူတစ်ယောက်ကို ချဉ်ပေါင်ရွက်တစ်စည်း လက်ဆောင်ပေးပါတယ်။ တစ်ဖက်စားပွဲမှာထိုင်နေတဲ့ ကျွန်တော်တို့လည်း သိလိုစိတ်နဲ့စပ်စုကြည့်မိတယ်။ "ဆရာကြီး အဲဒီအသီးအနှံတွေ ဘယ်က ဝယ်လာတာလဲ။" "၁၀ ရပ်ကွက်ဈေးက" ၁၀ ရပ်ကွက်ဈေးက ဘယ်မြို့နယ်လဲလို့ ထပ်မေးမလို့လုပ်တော့ဘေးကကျွန်တော့် ဇနီးက အဲဒါသာကေတ ၁၀ ရပ်ကွက်ဈေးကို ပြောတာလို့ စကားထောက်ပါတယ်။ "အဲဒီဈေးက အသီးအနှံတွေ သိပ်ပေါတယ်"။

> ✳ "ပေါက်ပင်ဘာကြောင့် ကိုင်းတယ်၊ ဗျိုင်းနားလို့ကိုင်းတယ်" ဆိုသလို ဒေါ်လာဈေးတက်လို့ စက်သုံးဆီဈေးတက်၊ စက်သုံးဆီဈေးတက်လို့ သယ်ယူပို့ဆောင်စရိတ်တက်၊ သယ်ယူပို့ဆောင်စရိတ်တက်လို့ ကုန်ပစ္စည်းဈေးတွေတက် စတဲ့မဆုံးနိုင်တဲ့ အဖြေရှာမရတဲ့ ဆက်တိုက်အကျိုးသက်ရောက်မှုတွေကို ပြည်သူတွေ ခံစားနေကြရပါတယ်။ ရှိပြီးသားကုန်တွေကို ဒေါ်လာဈေးတက်လို့ တက်လိုက်တာဟာ ကုန်သည်ပွဲစားရောင်းသူတွေအတွက် သည်းခြေကြိုက်ဖြစ်ပေမယ့် စားသုံးသူပြည်သူတွေအတွက် အထိနာလှပါတယ်။ အားလုံးဟာ အသိတရားနဲ့ အများပြည်သူတွေကို စာနာထောက်ထားပြီး ဖြစ်သင့်ဖြစ်ထိုက်တဲ့ ဈေးနှုန်းနဲ့ သမ္မာအာဇီဝရောင်းချကြဖို့ မေတ္တာရပ်ခံအပ်ပါတယ်

## တိုက်ရိုက်လာရောင်းလို့ အသီးအနှံတွေ လတ်လတ်ဆတ်ဆတ်ဝယ်ယူနိုင်

တစ်ဖက်စားပွဲဝိုင်းက အိမ်ရှင်မတစ်ယောက်က "အဲဒီအသီးအနှံတွေကို ရပ်ကွက်ဈေးထဲမှာ ပြန်ရောင်းတဲ့အခါ ဈေးသည်တွေက အစည်းတွေ၊ အသီးတွေ ထပ်ခွဲပြီး အမြတ်တင်ရောင်းကြတယ်" လို့ ပြောပြပါတယ်။ ၁၀ ရပ်ကွက်ဈေးဆိုတာ သီးနှံတွေ လက်လီလက်ကားရောင်းတဲ့ ဈေးတစ်ခုဖြစ်တယ်။ ရန်ကုန်မြို့ ပတ်ဝန်းကျင်က စိုက်ကြပျိုးကြတဲ့သူတွေ တိုက်ရိုက်လာရောင်းကြလို့ အသီးအနှံတွေကို လတ်လတ်ဆတ်ဆတ် ဈေးနှုန်းချိုချို ဝယ်ယူနိုင်ကြပါတယ်။ အဲဒီကနေတစ်ဆင့် ရပ်ကွက်အသီးသီးက ဈေးတွေကိုရောက်တဲ့အခါ တစ်ဆင့် ပြန်ရောင်းချတဲ့သူတွေက ထပ်အမြတ်တင်တော့ တွက်ခြေကိုက်ပေမယ့် စားသုံးသူတွေလက်ဝယ် ဈေးများလာပါတယ်။

မြန်မာနိုင်ငံမှာ ကုန်ဈေးနှုန်းတွေ တစ်နေ့တခြား မြင့်တက်လာတာနဲ့ ပတ်သက်လို့ လေ့လာကြည့်မယ်ဆိုရင် ပြောနေကျ ငွေဈေး၊ ရွှေဈေး၊ စက်သုံးဆီဈေးတွေနဲ့ တိုက်ရိုက်သက်ဆိုင်မှု ရှိ၊ မရှိ သုံးသပ်ကြည့်နိုင်ပါတယ်။ ကုန်စည်ဈေးနှုန်းမြင့်တက်လာတာဟာ နိုင်ငံခြားငွေ၊ စက်သုံးဆီနဲ့ သက်ဆိုင်မှုရှိပေမယ့်လည်း သူ့ချည်းပဲတော့ မဟုတ်ပါဘူး။ လူတွေရဲ့ လောဘကြောင့်လည်း ပါမယ်ဆိုရင် လက်တွေ့သိရှိချက်တွေအရ အငြင်းပွားစရာ ရှိမယ်မထင်ပါဘူး။ ပုံမှန်အားဖြင့် စက်သုံးဆီဈေးတက်လို့ဆိုတာလဲ အမြဲတက်နေတာမဟုတ်ပါဘူး။ တက်လိုက်ကျလိုက်ပါပဲ။ ကနေ့ရောင်းရေးဝယ်တာကိစ္စတွေမှာ ဖြစ်နေတာက "အများနည်းတူ ဈေးနှုန်းတက်သည်" ဆိုတဲ့ သီအိုရီ လက်ကိုင်ထားကြတာလို့ ပြောရမလို ဖြစ်နေပါတယ်။

## အခြေခံစားကုန်တွေ ဈေးတက်တာ အချိုးကျနေတာ တွေ့ရ

ကုန်စည်ဈေးနှုန်း တက်တာနဲ့ ပတ်သက်လို့ အဓိကကျတဲ့လက်သည်ကို ရှာကြည့်တဲ့အခါ နိုင်ငံခြားငွေဈေး မြင့်တက်တဲ့အပေါ်မှာ အားလုံးက စံနှုန်းယူကြတာ တွေ့ရပါတယ်။ နိုင်ငံခြားငွေဈေးက နေ့တိုင်းတက်နေသလို ကုန်ပစ္စည်းတွေကိုလည်း နေ့စဉ်ဈေးနှုန်းပြောင်းလဲရောင်းကြပါတယ်။ "မနက်ဖြန် ဒီဈေးနဲ့ မရတော့ဘူးနော်၊ မြန်မြန်ဝယ်ထား၊ စေတနာနဲ့ပြောတာ" ဆိုတဲ့ အခြေခံစားကုန်နဲ့ ဆေးမျိုးစုံရောင်းသူတွေရဲ့ နေ့တိုင်းပြောနေကျ လက်သုံးစကားဟာ စားသုံးသူတွေအဖို့ နေ့စဉ်နားဝမှာမသက်သာ စိတ်နှလုံးဆင်းရဲရပါတယ်။ နိုင်ငံခြားငွေကြေး ဈေးကွက်ဟာ အခြေခံစားကုန်တွေနဲ့ တိုက်ရိုက်အချိုးမကျပေမယ့် စက်သုံးဆီဈေးတက်တာနဲ့ အခြေခံစားကုန်တွေ ဈေးတက်တာ အချိုးကျနေတာ တွေ့ရပါတယ်။

ရန်ကုန်မြို့တွင်း YBS စီးနင်းလိုက်ပါလာတဲ့ လက်လုပ်လက်စားဖြစ်ဟန်တူတဲ့ အိမ်ရှင်မတစ်ဦးက သူ့ရဲ့အဖော်ကို "အရင်က ငွေငါးထောင်နဲ့ ဈေးသွားလို့ရသေးတယ်၊ အခု ငွေတစ်သောင်း ထည့်လာရင် ဘာဝယ်ရမှန်း မသိတော့တဲ့ ဒုက္ခကြုံနေရတယ်"ဆိုတဲ့ ညည်းတွားသံမျိုးတွေကို ကုန်သည်ပွဲစား၊ ဈေးရောင်းကြသူတွေက စာနာစိတ်ကလေးတွေ ထားကြည့်ကြမယ်ဆိုရင် ရောင်းသူတွေအနေနဲ့ "ငါတို့တွေ မရှုံးရင် ဈေးနှုန်းဖြည်းဖြည်း တက်ကြရအောင်"ကုန်သည်တွေအနေနဲ့ "ငါတို့အစောပိုင်းက ဝယ်လှောင်ထားတဲ့ကုန်တွေကို အရင်ဝယ်ဈေးနဲ့ပဲ ရောင်းလိုက်ကြစို့"၊ "သင့်တင့်လျောက်ပတ်တဲ့ အမြတ်အစွန်းရရင်တော်ပါပြီ" ဆိုတဲ့ စိတ်ကူးလေးတွေရှိမယ်ဆိုရင် ကုန်ဈေးနှုန်းဟာ ဖြည်းဖြည်းချင်း တက်လိုက် ကျလိုက်ဖြစ်မှာမို့ ပြည်သူတွေ အသက်ရှူချောင်မယ်လို့ ထင်မိပါတယ်။

မိုခါမုန်တိုင်း တိုက်ခတ်အပြီးမှာ ကုန်စည်ဈေးနှုန်းတွေ အတက်ဘက်ကို တရိပ်ရိပ် ရောက်လာတာဟာ အခုဆို အခြေခံလူတန်းစား အများစုမှီခိုအားထားနေရတဲ့ ဆန်၊ ဆီ၊ ငရုတ်၊ ကြက်သွန်၊ ဟင်းသီးဟင်းရွက် ဈေးနှုန်းတွေအထိ လိုက်တက်လာတာကို တွေ့ရပါတယ်။ ယခုနှစ်စက ဆန်ဈေးက ၂၄ ပြည်ပါ တစ်တင်းခွဲတစ်အိတ်ကို ဆန်ချောဆိုရင် ကျပ် ၇၅၀၀၀၊ ဆန်ကြမ်းဆိုရင် ကျပ် ၅၅၀၀၀ ရှိခဲ့ရာမှ သင်္ကြန်နောက်ပိုင်းမှာ ပေါ်ဆန်းမွှေးဆိုရင် အရည်အသွေးအလိုက် ရှစ်သောင်းကျော်ကနေ တစ်သိန်းကျော်ကြား၊ မဂျမ်းတော ရှစ်သောင်းကျော်နဲ့ ဆင်းသွယ် ခုနစ်သောင်းဝန်းကျင်၊ အနိမ့်ဆုံး ဧယာဆိုရင် ခြောက်သောင်းနီးပါး ဈေးတက်လာခဲ့ပါတယ်။ အခုဆိုရင် အခြေခံလူတန်းစားတွေ စားသုံးတဲ့ အနိမ့်ဆုံး၊ အညံ့ဆုံးဆန်တစ်ပြည်ကို သုံးထောင်ကျော်၊ ဆန်ကောင်းတစ်ပြည်ကို လေးထောင်ကျော်ဖြစ်နေတော့ ရတဲ့ဝင်ငွေဟာ အခြေခံစားကုန် အနိမ့်ဆုံးအဆင့်ကို မကျော်နိုင်တော့တဲ့ အခြေအနေဖြစ်နေပါတယ်။

ဒါ့အပြင် ဟင်းသီးဟင်းရွက်နဲ့ အခြားစားသောက်ကုန်တွေလည်း နှစ်စကနဲ့ မတူ ခြောက်လအတွင်း သိသိသာသာ ဈေးတက်လာပါတယ်။ ခြောက်လအတွင်း ဂေါ်ဖီတစ်စိတ်ကို တစ်ထောင်ကျပ်၊ ကန်စွန်း၊ ချဉ်ပေါင်ရွက် တစ်စည်း နှစ်ရာ သုံးရာကျပ်၊ ကြက်ဥတစ်လုံး တစ်ရာကျော်ကနေ သုံးရာ့ငါးဆယ်ကျပ်၊ ငရုတ်သီးစိမ်းဆိုရင် အနည်းဆုံး ကျပ် ၂၀၀ ဖိုး ဝယ်လို့မရတော့ဘဲ ကျပ် ၆၀၀၊ သားငါးတွေဆိုရင်လည်း တစ်ဆယ်သားကို ငါးရာကနေ တစ်ထောင်ကျော် ဈေးတက်လာတယ်လို့ အိမ်ရှင်မတွေက ပြောကြပါတယ်။ ဒါတောင်အခု ဒီဈေးနဲ့မရတော့ပါဘူး။ အခြေခံကုန်စည်ဈေးနှုန်းတွေ တက်လာတာဟာ အခြေခံပြည်သူတွေအတွက် အခက်တွေ့စေပါတယ်။ ဈေးနှုန်းတွေ တက်လာတာဟာ တိုက်ရိုက်အကျိုးသက်ရောက်မှုကြောင့် ဖြစ်သင့်ဖြစ်ထိုက်တဲ့ ဈေးနှုန်းတက်လိုက်ရတာကို မပြောလိုသော်လည်း အမြတ်အစွန်းရလိုရေး တစ်ခုတည်းကြည့်ပြီး အများတက်လို့ ဈေးတက်ကြတာကတော့ မဖြစ်သင့်ပါဘူး။

ဥပမာအားဖြင့် အစီအရီထောင်ထားတဲ့ (ဖဲ)ကတ်တုံးလေးတွေရဲ့ ထိပ်ဆုံးကတ်တုံးလေးကို တွန်းလှဲလိုက်တာနဲ့ အားလုံး ဆက်တိုက်လဲကျသွားတဲ့ အဆင့်ကဲဖြစ်စဉ် Jenga ဂိမ်းကစားနည်းတစ်မျိုးလို ဦးဆုံးဖြစ်ရပ်ကြောင့် နောက်ဆက်တွဲ အကျိုးသက်ရောက်မှု မီးခိုးကြွက်လျှောက်ဖြစ်ရတဲ့ စီးပွားရေးသီအိုရီကို ပြည်သူအားလုံး ကြုံတွေ့နေကြရပါတယ်။ ဒေါ်လာဈေး၊ ရွှေဈေးတက်ပြီဆိုတာနဲ့ နောက်တစ်နေ့မဆိုင်း နေ့ကူးတောင် မစောင့်နိုင်ဘဲ ကုန်ပစ္စည်းဈေးနှုန်းတွေ အသီးသီးလိုက်တက်လာပါတယ်။ ဒေါ်လာပေါက်ဈေးပေါ် မူတည်ပြီး လက်ဝယ်ရှိ ကုန်ပစ္စည်းတွေကို ဈေးနှုန်းတင်လိုက်မယ်ဆိုရင် ကိုယ့်အတွက်တော့ အကျိုးအမြတ်များပေမယ့် စားသုံးသူပြည်သူတွေ ဘယ်လောက်အထိ အခက်အခဲဖြစ်မယ်ဆိုတာ ကိုယ်ချင်းစာကြည့်စေချင်ပါတယ်။

## အဖြေရှာမရတဲ့ အကျိုးသက်ရောက်မှုတွေ ပြည်သူတွေခံစားနေ

"ပေါက်ပင်ဘာကြောင့် ကိုင်းတယ်၊ ဗျိုင်းနားလို့ကိုင်းတယ်" ဆိုသလို ဒေါ်လာဈေးတက်လို့ စက်သုံးဆီဈေးတက်၊ စက်သုံးဆီဈေးတက်လို့ သယ်ယူပို့ဆောင်စရိတ်တက်၊ သယ်ယူပို့ဆောင်စရိတ်တက်လို့ ကုန်ပစ္စည်းဈေးတွေတက် စတဲ့ မဆုံးနိုင်တဲ့၊ အဖြေရှာမရတဲ့ ဆက်တိုက်အကျိုးသက်ရောက်မှုတွေကို ပြည်သူတွေ ခံစားနေကြရပါတယ်။ ရှိပြီးသားကုန်တွေကို ဒေါ်လာဈေးတက်လို့ တက်လိုက်တာဟာ ကုန်သည်ပွဲစားရောင်းသူတွေအတွက် သည်းခြေကြိုက်ဖြစ်ပေမယ့် စားသုံးသူပြည်သူတွေအတွက် အထိနာလှပါတယ်။ အားလုံးဟာ အသိတရားနဲ့ အများပြည်သူတွေကို စာနာထောက်ထားပြီး ဖြစ်သင့်ဖြစ်ထိုက်တဲ့ဈေးနှုန်းနဲ့ သမ္မာအာဇီဝရောင်းချကြဖို့ မေတ္တာရပ်ခံအပ်ပါတယ်။

ဘောဂဗေဒ သဘောတရားအရ ငွေကြေးဖောင်းပွတာဟာ အချိန်ကာလတစ်ခုအတွင်း ကုန်စည်နဲ့ ဝန်ဆောင်မှုတို့ရဲ့ ယေဘုယျဈေးနှုန်း မြင့်တက်လာခြင်းလို့ဆိုပါတယ်။ ယေဘုယျဈေးနှုန်းမြင့်တက်လာတဲ့အခါမှာ ငွေကြေးပမာဏတစ်ခုဟာ ပိုလို့နည်းတဲ့ ကုန်ပစ္စည်းနဲ့ ဝန်ဆောင်မှုကို ဝယ်နိုင်ပါတော့တယ်။ ကုန်ဈေးနှုန်းတက်လို့ ငွေရဲ့ဝယ်အားလျော့ပါးသွားတဲ့အခါ ငွေတန်ဖိုးကျလာပါတယ်။ *စာမျက်နှာ ၁၁ သို့*

> ✳ စီးပွားရေးလုပ်ငန်းတွေကို ဆောင်ရွက်ရာမှာ ကိုယ်ကျိုးသက်သက်ကိုသာ ဦးစားပေးတဲ့ ဝိသမလောဘသားတွေရှိသလို နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုတဲ့၊ အများပြည်သူအကျိုးစီးပွားကို အလေးထားတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေလည်း ရှိပါတယ်။ ဝိသမလောဘသားတွေကို အရေးယူဖို့၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပေးတဲ့ လုပ်ငန်းရှင်တွေကို အားပေးချီးမြှင့်မှုတွေ လုပ်ဆောင်ပေးဖို့ နိုင်ငံတော် အကြီးအကဲက အသိပေးထားပါတယ်။ မြန်မာနိုင်ငံဟာ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးနေတာ ဖြစ်ပါတယ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဩဇ္ဈခံကျွေးမွေးရေး၊ ကြိုဆိုနေရာချထားရေးနှင့် ဂုဏ်ပြုညစာစားပွဲကျင်းပရေး ဆပ်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်



နေပြည်တော် ဩဂုတ် ၂၉

(၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီအဖွဲ့ဝင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာန နီလာခန်းမ၌ ကျင်းပသော (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဧည့်ခံကျွေးမွေးရေး၊ ကြိုဆိုနေရာချထားရေးနှင့် ဂုဏ်ပြုညစာစားပွဲကျင်းပရေး ဆပ်ကော်မတီ ပထမအကြိမ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ဆပ်ကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ၁၉၉၃ ခုနှစ်မှစတင်၍ ၂၀၁၆ ခုနှစ်အထိ ကျင်းပခဲ့ပြီး ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ် အထိ အကြောင်းအမျိုးမျိုးကြောင့် ကျင်းပနိုင်ခဲ့ခြင်းမရှိဘဲ ၂၀၂၂ ခုနှစ်မှစတင်၍ စည်ကားသိုက်မြိုက်စွာ ပြန်လည်ကျင်းပနိုင်ခဲ့ကြောင်း၊ ယခုနှစ် (၂၄) ကြိမ်မြောက်တွင် ပိုမိုကောင်းမွန်အောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဧည့်ခံကျွေးမွေးရေးအနေဖြင့် အစားအသောက်များ လုံလောက်မှုရှိစေရေး၊ သန့်ရှင်းလတ်ဆတ်ပြီး ဘေးအန္တရာယ်ကင်းစွာ ကျွေးမွေးနိုင်ရေး၊ ကျန်းမာရေးနှင့် လုံခြုံရေးများကိုပါ ထည့်သွင်းစဉ်းစားလုပ်ဆောင်ကြရမည် ဖြစ်ကြောင်း၊ ဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးပြီး လုပ်ငန်းကော်မတီနှင့် ဦးစီးကော်မတီတို့ထံ တင်ပြဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဧည့်ခံကျွေးမွေးရေး၊ ကြိုဆိုနေရာချထားရေးနှင့် ဂုဏ်ပြုညစာစားပွဲကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်က ဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များ၊ အကောင်အထည်ဖော်ဆောင်ရွက်မည့်ကိစ္စရပ်များနှင့် ဧည့်ခံကျွေးမွေးရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေး၍ တက်ရောက်လာသည့် ဆပ်ကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက်ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

## လပွတ္တာမြို့နယ်၌ အခွန်ဆိုင်ရာဥပဒေရှင်းလင်း

လပွတ္တာ ဩဂုတ် ၂၉

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်၌ အခွန်ဆိုင်ရာဥပဒေရှင်းလင်းပွဲကို ဩဂုတ် ၂၆ ရက်က ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးရဲခေါင်ထွန်းက မြို့နယ်အတွင်းရှိ ရွှေဆိုင်များ၊ စားသောက်ဆိုင်များ၊ မိုဘိုင်းဖုန်းဆိုင်များ၊ ဟိုတယ်/ တည်းခိုခန်းများနှင့် ယင်းလုပ်ငန်းလေးမျိုးနှင့် သက်ဆိုင်သည့် လုပ်ငန်းရှင်များအား အခွန်ဆိုင်ရာဥပဒေအကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းရာ မြို့နယ်အခွန်ဦးစီးမှူးက ပြန်လည်ဆွေးနွေးကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၂၉

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“PDF အမည်ခံ အကြမ်းဖက်သမားများရဲ့ လူသတ်၊ ဓားပြတိုက်ရာမှ ကိုယ်ဝန်ဆောင်မိခင်ကိုပါ သတ်ဖြတ်မိပြီး လက်လွန်ကာမှ ဖုံးမရတဲ့ ဖြစ်ရပ်”** ခေါင်းစဉ်ဖြင့် ဩဂုတ် ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“မန္တလေး-ရန်ကုန် ခရီးစဉ်ပြေးဆွဲနေသော မြန်မာ့မီးရထား ကုန်တင်ရထားကို အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲ တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

ငွေတန်ဖိုးဟာ ကျစ်လျစ်သိပ်သည်းစွာ တန်ဖိုးမရှိတော့ဘဲ သူ့ချည်းသာ ဖောင်းပွလျက် တန်ဖိုး၌ကား နည်းပါးနေတဲ့ သဘောကို ငွေကြေးဖောင်းပွတယ်လို့ ဆိုပါတယ်။ ကမ္ဘာပေါ်ရှိ နိုင်ငံများစွာဟာ သယ်ယူပို့ဆောင်စရိတ် တက်တာ၊ လုပ်ခနှုန်းတက်တာ၊ ကုန်ပစ္စည်းအထွက် ဆုတ်ယုတ်တာတွေကြောင့် ငွေကြေးဖောင်းပွမှုဖြစ်ကြပြီး ယင်းကို နည်းအမျိုးမျိုးနဲ့ ဖြေရှင်းနေကြရပါတယ်။ ကုန်စျေးနှုန်းတွေ မြင့်တက်စေဖို့ အချို့ ဝိသမလောဘသားတွေ စျေးကစားနေမှုတွေရှိကြောင်း၊ လုပ်ထုံးလုပ်နည်းတွေနဲ့အညီ တာဝန်ရှိသူတွေအနေနဲ့ ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီးပွားရေးကော်မတီ အစည်းအဝေး အမှတ်စဉ် (၇/၂၀၂၃)မှာ နိုင်ငံတော်အကြီးအကဲက အသိပေးပြောကြားခဲ့ပါတယ်။ ငွေကြေးစျေးကွက်ကို အဓိကကစားနေကြသူတွေဟာ ပြည်တွင်းကျပ်ငွေ၊ နိုင်ငံခြားငွေနဲ့ ရွှေကိုင်ထားကြသူတွေက စျေးကစားနေကြတာဖြစ်ပါတယ်။ နိုင်ငံခြားငွေကိုင်ထားသူတွေက ၎င်းတို့နိုင်ငံခြားငွေတန်ဖိုးတက်ဖို့၊ မြန်မာကျပ်ငွေ ကိုင်ထားသူတွေက ရွှေဝယ်ပြီး ရွှေစျေးတက်အောင် ဆောင်ရွက်နေတာတွေ့ရပါတယ်။ အလားတူ မော်တော်ယာဉ်စျေးနှုန်းတွေ ဆိုရင်လည်း ထိုက်သင့်တဲ့ စျေးနှုန်းထက် အဆမတန် များပြားနေတာ တွေ့ရပါတယ်။

ငွေကိုင်ထားသူတွေအနေနဲ့ တိုင်းပြည်နဲ့ ပြည်သူလူထုကို တိုက်ရိုက်အကျိုးပြုမယ့် စိုက်ပျိုးမွေးမြူရေးနဲ့ ကုန်ထုတ်လုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံတာထက် ငွေရလွယ်ပြီး အမြတ်များများရနိုင်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေမှာ လုပ်ကိုင်နေကြတာတွေ့ရပါတယ်။ တရားမဝင်ငွေလွှဲလုပ်ငန်း(ဟွန်ဒီ)တွေနဲ့ ကုန်သွယ်မှုလုပ်ငန်းတွေ၊ ဝန်ဆောင်မှုလုပ်ငန်းတွေ ဆောင်ရွက်နေတာတွေကို အိမ်နီးချင်းနိုင်ငံအချို့မှာ စုံစမ်းဖော်ထုတ်အရေးယူနေတယ်လို့ကြားသိရပါတယ်။ ကုန်သွယ်မှုနဲ့ပတ်သက်လို့ ငွေရေးကြေးရေးဆောင်ရွက်ရာမှာ ဘဏ်တွေနဲ့ ချိတ်ဆက်ဆောင်ရွက်ဖို့လိုပါတယ်။ တရားမဝင် ငွေလွှဲလုပ်ငန်းတွေ ဆောင်ရွက်နေတာကြောင့် နိုင်ငံ့စီးပွားရေးကို ထိခိုက်နစ်နာစေတာဖြစ်ပြီး ဖော်ထုတ်အရေးယူဖို့ လိုပါတယ်။

စီးပွားရေးလုပ်ငန်းတွေကိုဆောင်ရွက်ရာမှာ ကိုယ်ကျိုးသက်သက်ကိုသာ ဦးစားပေးတဲ့ ဝိသမလောဘသားတွေရှိသလို နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုတဲ့၊ အများပြည်သူအကျိုးစီးပွားကို အလေးထားတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေလည်း ရှိပါတယ်။ ဝိသမလောဘသားတွေကို အရေးယူဖို့၊ နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပေးတဲ့ လုပ်ငန်းရှင်တွေကို အားပေးချီးမြှင့်မှုတွေလုပ်ဆောင်ပေးဖို့ နိုင်ငံတော်အကြီးအကဲက အသိပေးထားပါတယ်။ မြန်မာနိုင်ငံဟာ စျေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးနေတာဖြစ်ပါတယ်။ စျေးကွက်စီးပွားရေးစနစ်မှာ အစိုးရအနေနဲ့ ဝင်ရောက်ကိုင်တွယ်တာ လျှော့နိုင်သမျှ လျှော့ရမှာဖြစ်ပေမယ့် လက်ရှိဖြစ်ပေါ်နေတဲ့ စီးပွားရေးအရ တိုက်ခိုက်မှု၊ ပိတ်ဆို့မှုနဲ့ နိုင်ငံ့စီးပွားရေးပျက်ယွင်းအောင် လုပ်ဆောင်နေမှုတွေကြောင့် ဝင်ရောက်ထိန်းညှိဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။

စီးပွားရေးလုပ်တယ်ဆိုတာ အမြတ်ရလိုလို့ လုပ်ကြတာဖြစ်ပါတယ်။ ဒါပေမယ့် ရသင့်ရထိုက်တဲ့ အမြတ်ဖြစ်ဖို့လိုပါတယ်။ လက်လီရောင်းချသူတွေအနေနဲ့ ပင်ရင်းစျေး ၁၀၀ တန်ဖိုးရှိတဲ့ ပစ္စည်းတစ်ခုကို အမြတ် ၁၀ ရာခိုင်နှုန်း ထားမှာလား၊ ၂၀ ရာခိုင်နှုန်း ထားမှာလား၊ ၂၅ ရာခိုင်နှုန်း ထားမှာလား စတဲ့အားလုံးတစ်ပြေးညီဖြစ်စေမယ့်တိကျတဲ့သတ်မှတ်စံနှုန်းတစ်ခု ဖြစ်ဖို့လိုပါတယ်။ ၁၀၀ တန်ဖိုးရှိတဲ့ပစ္စည်းတစ်ခုကို ၂၀၀၊ ၃၀၀ နဲ့ ရောင်းချင်ရင်တော့ နှစ်ဆ၊ သုံးဆ အမြတ်လိုချင်တဲ့ မတော်လောဘလို့ သတ်မှတ်ရမှာဖြစ်ပြီး ကိုယ်ကျိုးစီးပွားအတွက် အများပြည်သူကို ထိခိုက်နစ်နာအောင် လုပ်တယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။

ပြည်ပ သွင်းကုန်ပစ္စည်းတွေအနေနဲ့ ကမ္ဘာ့စျေးနှုန်းပေါ်မှာမူတည်ပြီး အပြောင်းအလဲဖြစ်နေမှာ ဖြစ်ပါတယ်။ ကမ္ဘာ့စျေးနှုန်းတက်တဲ့အခါ တက်စျေး၊ စျေးနှုန်းကျတဲ့အခါ ကျစျေးဖြစ်ရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် တစ်ခါတစ်ရံမှာ စက်သုံးဆီစျေးဖြစ်စေ၊ စားသုံးဆီစျေး ဖြစ်စေ၊ ရွှေစျေးဖြစ်စေ ကမ္ဘာ့စျေးနှုန်း ကျဆင်းပေမယ့်လည်း မြန်မာနိုင်ငံမှာ မကျဘဲ အရင်စျေးအတိုင်း ရောင်းချနေတာကို တွေ့ရပါတယ်။ လက်ရှိအခြေအနေမှာ အပြောင်းအလဲ ဘယ်လိုပင်ဖြစ်နေသော်လည်း တက်စျေးနဲ့ လက်ဝယ်ရှိရင် တက်စျေးနဲ့ပဲ ရောင်းသင့်ပါတယ်။ ကျစျေးဖြစ်ရင် ကျစျေးနဲ့ပဲ ရောင်းသင့်ပါတယ်။ စားသုံးသူပြည်သူတွေဟာ လက်ခုပ်ထဲကရေပါပဲ။ ဘာမျှဆင်ခြေပေးရန်မရှိ၊ ပေါက်တဲ့စျေး၊ ပြောတဲ့စျေးအတိုင်း ဝယ်နေရပါတယ်။

မြန်မာနိုင်ငံမှာ ကုန်စျေးနှုန်းတက်တာဟာ အစဉ်အလာလိုဖြစ်နေပေမယ့်လည်း အဆမတန်၊ နေ့စဉ်စျေးနှုန်း တက်နေမယ်ဆိုရင် ပြည်သူတွေနေမြင့်လေ အရှူးရင့်လေ သဘောမျိုးဖြစ်မှာမို့လို ကိုယ်ချင်းစာနာသောအားဖြင့် အသိတရားနဲ့ စေတနာထား ဆောင်ရွက်ဖို့လိုပါတယ်။ မလျှုတတ်ရင် စျေးရောင်းဆိုသလို စျေးရောင်းရင်းနဲ့ အလှူတစ်ခုပြုနိုင်အောင် အားထုတ်သင့်ပါတယ်။ ကုန်စျေးနှုန်းတက်တာဟာ ဓာတ်မြေဩဇာလို ပြည်ပသွင်းကုန် သွင်းအားစုပစ္စည်းတွေ စျေးနှုန်းမြင့်မားလာတာ၊ သယ်ယူပို့ဆောင်စရိတ်တွေ မြင့်မားလာတာတွေကြောင့် အတက်ဘက်ကို ရောက်လာတာဟာဖြစ်သင့်ပေမယ့်လည်း ထူးခြားမှု အကြောင်းကိစ္စတစ်ခုကို ခေါင်းစဉ်တပ်ပြီး ကုန်ပစ္စည်းစျေးနှုန်းကို ဆွဲတင်တာ၊ ကုန်ပစ္စည်းအရောင်းကို ရုတ်တရက် ရပ်ပစ်တာ၊ ဝယ်လိုအားများအောင် ဖန်တီးတာ၊ ကုန်ပစ္စည်းတွေကို လိုတာထက် ပိုသိုလှောင်ထားတာတွေဟာ စီးပွားရေးအရ အမြတ်ထုတ်မှု၊ နိုင်ငံ အကျပ်အတည်းဖြစ်အောင် ပြုလုပ်မှု ဖြစ်ပါတယ်။

ကုန်စျေးနှုန်းတက်အောင်လုပ်တာ၊ တရားမဝင်ငွေကြေးကစားတာတွေဟာ အများပြည်သူတို့ အကျပ်အတည်းများ ဖြစ်စေနိုင်တာကြောင့် အစိုးရအနေနဲ့ လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး။ စီးပွားရေးလုပ်တဲ့နေရာမှာ လူလူချင်းစာနာစိတ်မွေးပြီး စီးပွားလည်းဖြစ် ကုသိုလ်လည်းဖြစ်အောင် မလုပ်ကိုင်ကြသရွေ့ မြန်မာပြည်ကြီး သာယာဝပြောမှုတွေနဲ့ အလှမ်းဝေးပြီး ဆင်းရဲတွင်း သံသရာနက်နေဦးမှာ ဖြစ်ပါတယ်။ အများပြည်သူလူထု အထူးသဖြင့် အခြေခံလူတန်းစားများ အကျိုးစီးပွားအတွက် အတ္တများကို လျှော့ပေးကြပါလို့သာ မေတ္တာရပ်ခံလိုက်ပါတယ်။ ။

# တီဘီရောဂါသည် ဆေးပုံမှန်သောက်ပါက ပျောက်ကင်းနိုင်သည့် ရောဂါဖြစ်သည့်အတွက် တီဘီရောဂါဖြစ်ပွားသူများ တစ်ယောက်မှ မကျန်ရှိစေရေး ရောဂါစမ်းသပ်စစ်ဆေးမှုများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၉**

အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း၏ နှစ်ပတ်လည်လုပ်ငန်း ဆန်းစစ်ဆွေးနွေးပွဲ (၂၀၂၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ကျန်းမာရေးဦးစီးဌာန၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာန အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀)နှင့် အကျဉ်းဦးစီးဌာနတို့မှ ဖိတ်ကြားထားသူများ၊ တီဘီရောဂါ တိုက်ဖျက်ရေးဌာနတာဝန်ခံများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) မှ တာဝန်ရှိသူများ၊ မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တီဘီရောဂါသည် မြန်မာနိုင်ငံ၏ ဦးစားပေးဖြေရှင်းရမည့် ပြည်သူ့ကျန်းမာရေးပြဿနာဖြစ်ကြောင်း၊ တီဘီရောဂါတိုက်ဖျက်ရေး လုပ်ငန်းများအတွက် တီဘီဆေးနှင့် ဆေးပစ္စည်းများ ဝယ်ယူရန် နိုင်ငံတော်အစိုးရက ၂၀၂၂-၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ငါးသန်းနှင့် ၂၀၂၃-၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ သန်း ခွဲဝေချထားကြောင်း။

ပြည်သူ့ကျန်းမာရေး ဦးစီးဌာနသည် ပြည်တွင်း၊ ပြည်ပ မိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသား မဟာဗျူဟာစီမံကိန်း (National Strategic Plan) ၂၀၂၁-၂၀၂၅ နှင့်အညီ ဆောင်ရွက်လျက်ရှိပြီး ပန်းတိုင်ပြည့်မီအောင် ကြိုးစားဆောင်ရွက်လျက် ရှိကြောင်း၊ မြန်မာနိုင်ငံတွင် (၂၀၂၂) ခုနှစ် နှစ်ချုပ်အစီရင်ခံစာများအရ တီဘီဆေးကုသမှု အောင်မြင်နှုန်း ၈၇ ရာခိုင်နှုန်း၊ တီဘီ/အိပ်ချ်အိုင်ဗွီ ဒွန်တွဲလူနာများ၏ တီဘီဆေးကုသမှုအောင်မြင်နှုန်း ၇၅ ရာခိုင်နှုန်း ရရှိခဲ့ကြောင်း၊ ဆေးယဉ်ပါး တီဘီ ဆေးကုသမှု အောင်မြင်နှုန်း ၇၆ ရာခိုင်နှုန်းနှင့် တီဘီရောဂါသည် ဆေးပုံမှန်သောက်ပါက ပျောက်ကင်းနိုင်သည့် ရောဂါဖြစ်သည့်အတွက် တီဘီရောဂါဖြစ်ပွားသူများတစ်ယောက်မှ မကျန်ရှိစေရေး ရောဂါစမ်းသပ်စစ်ဆေးမှုများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်၍ များများရှာ၊ မြန်မြန်ကုပြီး ရောဂါကူးဆက်ပြန့်ပွားမှု ကွင်းဆက်ကို ဖြတ်တောက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။



**အကြံပြုဆွေးနွေး**

ထို့နောက် ညွှန်ကြားရေးမှူး ဒေါက်တာမျိုးစုကြည်က တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ လည်းကောင်း၊ ပိုးမွှားဗေဒ အထူးကုဆရာဝန်ကြီး ဒေါက်တာ ဝင့်ဝင့်ညွှန့်က တီဘီရောဂါရှာဖွေခြင်းဆိုင်ရာ ဓာတ်ခွဲလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင် ဦးစီးပြီး ဌာနဆိုင်ရာများပါဝင်သည့်အဖွဲ့ ပျဉ်းမနားမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆက်လက်ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၉**

နယ်မြေတည်ငြိမ် အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ရန် ဂမုန်းတောင်ကျေးရွာ၌ ရောက်ရှိနေသည့် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနောင် ဦးစီးပြီး ဌာနဆိုင်ရာများ ပါဝင်သော ပူးပေါင်းအဖွဲ့က မဲပေါက်ကျေးရွာအုပ်စုအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှဆရာတော်သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ပျဉ်းမနားမြို့နယ် မဲပေါက်ကျေးရွာအုပ်စု ဂမုန်းတောင်ကျေးရွာရှိ ဂမုန်းတောင်ရွာဦးကျောင်း၌ ကျင်းပသည်။



ဦးစွာ မဲပေါက်အုပ်စု သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ ဂမုန်းတောင်ရွာဦးကျောင်း ဆရာတော် ဘဒ္ဒန္တကုမာရထံမှ ညှော့ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် နေပြည်တော် ကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်မှူးကြီးမင်းနောင်နှင့် ဦးကျော်သိန်းဆိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် ဘဒ္ဒန္တကုမာရထံမှ အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင် ဦးဆောင်၍ ဌာနဆိုင်ရာများပါဝင်သည့် ပူးပေါင်းအဖွဲ့သည် မဲပေါက်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ဒေသခံဌာနဆိုင်ရာဝန်ထမ်းများကို ဂမုန်းတောင်ရွာဦးကျောင်း၌ တွေ့ဆုံပြီး ဗိုလ်မှူးကြီး မင်းနောင်က ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့် မိမိတို့ကျေးရွာအတွင်း ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များကို ဆွေးနွေးတင်ပြကြစေလိုကြောင်း၊ ထိုသို့ဆွေးနွေးတင်ပြမှသာ မိမိတို့ဘက်မှ ဆောင်ရွက်ပေးနိုင်မည့် ကိစ္စရပ်များကို ယခုနှစ်ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယခုဆောင်ရွက်မပေးနိုင်သည့် ကိစ္စရပ်များကို လာမည့်ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်း၍ ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ပေးနိုင်ရန်အတွက် လည်း အစိုးရ၊ တပ်မတော်နှင့် ပြည်သူများ တစ်သားတည်းရှိရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ နေပြည်တော် ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက မဲပေါက်ကျေးရွာအုပ်စုအတွင်းရှိ မဲပေါက်၊ ဂမုန်းတောင်၊ ပင်ရဲ၊ မြေမြို့နှင့် ရစ်ထွေကျေးရွာများမှ အိမ်ထောင်စု ၄၀၃ စု၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန် ပစ္စည်းများ၊ ကျောင်းသုံး စာရေးကိရိယာများ၊ ဆေးစိမ်ခြင်ထောင်များ၊ တိရစ္ဆာန်ကုသရေး ဆေးဝါးပစ္စည်းများနှင့် ကလေးကစားစရာတို့ကိုထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများနှင့် အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများက လက်ခံရယူကြသည်။

ထို့နောက် နေပြည်တော် ကောင်စီဝင် ဦးကျော်သိန်းဆိုင်နှင့် တာဝန်ရှိသူတစ်ဦးက ဂမုန်းတောင်ကျေးရွာရှိ ကျေးရွာသူကျေးရွာသားများနှင့် ကျောင်းသားကျောင်းသူများအား ပန်းခင်းစီမံချက် (၂) ဖြင့် ဆောင်ရွက်ပေးခဲ့သည့် အိမ်ထောင်စုလူဦးရေစာရင်း ၃၈ ခုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၅၀ တို့ကို ပေးအပ်ရာ ဂမုန်းတောင်ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူတစ်ဦးက လက်ခံရယူကြသည်။

ယင်းနောက် နေပြည်တော် ကောင်စီဝင်ဗိုလ်မှူးကြီးမင်းနောင်သည် ပျဉ်းမနားမြို့နယ် မဲပေါက် ပညာရေးအုပ်စုရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ဂမုန်းတောင် ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများမှ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများကို လည်းကောင်း၊ ဂမုန်းတောင်နှင့် မြေမြို့ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ငွေများ၊ ဖုန်းငွေဖြည့်ကတ်များနှင့် စားသုံးကုန်ပစ္စည်းများကိုလည်းကောင်း၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများအတွက် ဖုန်းငွေဖြည့်ကတ်များကို လည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ ဂမုန်းတောင်ကျေးရွာ အုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို တင်ပြကြရာ နေပြည်တော်ကောင်စီဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေး ပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး၍ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်သည် နေပြည်တော်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများနှင့်အတူ ပျဉ်းမနားမြို့နယ် တောင်ပေါ်ဒေသကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများအား ဂမုန်းတောင် အခြေခံပညာအထက်တန်းကျောင်း (ခွဲ) ၌ တွေ့ဆုံ၍ အမှာစကားပြောကြားပြီး အခြေခံပညာကျောင်းများမှ ကျောင်းသူကျောင်းသားများအတွက် ဗလာစာအုပ်နှင့် ခဲတံတို့ကိုလည်းကောင်း၊ ဆရာ ဆရာမများအတွက် ဖုန်းငွေဖြည့်ကတ်များကို လည်းကောင်း ထောက်ပံ့ပေးအပ်သည်။

ထို့နောက် နေပြည်တော် ဒုတိယ တိုင်းရဲတပ်ဖွဲ့မှူး၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက မဲပေါက်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများနှင့် ရပ်မိ ရပ်ဖများကို ဂမုန်းတောင်ကျေးရွာရှိ ဂမုန်းတောင် ရွာဦးကျောင်း၌ တွေ့ဆုံ၍ နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၉) ရပ်ကို ရှင်းလင်းပြောကြားပြီး ဒေသတည်ငြိမ်အေးချမ်းရေးအတွက် အဖျက်သမားများ ရန်မှ စုပေါင်းကာကွယ်ရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် ဆွေးနွေးပြောကြားသည်။

ညနေပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဂမုန်းတောင်ကျေးလက် ကျန်းမာရေးဌာန၌ သံဃာတော်များ၊ သီလရှင်များနှင့် ကျေးလက်နေ ပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထိုးနှံပေးသည်။

နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင် ဦးဆောင်၍ ဌာနဆိုင်ရာများ ပါဝင်သည့် ပူးပေါင်းအဖွဲ့က မဲပေါက်ကျေးရွာအုပ်စုအတွင်းရှိ ဘုန်းတော်ကြီးကျောင်း ရှစ်ကျောင်းအတွက် လှူဒါန်းသည့် နဝကမ္မအလှူငွေ အပါအဝင် ဝါဆိုသင်္ကန်းနှင့် ဆန်၊ ဆီ လှူဖွယ်ပစ္စည်းများ၊ အိမ်ထောင်စု ၄၀၃ စု၊ အခြေခံပညာကျောင်းများ၊ ဒေသခံဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ပေးအပ်သည့် ထောက်ပံ့ငွေများ အပါအဝင် လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ကျောင်းသုံးစာရေးကိရိယာများ၊ ဆေးစိမ်ခြင်ထောင်များ၊ တိရစ္ဆာန်ကုသရေးဆေးဝါးပစ္စည်းများနှင့် ကလေးကစားစရာများ၊ ဖုန်းငွေဖြည့်ကတ်များနှင့် မျိုးစေ့ထုပ်များ၏ စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၁၈၁၇၆၄၀၀ ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ထိပ်သီးအစည်းအဝေးပွဲများ တက်ရောက်ရန် အင်ဒိုနီးရှားနှင့် အိန္ဒိယနိုင်ငံတို့သို့ ဂျပန်ဝန်ကြီးချုပ် ကီရှီဒါသွားရောက်မည်




**တိုကျို ဩဂုတ် ၂၉**
ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါသည် နိုင်ငံတကာ ထိပ်သီးအစည်းအဝေးများ တက်ရောက်ရန် လာမည့်လတွင် အင်ဒိုနီးရှားနှင့် အိန္ဒိယနိုင်ငံတို့သို့ သွားရောက်မည်ဖြစ်ကြောင်း နိုင်ငံတကာသတင်း တစ်ရပ်တွင် ဖော်ပြထားသည်။

အင်္ဂါနေ့တွင် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ အကြီးတန်းအရာရှိများနှင့် ပြုလုပ်သည့် အစည်းအဝေးတစ်ခု၌ ဝန်ကြီးချုပ် ကီရှီဒါက စက်တင်ဘာ ၅ ရက်မှ ၁၁ ရက်အထိ အဆိုပါခရီးစဉ်ကို သွားရောက်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

ကီရှီဒါသည် အင်ဒိုနီးရှားနိုင်ငံ၌ ပြုလုပ်မည့် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ထိပ်သီးအစည်းအဝေးနှင့် အခြားသော အစည်းအဝေးများကို တက်ရောက်သွားမည်ဖြစ်သည်။ ထို့အပြင် ၎င်းက ယခုနှစ်သည် ဂျပန်နိုင်ငံနှင့် အာဆီယံနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှစ် ၅၀ ပြည့်မြောက်သည့်နှစ်ဖြစ်ကြောင်း မှတ်ချက်ပြု ပြောကြားသည်။

ကီရှီဒါသည် အိန္ဒိယနိုင်ငံ၌ ပြုလုပ်မည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးကိုလည်း တက်ရောက်သွားမည်ဖြစ်သည်။ မေလက ဟီရိုရှီးမားမြို့၌ ပြုလုပ်ခဲ့သည့် ဂျီ-၇ ထိပ်သီးအစည်းအဝေး၏ ဖြစ်ထွန်းမှုများကို လာမည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးနှင့် ချိတ်ဆက်ဆောင်ရွက်သွားရန် ရည်ရွယ်ထားကြောင်း ကီရှီဒါက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# လကမ္ဘာပေါ်သို့ အောင်မြင်စွာ ခြေချနိုင်ပြီးနောက် နေကို စူးစမ်းလေ့လာမည့် ပထမဆုံးဂြိုဟ်တုကို အိန္ဒိယ မကြာမီလွှတ်တင်မည်

**နယူးဒေလီ ဩဂုတ် ၂၉**
အိန္ဒိယနိုင်ငံ၏ လသွားအာကာသယာဉ် လပေါ် အောင်မြင်စွာဆင်းသက်နိုင်ပြီး တစ်ပတ်မပြည့်မီတွင် နေကိုစူးစမ်းလေ့လာမည့် ပထမဆုံးဂြိုဟ်တုကို မကြာမီလွှတ်တင်သွားမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံက ပြောကြားလိုက်သည်။

အိန္ဒိယအာကာသ သုတေသနအဖွဲ့အစည်း (အက်စ်ရို) က နေစူးစမ်းလေ့လာရေးယာဉ်ဖြစ်သည့် အဒိတျာ-အယ် ၁ ကို အိန္ဒိယနိုင်ငံတောင်ပိုင်း အင်ဒရာပရာဒေ့ရှ်ပြည်နယ် သီရိဟာရီကိုတာကျွန်းရှိ ဆာတက်ရှ်ဒါဝမ် အာကာသစခန်းမှ စက်တင်ဘာ ၂ ရက်တွင် လွှတ်တင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

လေးလကြာပြီးနောက် နေစူးစမ်းလေ့လာရေးယာဉ်သည် ကမ္ဘာမှ ကီလိုမီတာ ၁ ဒသမ ၅ သန်း ကွာဝေးသော နေရောင်ခြည်စက်ဝန်းပတ်လမ်းအတွင်း ရောက်ရှိမည်ဖြစ်သည်။ အဆိုပါ နေစူးစမ်းလေ့လာရေးခရီးစဉ်တွင် အပူချိန် ဒီဂရီဆဲလ်စီးယက်စ်သန်းကျော်ရှိသော နေမျက်နှာပြင်အလွှာ အထပ်ထပ်နှင့် ပေါက်ကွဲစေတတ်သော မီးတောက်မီးလျှံ လေ့လာရေးအစီအစဉ်များလည်း ပါဝင်မည်ဖြစ်သည်။

အိန္ဒိယနိုင်ငံ၏ ချန်ဒရာယန်-၃ လပေါ်သွားယာဉ်သည် လကမ္ဘာ၏ တောင်ဝင်ရိုးစွန်းမျက်နှာပြင်ပေါ်သို့ ဩဂုတ် ၂၃ ရက်က အောင်မြင်စွာဆင်းသက်နိုင်ခဲ့ပြီး ဆက်လက်စူးစမ်းလေ့လာမှုများ ပြုလုပ်လျက်ရှိသည်။

လ၏ တောင်ဝင်ရိုးစွန်းမျက်နှာပြင်ဒေသသည် ရေခဲပုံစံဖွဲ့စည်းလျက်ရှိပြီး ရေပါဝင်နိုင်သည်ဟု သိပ္ပံပညာရှင်များက ပြောသည်။

ကမ္ဘာပေါ်တွင် အိန္ဒိယနိုင်ငံသည် လကမ္ဘာပေါ်သို့ ခြေချနိုင်ခဲ့သည့် စတုတ္ထမြောက်နိုင်ငံဖြစ်သည်။ လကမ္ဘာပေါ်သို့ ခြေချနိုင်ခဲ့သည့် နိုင်ငံများမှာ ယခင်ဆိုဗီယက်ပြည်ထောင်စု၊ အမေရိကန်နှင့် တရုတ်နိုင်ငံတို့ဖြစ်ကြသည်။

**အင်န်အိတ်ချ်ကေ**





# ဂျပန်နိုင်ငံ၌ အပူလျှပ်လူနာ သီတင်းသုံးပတ်ဆက် ၇၀၀၀ ကျော်ရှိလာ

**တိုကျို ဩဂုတ် ၂၉**
ဂျပန်နိုင်ငံအတွင်း ပြင်းထန်သော အပူလှိုင်းကျရောက်မှု ဆက်လက် ဖြစ်ပေါ်နေသည့်အတွက် ပြီးခဲ့သည့် သီတင်းပတ်က အပူလျှပ်မှုကြောင့် နိုင်ငံတစ်ဝန်း ဆေးရုံပို့ဆောင်ရသူ အရေအတွက်မှာ ၇၄၀၀ ကျော်ရှိကြောင်း သိရသည်။

ဩဂုတ် ၂၁ ရက်မှ ၂၇ ရက်အကြား အပူလျှပ်မှုကြောင့် ဆေးရုံသို့ ပို့ဆောင်ရသူ အရေအတွက်မှာ ၇၄၂၄ ဦး ရှိကြောင်း မီးသတ်နှင့် ဘေးအန္တရာယ် စီမံခန့်ခွဲရေး အေဂျင်စီက ပြောသည်။ အဆိုပါ အရေအတွက်သည် သီတင်းသုံးပတ် ဆက်တိုက် ၇၀၀၀ ကျော်လွန်ခဲ့ကြောင်းနှင့် ၎င်းမှာ ယမန်နှစ်က အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂ ဒသမ ၅ ဆ ပိုများနေကြောင်း သိရသည်။

အပူလျှပ်မှုကြောင့် ခုနစ်ဦး သေဆုံးပြီး ၂၃၈၆ ဦးမှာ ဆေးဝါးကုသမှု ခံယူလျက်ရှိသည်။ အပူလျှပ်မှုဖြစ်ပွားသော စီရင်စုများအနက် ဟော့ကိုင်းဒိုးစီရင်စုမှာ လူနာ ၉၃၅ ဦးရှိသဖြင့် အများဆုံးဖြစ်သည်။ အဆိုပါ စီရင်စု၌ ယမန်နှစ် အလားတူကာလတွင် အပူလျှပ်လူနာ ၃၆ ဦးသာရှိကြောင်း သိရသည်။

အပူလျှပ်လူနာအရေအတွက်မှာ ဩဂုတ်လနှောင်းပိုင်းတွင် ပုံမှန်အားဖြင့် ကျဆင်းလေ့ရှိသော်လည်း ယခုနှစ်တွင် ဆက်လက်မြင့်တက်နေကြောင်း အေဂျင်စီ တာဝန်ရှိသူများက ပြောသည်။ စက်တင်ဘာလတွင်လည်း ဂျပန်နိုင်ငံ ဒေသအနှံ့အပြား၌ အပူချိန် ဆက်လက်မြင့်တက်နိုင်ကြောင်း မိုးလေဝသ တာဝန်ရှိသူများက ခန့်မှန်းထားသည်။

**အင်န်အိတ်ချ်ကေ**

# အိန္ဒိယနိုင်ငံ အာသံပြည်နယ်၌ ဒေသပေါင်း ၁၇ ခုတွင် ရေကြီး



**အာသံ ဩဂုတ် ၂၉**
အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်း အာသံပြည်နယ်၌ ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိသောကြောင့် လူတစ်ဦးသေဆုံးခဲ့ကြောင်း အရာရှိများက ဩဂုတ် ၂၉ ရက်က ပြောသည်။

လွန်ခဲ့သော ရက်အနည်းငယ်က မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြစ်ရေမြင့်တက်လာခဲ့သည်။ အာသံပြည်နယ်၏ ဒေသပေါင်း ၁၇ ခုတွင် ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

ရေကြီးမှုကြောင့် မြို့၊ ရွာနှင့် လယ်ယာမြေများ အပါအဝင် နေရာအတော်များများ ရေနစ်မြုပ်ခဲ့ပြီး လူများလည်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်ကြရသည်။

အာသံပြည်နယ် သဘာဝဘေး စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့က ရေကြီးရေလျှံမှုကြောင့် ဒေသပေါင်း ၁၇ ခုရေဘေးသင့်ခဲ့ပြီး လူပေါင်း ၁၉၀၆၇၅ ဦး ရေဘေးဒုက္ခရောက်ခဲ့ကြောင်း ပြောသည်။

ထို့အပြင် ကျေးရွာပေါင်း ၅၂၂ ရွာ ရေနစ်မြုပ်ခဲ့ပြီး ကောက်ပဲသီးနှံစိုက်ပျိုးနိုင်သော လယ်ယာမြေဟက်တာပေါင်း ၈၀၈၆ ဟက်တာ ပျက်စီးခဲ့သည်။ ဒေသစီမံအုပ်ချုပ်ရေးဌာနက ရေဘေးသင့်ဒေသများတွင် အကူအညီဖြန့်ဝေရေးစခန်း ၄၅ ခုကို ဖွင့်လှစ်ပေးထားပြီး ဒုက္ခသည်ကယ်ဆယ်ရေးစခန်း နှစ်ခု ဖွင့်လှစ်ပေးထားသည်။ ပြည်နယ်သဘာဝဘေး တုံ့ပြန်ရေးအဖွဲ့က သက်ဆိုင်ရာ အသင်းအဖွဲ့များကို ရေဘေးသင့်ဒေသများတွင် ကူညီဆောင်ရွက်ရန် တိုက်တွန်းထားသည်။

**ဆင်ဟွာ**

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV) နေပြည်တော်တွင် ခေတ်ရှေ့ဆောင် ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ ကြည့်ရှုလေ့လာ




နေပြည်တော် ဩဂုတ် ၂၉

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(MRTV) နေပြည်တော်တွင် ယနေ့နံနက်ပိုင်းက ခေတ်ရှေ့ဆောင် ကိုယ်ပိုင်အထက်တန်းကျောင်းမှ တာဝန်ရှိသူများ၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၂၉၅ ဦးတို့ လာရောက်ပြီး ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ Auditorium ခန်းမတွင် ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က နှုတ်ခွန်းဆက်ပြောကြားပြီး ဝန်ထမ်းများက “MRTV နှင့် ကောင်းသောနေ့”၊ “ ရှင်သန်နေမည် MRTV ” တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေခြင်း၊ “ပန်းတိုင်းပွင့်၍ မွှေးပါစေ” ပညာရေးဆိုင်ရာနှင့် “မိုခါမုန်တိုင်းအန္တရာယ်ရင်ဆိုင်ကျော်လွှားမှုနှင့် စုပေါင်းမှု၏ရလဒ်” Video Clip များ ပြသခြင်းနှင့် အမှတ်တရလက်ဆောင်ပေးခြင်းများ ပြုလုပ်သည်။

ထို့နောက် လေ့လာရေးအဖွဲ့များသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားရှိ ဖလင်၊ တိပ်နှင့် ခွေပြားများ ထိန်းသိမ်းထားရှိမှု၊ News Channel Studio နှင့် Farmers’ Channel Studio များတွင် သတင်းရိုက်ကူးနေမှုများကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်မှုများတွင် အသုံးပြုခဲ့သည့် စက်ပစ္စည်းများ၊ တိုက်ရိုက်ထုတ်လွှင့်ရေး မော်တော်ယာဉ်များ၊ သတင်းတင်ဆက်မှု ပုံစံငယ်များ၊ ခေတ်အဆက်ဆက် ထုတ်လွှင့်တင်ဆက်ခဲ့သည့် အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊ တူရိယာပစ္စည်းများ၊ သတင်းစတူဒီယိုခန်းများ၊ ရေဒီယို အစီအစဉ်တွင် အသုံးပြုခဲ့သည့် ခေတ်ဟောင်းဓာတ်ပြားများနှင့် အခြားအသုံးအဆောင် ပစ္စည်းများ စသည့် စုစုပေါင်း ပြခန်း ၄၀ တွင် ခင်းကျင်းပြသထားရှိမှုများကို လှည့်လည်ကြည့်ရှု လေ့လာကြပြီး မှတ်သားဖွယ်ရာ အဖြေလွှာများ၌ ကျောင်းသားကျောင်းသူများ၏ ဖြည့်စွက်မှုများအား စိစစ်၍ အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အမှတ်(PO-18)တွင် ဖွင့်လှစ်ပညာသင်ကြားလျက်ရှိသော ခေတ်ရှေ့ဆောင် ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၅၃၉ ဦး၊ ဆရာ ဆရာမ ၅၀ စုစုပေါင်း ၅၈၉ ဦးသည် အုပ်စုနှစ်စုခွဲ၍ ယနေ့ ဩဂုတ် ၂၉ ရက်နှင့် ဩဂုတ် ၃၀ ရက်တို့တွင် နေပြည်တော်(တပ်ကုန်း)ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ ဒေသန္တရလေ့လာရေးအစီအစဉ်အဖြစ် လာရောက်၍ ရုပ်သံထုတ်လွှင့်မှုများကို လေ့လာခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

❖ *ကျောဖုံးမှ*

စက်သုံးဆီများ ပြတ်လပ်တော့မည်ဖြစ်ကြောင်း ကောလာဟလများ ထပ်မံပေါ်ထွက်လာကြပြန်သည်။

**ကြိုတင်သိုလှောင်ထား**

ထိုပိတ်ထားသည့် စက်သုံးဆီဆိုင်ကြီးများသည် စက်သုံးဆီရောင်းချခြင်းကို သတ်မှတ်ဈေးအတိုင်း ရောင်းချနိုင်ခြင်းမရှိပါက ပိတ်ထားရန် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနက ညွှန်ကြားချက်အရ မိမိအစီအစဉ်ဖြင့် ပိတ်ထားသည့် ဆီဆိုင်အချို့သာဖြစ်သည်။ နယ်စပ်ဒေသ(အရှေ့မြောက်ဒေသ) ခရိုင် လေးခရိုင်သို့ တရုတ်နိုင်ငံမှ တင်သွင်းသော အရည်အသွေးမီ စက်သုံးဆီဖြန့်ဖြူးပေးနေသည့် ကုမ္ပဏီကြီးနှစ်ခုတွင် စက်သုံးဆီအရန် သုံးလစာ ကြိုတင်သိုလှောင်ထားရှိခြင်းကြောင့် နယ်စပ်ဒေသ (အရှေ့မြောက်ဒေသ) တွင် စက်သုံးဆီပြတ်လပ်စရာအကြောင်း မရှိနိုင်ပေ။

အဆိုပါ ကုမ္ပဏီကြီး နှစ်ခုမှာ New Starlight Petro Destribu-tion Co.,Ltd နှင့် Myanmar Shwe San Co.,Ltd တို့ဖြစ်ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ၊ စွမ်းအင်ဝန်ကြီးဌာန၊ ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနတွင် “ရေနံနှင့် ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင်” ဖြင့် ၉-၁-၂၀၂၃ ရက်နေ့မှ စတင်၍ “စက်သုံးဆီတင်သွင်းဖြန့်ဖြူးခြင်းလုပ်ငန်း”ကို လုပ်ကိုင် ဆောင်ရွက်နေကြခြင်းဖြစ်သည်။

ထို ကုမ္ပဏီကြီးများသည် မြန်မာနိုင်ငံ အရှေ့မြောက်ရပ်ဝန်းတစ်ခွင်လုံး စက်သုံးဆီသုံးစွဲသူပြည်သူများ စက်သုံးဆီ မပြတ်လပ်စေရေး နိုင်ငံတော်၏ သတ်မှတ်ချက်နှင့်အညီ တရုတ်နိုင်ငံပိုင် PETRO CHINA INTERNATIONAL Co.,LTD နှင့် စာချုပ်ချုပ်ဆိုပြီး တရုတ်နိုင်ငံမှ ကုန်းကြောင်းဖြင့် တိုက်ရိုက် စက်သုံးဆီ တင်သွင်းခွင့်ရယူထားကာ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ သတ်မှတ်နှုန်းထားများ အတိုင်းသာ ပြန်လည်ဖြန့်ဖြူးရောင်းချခွင့်ရရှိထားသည်။

အဆိုပါ ကုမ္ပဏီကြီးများမှ တင်သွင်းသည့် စက်သုံးဆီများသည် အရည်အသွေးပြည့်မီသော စက်သုံးဆီများဖြစ်ပြီး ဒေသခံပြည်သူများ အသုံးပြုနိုင်ရေး၊ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချနိုင်ရေးတို့အတွက် စီစဉ်တင်သွင်းထားခြင်းဖြစ်သည်။ တရုတ်နိုင်ငံမှ စက်သုံးဆီများကို တင်သွင်းရာတွင် တစ်လလျှင် စက်သုံးဆီသယ်မော်တော်ယာဉ်စီးရေ ၅၀ ကျော်ခန့်ရှိပြီး မော်တော်ယာဉ်တစ်စီးလျှင် တန်ချိန် ၃၀ ခန့်ရှိကြောင်း သိရသည်။

**ဖြန့်ဖြူးရောင်းချခွင့်ရရှိထား**

စက်သုံးဆီဖြန့်ဖြူး တင်သွင်းခွင့်ရသူများအနေဖြင့် မူဆယ်ခရိုင်(မူဆယ်မြို့နယ်၊ နမ့်ခမ်းမြို့နယ်၊ ပန်ဆိုင်း(ကျူကုတ်)မြို့၊ မုံးကိုးမြို့၊ မန့်ဟီးရိုးမြို့)၊ ကွတ်ခိုင်ခရိုင်(ကွတ်ခိုင်မြို့နယ်၊ တာမိုးညဲမြို့)၊ လားရှိုးခရိုင် (လားရှိုးမြို့နယ်၊ သိန္နီမြို့နယ်၊ ကွမ်းလုံမြို့နယ်)၊ တန့်ယန်းခရိုင်(တန့်ယန်းမြို့နယ်၊ မိုင်းရယ်မြို့နယ်)တို့တွင် သယ်ယူဖြန့်ဖြူးရောင်းချခွင့် ရရှိထားပေသည်။

ပုဂ္ဂလိကစက်သုံးဆီ တင်သွင်းခွင့်ရသူတို့သည် စက်သုံးဆီများကို မူဆယ်မြို့၊ နမ့်ခမ်းမြို့၊ သိန္နီမြို့၊ ကွတ်ခိုင်မြို့နှင့် လားရှိုးမြို့အတွင်းရှိ စက်သုံးဆီ ရောင်းချဖြန့်ဖြူးသည့် စက်သုံးဆီဆိုင်ပေါင်း ၂၇ ဆိုင်ကို နိုင်ငံတော်က သတ်မှတ်ထားသည့် ဈေးနှုန်းများအတိုင်း စက်သုံးဆီများကို ရောင်းချဖြန့်ဖြူးပေးလျက်ရှိရာ မူဆယ်မြို့နှင့် မိုင်းယု (၁၀၅) မိုင်ရှိ စက်သုံးဆီရောင်းချလျက်ရှိသည့် ဆီဆိုင်အချို့က ရောင်းချနိုင်ခြင်း မရှိကြောင်း ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနသို့ အကြောင်းပြတင်ပြကြရာ ထိုဦးစီးဌာနက ရောင်းချနိုင်ခြင်းမရှိပါက ဆီဆိုင်များကို ပိတ်သိမ်းထားရန် ညွှန်ကြားခဲ့ခြင်းသာဖြစ်သည်။ ဆီဆိုင်အချို့ ပိတ်ထားရခြင်းမှာလည်း စက်သုံးဆီ ပြတ်လပ်၍ ရောင်းချရန် စက်သုံးဆီ မရှိခြင်းကြောင့် ပိတ်ထားခြင်းမျိုးမဟုတ်ဘဲ သတ်မှတ်ဈေးနှုန်းဖြင့် စက်သုံးဆီ ရောင်းချရန် ဆန္ဒမရှိခြင်း၊ ပြင်ပတွင် ဈေးကစားလိုခြင်းတို့ကြောင့် ပိတ်ထားရခြင်းဖြစ်ဟန်တူပေသည်။

သို့သော်လည်း အဆိုပါ ပိတ်ထားသည့် ဆီဆိုင်အချို့က အခြားသောနည်းလမ်း၊ မသမာသည့်နည်းလမ်းများဖြင့် ပြည်တွင်းမှ စက်သုံးဆီများကို ရှမ်းမြောက်ဒေသသို့ သယ်ဆောင်လာပြီး လက်လီရောင်းချနေသည့် ဆီဆိုင်ငယ်ကလေးများထံ လက်သိပ်ထိုး ရောင်းချနေကြောင်းကို လည်း သိရသည်။

**ပြည်သူများစိုးရိမ်**

အရှေ့မြောက် ဒေသတွင်း စက်သုံးဆီ ပြတ်လပ်တော့မည်ဟူသော ကောလာဟလများကြောင့် ဒေသတွင်း ပြည်သူများအနေဖြင့် စိုးရိမ်ကာ စက်သုံးဆီများ အလုအယက် ဝယ်ယူပါက လောဘသမားများအကြိုက် စက်သုံးဆီဈေးများ တက်လာနိုင်သည်။

အဆိုပါ စက်သုံးဆီတင်သွင်းခွင့်ရရှိသော Co.,Ltd တို့၏တစ်ဖက်နိုင်ငံမှ တိုက်ရိုက်တင်သွင်းသော စက်သုံးဆီများသည် ဈေးနှုန်းအသင့်အတင့် မြင့်မားနိုင်သော်လည်း ဆီဂိတ်စံချိန်ပြည့်ခြင်း၊ အရည်အသွေး စိတ်ချရခြင်းကြောင့် နိုင်ငံတော်မှ ချမှတ်ပေးထားသည့် ဈေးနှုန်းများအတိုင်းသာ ရောင်းချပေးနေသဖြင့် အဆိုပါ စက်သုံးဆီတင်သွင်းခွင့်ရ ကုမ္ပဏီများအနေဖြင့် လက်ရှိအကျိုးအမြတ်မရရှိနိုင်သေးဘဲ ဒေသတွင်းနေ ပြည်သူများ အရည်အသွေးပြည့်သော စက်သုံးဆီများကို သုံးစွဲနိုင်ရန် အလို့ငှာ သင့်တင့်သောဈေးများဖြင့်သာ ဖြန့်ဖြူးရောင်းချပေးလျက် ရှိကြောင်း သိရသည်။

ထို့ပြင် အဆိုပါ စက်သုံးဆီတင်သွင်းခွင့် Co.,Ltd များအနေဖြင့် အရန်စက်သုံးဆီ သုံးလစာ သိုလှောင် ထားရှိသောကြောင့် မူဆယ်ဒေသတွင်းသာမက အရှေ့မြောက်တစ်ခွင် ခရိုင် လေးခုပါ စက်သုံးဆီများ ပြတ်လပ်သွားမည် မဟုတ်ကြောင်းနှင့် ဝိသမလောဘသမားများ၏ အတ္တဆန်စွာဖြင့် စက်သုံးဆီ ပြတ်လပ်မည်ဟူသော ကောလာဟလများကို မယုံကြည်ရန်အတွက် ပြည်သူများအကျိုးအလို့ငှာ ရေးသားတင်ပြလိုက်ပါသည်။

**ခရိုင်(ပြန်/ဆက်)**

---

❂ *ကျောဖုံးမှ*

နှစ်ပွဲစလုံး နိုင်ပွဲရရှိထားသော အိမ်ရှင်ဗယ်လက်ကာနိုအသင်းသည် ယခုပွဲစဉ်တွင် သာမန်ခြေစွမ်းအောက် ရောက်ခဲ့ပြီး ပြိုင်ဘက် အက်သလက်တီကို မက်ဒရစ်အသင်း၏ ထိုးဖောက်တိုက်စစ်ဆင်မှုများကိုသာ ခုခံကာကွယ်ခဲ့ရသည်။ အက်သလက်တီကိုမက်ဒရစ်အသင်းအတွက် သွင်းဂိုးများကို ဂရစ်ဇ်မန်း၊ ဒီပေး၊ မိုလီနာ၊ မိုရာတာ၊ ကော်ရဲရားနှင့် လော်ရန်တေးတို့က သွင်းယူပေးခဲ့သည်။

ယခုပွဲစဉ်တွင် ပြိုင်ဘက်ကို ဂိုးပြတ်အနိုင်ရရှိခဲ့သော အက်သလက်တီကို မက်ဒရစ်အသင်းသည် ပွဲစဉ် (၃) အပြီးတွင် ရမှတ် ခုနစ်မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၂)သို့ တက်လှမ်းနိုင်ခဲ့သည်။ အက်သလက်တီကို မက်ဒရစ်အသင်းသည် လာလီဂါပြိုင်ပွဲ၌ ယခုကဲ့သို့ ခုနစ်ဂိုးပြတ် အနိုင်ရရှိခြင်းမှာ ၂၀၁၃ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် သွင်းယူနိုင်ခြင်းဖြစ်သည်။

**အောင်ဇော်**

❍ *ကျောဖုံးမှ*

အာရှဖလား ယူ-၂၃ ခြေစစ်ပွဲကို စက်တင်ဘာ ၆ ရက်မှ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် တောင်ကိုရီးယားနိုင်ငံ၌ ကျင်းပမည့် အုပ်စု(ခ)တွင် တောင်ကိုရီးယား၊ ကာတာ၊ ကာဂျစ္စတန်အသင်းတို့နှင့် ကျရောက်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် စက်တင်ဘာ ၆ ရက်တွင် ကာဂျစ္စတန်အသင်း၊ စက်တင်ဘာ ၉ ရက်တွင် ကာတာအသင်း၊ စက်တင်ဘာ ၁၂ ရက်တွင် တောင်ကိုရီးယားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ကာတာအသင်းသည် ၂၀၂၄ အာရှဖလား ယူ-၂၃ ပြိုင်ပွဲ နောက်ဆုံးအဆင့်ပွဲစဉ်များကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ရာ ခြေစစ်ပွဲအောင်မြင်ပြီး ဖြစ်သောကြောင့် ယင်းအသင်းနှင့် ရလဒ်များကို ထည့်သွင်းတွက်ချက်မည် မဟုတ်ကြောင်း သိရသည်။ မြန်မာ ယူ-၂၃ အသင်းသည် ၂၀၂၃ အာဆီယံ ယူ-၂၃ ပြိုင်ပွဲအပြီး ဩဂုတ် ၂၃ ရက်ကတည်းက ပြန်လည်ပြင်ဆင်နေခြင်းဖြစ်ပြီး ဦးအောင်နိုင်က ယာယီနည်းပြချုပ်အဖြစ် ကိုင်တွယ်လျက်ရှိသည်။ ဂျာမနီနိုင်ငံသား နည်းပြချုပ် ဖိုက်အွန်ဘိုင်နာသည် မြန်မာ့လက်ရွေးစင်အသင်းနှင့် ယူ-၂၃ အသင်းကို ပူးတွဲတာဝန်ယူထားရပြီး မြန်မာ့လက်ရွေးစင်အသင်းသည် စက်တင်ဘာ ၈၊ ၁၁ ရက်တွင် နီပေါလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲကစားရန်ရှိသဖြင့် ၎င်းအနေဖြင့် လက်ရွေးစင်အသင်းကို ကိုင်တွယ်မည်ဖြစ်ပြီး မြန်မာ ယူ-၁၉ လူငယ်လက်ရွေးစင်အသင်း နည်းပြချုပ် ဦးအောင်နိုင်က အာရှဖလား ယူ-၂၃ ခြေစစ်ပွဲဝင်မည့် မြန်မာ ယူ-၂၃ အသင်းကို ယာယီကိုင်တွယ်သွားမည်ဖြစ်သည်။

မြန်မာ ယူ-၂၃ အသင်းသည် ပဏာမကစားသမား ၂၇ ဦးဖြင့် စတင်လေ့ကျင့်ခဲ့သော်လည်း နှစ်ဦးပြန်လည်လျှော့ချခဲ့သဖြင့် ၂၅ ဦးသာ ကျန်ရှိတော့ကြောင်း သိရသည်။ မြန်မာ ယူ-၂၃ အသင်းသည် ယခုလကုန်ပိုင်းတွင် ပြည်တွင်းခြေစမ်းပွဲ တစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ယင်းပွဲအပြီးတွင် အပြီးသတ်လူရွေးချယ်မည်ဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းသည် အာဆီယံ ယူ-၂၃ ပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့်အသင်းကို အခြေခံဖွဲ့စည်းထားခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပြီးစီးခဲ့သည့် အာဆီယံ ယူ-၂၃ ပြိုင်ပွဲတွင် ရလဒ်မကောင်းဘဲ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ၂၀၂၃ ခုနှစ် အမျိုးသားတံခွန်စိုက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲနှင့် U-20 (3x3) ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲတက်ရောက်



မန္တလေး ဩဂုတ် ၂၉

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်နှင့် မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ကျင်းပသည့် ၂၀၂၃ ခုနှစ် အမျိုးသားတံခွန်စိုက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲနှင့် U-20(3x3) ဘတ်စကက်ဘော ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲပိုင်းက ချမ်းအေးသာစံမြို့နယ် ဗထူးမိုးလုံလေလုံ အားကစားကွင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြပြီး Foxes အသင်းနှင့် Bana အသင်းတို့ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးရာ Bana အသင်းက အနိုင်ရဗိုလ်စွဲသွားခဲ့သည်။

ယင်းနောက် ဆုချီးမြှင့်ခြင်း အခမ်းအနား ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးများက U-20 (3x3) အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် အသင်းများကိုလည်းကောင်း၊ (5x5) အလွတ်တန်း အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် အသင်းများကိုလည်းကောင်း၊ အကောင်းဆုံးဆုရရှိသူများကိုလည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က U-20(3x3) အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲတွင် ပထမဆုရ အင်းတော် (က) အသင်း၊ U-20(3x3) အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲတွင် ပထမဆုရ တောင်ကြီးအသင်း၊ (5x5) အလွတ်တန်းအမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲတွင် ပထမဆုရ MOHA အသင်းတို့အား ပထမ တံခွန်စိုက်ဆုများကိုလည်းကောင်း၊ (5x5) အလွတ်တန်း အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် Bana အသင်းအား ပထမတံခွန်စိုက် ဆုဖလားကိုလည်းကောင်း ချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

သတင်းစဉ်

## စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများအား စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

နေပြည်တော် ဩဂုတ် ၂၉

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူများကိုလည်းကောင်း၊ တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေး ကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သား အာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူးစသည့် စားသောက်ကုန်များကိုလည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို လည်းကောင်း ပြင်ပပေါက်ဈေးထက်သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်း မိသားစုများက ဝမ်းသာအားရ ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## လှိုင်လင်မြို့နယ်တွင် ငွေကျပ်သိန်း ၂၄၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၉

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၆ ရက် ည ၈ နာရီ ၅ မိနစ်က လှိုင်လင်မြို့နယ် ပန်ဝိုးကျေးရွာအုပ်စု ဟိုတင့်ကျေးရွာအနီး လှိုင်လင်-တောင်ကြီးသွားကားလမ်းတွင် နောင်မင်းအေးမောင်နှင့်ပြီး တင်မောင်ထွန်းနှင့် မနှင်းနှင်းဝေတို့လိုက်ပါလာသည့် TOYOTA ALPHARD အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်၏ကြမ်းခင်းအံဝှက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ည ၉ နာရီခွဲတွင် တပ်ကုန်းမြို့နယ် ကြို့ကုန်းကျေးရွာအုပ်စု ကင်းသာကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ခိုင်းသူ သန်းနိုင်နှင့်ဇနီး မမြမြသီတို့ကို TOYOTA KLUGER မော်တော်ယာဉ်နှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် တင်မောင်ထွန်း ၅၅ နှစ်၊ နောင်မင်းအေး ၂၆ နှစ်၊ မနှင်းနှင်းဝေ ၃၀ နှစ်၊ သန်းနိုင် ၅၅ နှစ်နှင့် မမြမြသီ ၅၅ နှစ်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၂၉

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

### နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဩဂုတ် ၂၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "JR Aung Aung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ရိုးကြီးကျေးရွာနေ အောင်အောင်(ခ) ရန်မျိုးအောင်အား မွန်းလွဲ ၂ နာရီ ၅ မိနစ်တွင် ပျော်ဘွယ်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

### လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်


ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရွှေဘိုမြို့နယ် ဇီးတောကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲအတွင်းမှ PDF အမည်ခံ အကြမ်းဖက်သမားများ သိုဝှက်ထားသည့် လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ ဖော်ထုတ်သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ဇီးတောကျေးရွာအနီး၌ PDF အမည်ခံ အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်လျက်ရှိကြောင်းနှင့် ၎င်းတို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ကိုင်ရာတွင် အသုံးပြုသည့် လက်နက်၊ ခဲယမ်းများနှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ သိုဝှက်ထားရှိကြောင်း အကြမ်းဖက်မှုကို မလိုလားသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် ရှာဖွေဖော်ထုတ်ခြင်းများ ဆောင်ရွက်ခဲ့ရာ အဆိုပါကျေးရွာရှိ ကျေးလက် ကျန်းမာရေးဌာနခွဲ အဆောက်အအုံအတွင်းမှ Super Custom မော်တော်ယာဉ်တစ်စီး၊ မော်တော်ဆိုင်ကယ် သုံးစီးတို့နှင့်အတူ အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုသည့် လက်လုပ်သေနတ် တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ လက်လုပ်မိုင်း ကိုးလုံး၊ ပြောက်ကျားယူနီဖောင်းများနှင့် အခြားဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။



အဆိုပါ သိမ်းဆည်းရမိပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာသို့ အပ်နှံသွားမည်ဖြစ်ကြောင်းနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် ရွှေဘိုမြို့နယ်အတွင်း PDF အမည်ခံ အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်မှု မရှိစေရေးနှင့် တရားဥပဒေ စိုးမိုးရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၂၂)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ အမေး၊ အဖြေ

နေပြည်တော် ဩဂုတ် ၂၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၂၂) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဩဂုတ် ၂၂ ရက် မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ဗဟိုဘဏ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးအဆင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားကြသည်။

*(ယမန်နေ့မှအဆက်)*


**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**က နိုင်ငံတော်အနေဖြင့် နိုင်ငံ့ဝန်ထမ်းများ သက်သာချောင်ချိမှုအတွက် လစာမဟုတ်သည့် စရိတ်ချီးမြှင့်ငွေများ ဆောင်ရွက်ပေးသည့် အခြေအနေများကို တင်ပြသွားမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းအမြဲတမ်းများ ဝတ်စုံစရိတ်များနှင့်ပတ်သက်ပြီး ၂၀၂၂ ခုနှစ် ဇွန်လမှစ၍ တစ်ဦးကို ၃၀၀၀၀ ကျပ်နှုန်းဖြင့် တစ်နှစ်လျှင်တစ်ကြိမ် ခံစားခွင့်ပြုပေးပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ အိမ်ငှားစရိတ် ချီးမြှင့်ခြင်းနှင့် ပတ်သက်ပြီး အိမ်ငှားစရိတ်အဖြစ် အိမ်ထောင်သည်ဖြစ်လျှင် မူရင်းလစာ၏ ၈ ရာခိုင်နှုန်း၊ အိမ်ထောင်မရှိလျှင် မူရင်းလစာ၏ ၄ ရာခိုင်နှုန်းကို ၂၀၂၂ ခုနှစ် ဩဂုတ်လမှစပြီး ချီးမြှင့်ပေးနေကြောင်း၊ ပညာရေးဝန်ထမ်းများအတွက်ဆိုလျှင် ယခင်ကမရှိခဲ့သည့် ဆရာ၊ ဆရာမများ ရရှိခဲ့သည့်ဘွဲ့အလိုက် ချီးမြှင့်ငွေများ ချီးမြှင့်ထားပါကြောင်း၊ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှစ၍ ပါရဂူဘွဲ့ရသူဆိုလျှင် ၃၀၀၀၀၊ မဟာဘွဲ့ ၂၅၀၀၀၊ ဘွဲ့လွန်ဒီပလိုမာ ၁၀၀၀၀ လစဉ်ထောက်ပံ့ပေးပါကြောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၌ တာဝန်ထမ်းဆောင်နေသည့် ဆရာ၊ ဆရာမများ၏ လစာများကိုလည်း တိုးမြှင့်ပေးပါကြောင်း၊ အဆင့်မြင့်ပညာဦးစီးဌာနတွင် တာဝန်ထမ်းဆောင်နေသည့် ဆရာ၊ ဆရာမများ၏သင်ကြားရေး တစ်ရက်ချီးမြှင့်ငွေ နှုန်းထားများကိုလည်း တိုးမြှင့်ပေးထားကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအတွက်လည်း ပညာရေးကဲ့သို့ပင် ၂၀၂၁ ခုနှစ် ဧပြီလမှစ၍ လစဉ်ချီးမြှင့်ပေးပါကြောင်း၊ ဒီပလိုမာဘွဲ့ရရှိသူ ၁၀၀၀၀ ကျပ်၊မဟာသိပ္ပံဘွဲ့ ၂၅၀၀၀ ကျပ်၊ ပါရဂူဘွဲ့ ၃၀၀၀၀ ကျပ်နှင့် ကျန်သည့်ကိစ္စရပ်တစ်ရပ်ချင်းအတွက်လည်း အစိုးရအဖွဲ့ကိုတင်ပြပြီး အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ချီးမြှင့်ပေးပါကြောင်း ဖြည့်စွက်ဖြေကြားသည်။

**Voice of Myanmar သတင်းဌာနမှ ဦးမောင်မောင်ထွန်း**က အောက်ခြေလူတန်းစား၊ ပြည်သူအများစုအနေဖြင့် လုံခြုံမှုလည်းမရှိကြောင်း၊ စိုက်ပျိုးလုပ်ကိုင်၍ မရသည့်အထဲ အဆမတန်မြင့်တက်နေသည့် ကုန်ဈေးနှုန်းကြောင့် အလူးအလဲခံနေရခြင်းအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မည်သို့အစီအစဉ်များလုပ်ဆောင်နေသည်ကို သိလိုကြောင်း၊ ငြိမ်းချမ်းရေးအရေးကြီးသည့်အတွက် လက်နက်ကိုင်အင်အားစုများနှင့် ငြိမ်းချမ်းရေးညီလာခံလုပ်ရန် စီစဉ်နေသည်ဟု သိရကြောင်း၊ မည်သည့်အဆင့်၊ မည်သည့်ရက်သတ်မှတ်ထားသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ပထမမေးခွန်းဖြစ်သည့် ကုန်ဈေးနှုန်းနှင့်ပတ်သက်သည်များကို ပြောပြီးဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးကိစ္စနှင့်ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ငြိမ်းချမ်းရေးကိစ္စများ ဆောင်ရွက်နေမှုများရှိကြောင်း၊ တရားဝင်တွေ့ဆုံမှုများကို စာရင်းဇယားနှင့်ပြောခဲ့ကြောင်း၊ တွေ့ဆုံသည့်နေရာတွင် EAOs အဖွဲ့သာမက EAOs အဖွဲ့တွင်လည်း NCA လက်မှတ်ထိုးပြီး ၇ ဖွဲ့၊ လက်မှတ်မထိုးရသေးသည့်အဖွဲ့ ၃ ဖွဲ့တို့နှင့်တွေ့ဆုံမှုများရှိခဲ့ကြောင်း၊ လစဉ်



ဦးမောင်မောင်ထွန်း



ဦးကျော်စိုးဦး

နီးပါးခန့်ရှိကြောင်း၊ ၎င်းတို့နှင့် တွေ့ဆုံရုံသာမက နိုင်ငံရေးပါတီများနှင့်လည်း တွေ့ဆုံမှုများရှိကြောင်း၊ ထို့ပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်သည့် Stakeholder များနှင့် တွေ့ဆုံမှုများလည်းရှိကြောင်း၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့များ၊ ဘာသာရေးခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့ကြောင်း၊ တချို့သောတွေ့ဆုံမှုများမှာ တောင်းဆိုမှုများရှိကြောင်း၊ တချို့သောတောင်းဆိုမှုများသည် ဒေသဖွံ့ဖြိုးရေးအတွက် လိုလားချက်၊ ဒေသမှာရှိသည့် လမ်းပန်းဆက်သွယ်ရေးအတွက် လိုလားချက်များ၊ စီးပွားရေးအတွက် လိုလားချက်များကို ချက်ချင်းဖြည့်ဆည်းပေးနိုင်သည်များလည်းရှိကြောင်း၊ သို့သော် တချို့သောလိုလားချက်များက အခြေခံဥပဒေကိုပြင်မှ လုပ်ပေးနိုင်သည့် လိုလားချက်များရှိကြောင်း၊ အခြေခံဥပဒေပြင်ရန်ဆိုလျှင် လွှတ်တော်ကသာပြင်၍ရမည်ဖြစ်ကြောင်း၊ တချို့သော EAOs အဖွဲ့များက ကဖျက်ယဖျက်လုပ်ကြောင်း၊ တချို့သော EAOs အဖွဲ့များတော့ မပါကြောင်း၊ တချို့က အခုအချိန်ဆွေးနွေးလျှင် ဘာထူးမှာလဲ၊ ဘာမှလုပ်စရာမရှိဘူး ဆိုသည့်ပုံစံမျိုးပြောကြောင်း၊ မိမိမကြာခဏပြောသကဲ့သို့ လွှတ်တော်ထဲရောက်လျှင် တပ်မတော်သားလွှတ်တော်အမတ် ၂၅ ရာခိုင်နှုန်းပါကြောင်း၊ မိမိတို့ အဘယ်ကြောင့် နိုင်ငံရေးပါတီများနှင့်တွေ့ဆုံဆွေးနွေးနေရသလဲဆိုလျှင် ထိုနိုင်ငံရေးပါတီများကသာ လွှတ်တော်အမတ်ဖြစ်နေသူများဖြစ်ကြောင်း၊ ယခုမှတ်ပုံတင်ထားသည့် နိုင်ငံရေးပါတီထဲကသာ ရွေးချယ်မည်ဖြစ်ကြောင်း၊ ၎င်းတို့ထဲကသာ လွှတ်တော်အမတ်များ အများစုဖြစ်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ စတင်ဆွေးနွေးထားခြင်းအားဖြင့် မိမိတို့သဘောတူထားသည့်အချက်များ၊ ဆွေးနွေးချက်များကို တပ်မတော်အနေဖြင့် လွှတ်တော်၌ ကန့်ကွက်စရာမရှိကြောင်း၊ တပ်မတော်က ကန့်ကွက်စရာမရှိဘူးဆိုလျှင် တိုင်းရင်းသားများ၏ အခွင့်အရေးတောင်းဆိုမှုကို မည်သည့်နိုင်ငံရေးပါတီမှ အမိုက်ခံပြီး ကန့်ကွက်မည် မဟုတ်ကြောင်း၊ ထို့ကြောင့်မိမိတို့အနေဖြင့် စုစည်းနေခြင်းဖြစ်ကြောင်း၊ အများပါဝင်သည့် EAOs အဖွဲ့များ၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ အစိုးရပါဝင်သည့် ဆောင်ရွက်မှုမျိုး၊ စုစည်းမှုမျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မိမိတို့က သဘောတူညီချက်များကို စုစည်းထားပြီး အသင့်ဖြစ်အောင် လုပ်ထားမည်ဖြစ်ကြောင်း၊ ထိုသို့အသင့်ဖြစ်အောင် ဆောင်ရွက်ပေးသွားရန်ရှိကြောင်း၊ ယင်းသို့လုပ်ဆောင်ပေးခြင်းသည် မိမိတို့၏ နိုင်ငံရေးရည်မှန်းချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒုတိယအချက်ဖြစ်သည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကိုမူတည်ပြီး သွားနေခြင်းဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိအနေဖြင့် ထပ်မံပြောကြားလိုသည်မှာ နိုင်ငံတော်ဝန်ကြီးချုပ် မကြာခဏပြောသကဲ့သို့ ငြိမ်းချမ်းရေးလိုလားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ EAOs များအတွက် နိုင်ငံတော်အစိုးရအနေဖြင့် အမြဲတမ်းတွေ့ဆုံဆွေးနွေးရန်အတွက် တံခါးဖွင့်ထားကြောင်း၊ အမြဲတမ်းတွေ့ဆုံဆွေးနွေးရန်အတွက် ကြိုဆိုလျက်ရှိကြောင်း၊ တွေ့ဆုံဆွေးနွေးကြပါ၊ ပါဝင်ဆွေးနွေးကြပါဟု မိမိအနေဖြင့်ပြောလိုကြောင်းဖြင့် ဖြေကြားသည်။

**People Media Agency မှ သတင်းထောက် ဦးကျော်စိုးဦး**က ပထမမေးလိုသည်မှာ လက်ရှိအကြမ်းဖက်အဖွဲ့ KIA၊ KNU၊ KNPP စသည့် လက်နက်ကိုင်အဖွဲ့များသည် NUG နှင့် ပူးပေါင်းပြီး နိုင်ငံ၏ ယန္တရားများကို ဖျက်ဆီးနေသည်မှာ နှစ်နှင့်ချီနေပြီဖြစ်ကြောင်း၊ အဆိုပါအဖွဲ့များနှင့်ပတ်သက်ပြီး နိုင်ငံတော်အနေဖြင့် အကြမ်းဖက်အဖွဲ့အဖြစ် ကြေညာရန် ရှိ/မရှိသိလိုကြောင်း၊ ဒုတိယမေးခွန်းမှာ ယင်းအဖွဲ့များအနေဖြင့် ပြည်ပနိုင်ငံများနှင့်ဆက်စပ်မှုမှာ မည်သို့ရှိသည်ကို သိလိုကြောင်း မေးမြန်းသည်။

## ဗမာလူမျိုးအချင်းချင်းသတ်တာကို လက်ခုပ်တီးပြီး အားပေးနေ

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က KIA၊ KNU၊ KNPP၊ CNF အဖွဲ့များထဲတွင် NCA လက်မှတ်ရေးထိုးပြီးသည့် အဖွဲ့နှစ်ဖွဲ့ပါဝင်ကြောင်း၊ KIA နှင့် KNPP အဖွဲ့တို့မှာ လက်မှတ်ရေးထိုးထားခြင်းမရှိကြောင်း၊ KNU အဖွဲ့ထဲတွင်လည်း အမျိုးမျိုးကွဲပြားနေသည်များရှိကြောင်း၊ တချို့လည်း အစိုးရနှင့် ဆွေးနွေးမှုများပြုလုပ်နေသည်များရှိကြောင်း၊ တချို့လည်း အစိုးရကိုဆန့်ကျင်ပြီး လက်တွေ့လုပ်နေသည်များလည်းရှိကြောင်း၊ KNU နယ်မြေတွင် KNU နှင့်မသက်ဆိုင်သော သီးခြားအဖွဲ့များလည်း ထွက်ပေါ်နေသည်ကို တွေ့ရကြောင်း၊ ပြည်ပစွက်ဖက်မှုများရှိသည်ကိုလည်း တွေ့ရကြောင်း၊ Free Burma Ranger ကဲ့သို့ အဖွဲ့များလည်း တွေ့ရကြောင်း၊ ကျန်သည့် ပြည်ပစွက်ဖက်မှုများလည်း တွေ့ရမည်ဖြစ်ကြောင်း၊ NUG၊ PDF အကြမ်းဖက်များကို အားပေးသည့် အဖွဲ့များလည်းတွေ့ရကြောင်း၊ KIA နှင့်ပတ်သက်ပြီးပြောရမည်ဆိုပါက တချို့သော KIA ခေါင်းဆောင်များ၏ အန္တရာယ်များသည့် ပြောကြားချက်များကိုလည်း တွေ့ရကြောင်း၊ မြန်မာပြည်သူလူထုတစ်ရပ်လုံးလည်း သိကြမည်ဖြစ်ကြောင်း၊ KIA ခေါင်းဆောင်တစ်ဦး ပြောကြားထားတာရှိကြောင်း၊ စစ်ကိုင်းနှင့်အနီးဆုံးနေရာရှိ ၎င်းတို့တပ်မဟာတစ်ခု၏ လက်နက်တိုက်ဖွင့်ပေးလိုက်ခြင်းကြောင့် စစ်ကိုင်းတိုင်းသည်မီးဟုန်းဟုန်းတောက်နေကြောင်း၊ KIA အနေဖြင့် ၎င်းတို့၏ လက်နက်အားလုံးပေးလိုက်ပါက မြန်မာပြည်တစ်ခုလုံး ဒုက္ခရောက်သွားမည်ဟု ပြောခဲ့ကြောင်း၊ ထိုပြောစကားအပေါ်ထောက်ခံသူများ၊ ဝမ်းသာသူများလည်းရှိကြောင်း၊ ထိုပြောစကားကို ထောက်ခံနေသည့် ဗမာများလည်းရှိကြောင်း၊ မိမိအနေဖြင့် ထိုထောက်ခံသည့် ဗမာများကို အံ့ဩမိကြောင်း၊ ခေါင်းထဲတွင် နက်နက်နဲနဲစဉ်းစားကြည့်စေလိုကြောင်း၊ ယခုသတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာသည့် မီဒီယာတချို့လည်းပါကြောင်း၊ ဗမာလူမျိုးအချင်းချင်းသတ်တာကို အားပေးအားမြှောက် လက်ခုပ်တီးနေသည်ကို ရောယောင်ပြီး လက်ခုပ်တီးပြီး အားပေးနေကြကြောင်း၊ ပြန်လည်ဆင်ခြင်စေလိုကြောင်း၊ ယင်းနှင့်ပတ်သက်ပြီး အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာခြင်းပြု/ မပြုသည် ၎င်းတို့၏ လုပ်ဆောင်ချက်အပေါ်တွင် မူတည်မည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် NCA လမ်းကြောင်းပေါ် လျှောက်လှမ်းနိုင်ရန် အမြဲဖိတ်ခေါ်လျက်ရှိကြောင်း၊ သို့သော်လည်း မိမိတို့အနေဖြင့် အတိုင်းအတာတစ်ခုအထိသာရှိမည်ဖြစ်ကြောင်း၊ ယင်းတို့၏ လုပ်ဆောင်မှုပေါ်တွင် များစွာမူတည်မည်ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**“မိမိတို့၏ နိုင်ငံရေးရည်မှန်းချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒုတိယအချက်ဖြစ်သည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို မူတည်ပြီးသွားနေခြင်းဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိအနေဖြင့် ထပ်မံပြောကြားလိုသည်မှာ နိုင်ငံတော်ဝန်ကြီးချုပ် မကြာခဏပြောသကဲ့သို့ ငြိမ်းချမ်းရေးလိုလားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ EAOs များအတွက် နိုင်ငံတော်အစိုးရအနေဖြင့် အမြဲတမ်းတွေ့ဆုံဆွေးနွေးရန်အတွက် တံခါးဖွင့်ထားကြောင်း၊ အမြဲတမ်းတွေ့ဆုံဆွေးနွေးရန်အတွက် ကြိုဆိုလျက်ရှိကြောင်း၊ တွေ့ဆုံဆွေးနွေးကြပါ၊ ပါဝင်ဆွေးနွေးကြပါဟု မိမိအနေဖြင့် ပြောလို”**

*(ဆက်လက်ဖော်ပြပါမည်)*




## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၄)၊ မြေကွက်အမှတ်(၉၈၁)၊ ဒေါ်သိန်းငွေး(၁၂/လမတ(နိုင်)၀၁၇၁၈၇) အမည်ပေါက် မြေချပါမစ် မူရင်း ဧရိယာအကျယ်အဝန်း(၄၀ပေ x ၆၀ပေ) အနက်မှ ဧရိယာအကျယ်အဝန်း(၂၀ပေ x ၆၀ပေ) ပါမစ်မူရင်းခြမ်း(ခေါင်းရင်းခြမ်း) အိမ်နှင့် ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်များဖြင့် လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးစိန်သန်း (၁၂/ဥကတ(နိုင်)၀၆၅၄၂၅) ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဝင်းကြည်(၁၂/ဆကန(နိုင်)၀၀၀၆၉၃) မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက် အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းကြည်၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုရည်လှိုင်(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၃၄၅၀)**
**အမှတ်(၆၁၀)၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၉(အေ)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၂၄၄၉၄၂၂၊ ၀၉-၆၉၃၅၆၃၇၈၅**

## မိခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ အထက(၁) Grade-12(B)မှ မကြည်ကြည်ဦး (ကျောင်းဝင်အမှတ်-၄၃၁/၂၀)၏ မိခင်အမည်မှန်မှာ ဒေါ်မြင့်မြင့်အေး ၇/တငန(နိုင်) ၂၄၉၇၇၅ ဖြစ်ပါကြောင်း။

## အမည်မှန်

ဦးမောင်သာတင်၏သား မင်းပြားမြို့၊ အထက(၃) Grade-12မှ မောင်ညီပုချေ၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မောင်သိန်းဟန် ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့ သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၃)၊ မြေကွက်အမှတ်(၆၃၅)၊ ပုဂံလမ်း၊ ဒေါ်ဖြူဖြူနွယ် (၁၂/ဗဟန(နိုင်)၀၂၈၂၉၃) (J/RGN-၀၂၁၉၄၃) အမည်ပေါက် မြေချပါမစ်မူရင်း ဧရိယာအကျယ်အဝန်း (၄၀ပေ x ၆၀ပေ) ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဖြူဖြူနွယ်(၁၂/ဗဟန(နိုင်)၀၂၈၂၉၃) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နွဲ့နှင်းရည်ရွှေ (၆/မအရ(နိုင်)၀၉၀၂၈၀) မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နွဲ့ နှင်းရည်ရွှေ၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုရည်လှိုင်(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၃၄၅၀)**
**အမှတ်(၆၁၀)၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၉(A)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၂၄၄၉၄၂၂၊ ၀၉-၆၉၃၅၆၃၇၈၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၇)၊ မြေကွက်အမှတ်(၇၃၈)၊ ဒေါ်အုန်းအုန်း(၁၂/သဃက(နိုင်)၀၆၄၀၄၀) အမည်ပေါက် မြေချပါမစ်မူရင်း ဧရိယာအကျယ်အဝန်း(၄၀ပေ x ၆၀ပေ) ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်များဖြင့် လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးအေးစန်း (၁၂/လမန(နိုင်)၁၀၂၆၅၁) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမောင်မောင်လတ် (၁၂/မရက(နိုင်)၁၁၀၄၉၃) မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမောင်မောင်လတ်၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုရည်လှိုင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၃၄၅၀)**
**အမှတ်(၆၁၀)၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၉(အေ)ရပ်ကွက်၊**
**ဒဂုံမြို့ သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၂၄၄၉၄၂၂၊ ၀၉-၆၉၃၅၆၃၇၈၅**

## (၁၉-၈-၂၀၂၃)နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၂) ပါ ဦးသန်းရွှေ (၁၂/ဗဟန(နိုင်)၀၈၀၄၀၇)၏ ကြေညာချက်အပေါ် ဦးသန်းရွှေနှင့် အများသိစေရန် တုံ့ပြန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ ဒဂုံသီရိလမ်း၊ အိမ်အမှတ်(၄၆)နေ၊ ကျွန်ုပ်၏ မိတ်ဆွေဒေါ်လှလှရီ (ဘ) ဦးကျော်ခင် (၁၂/တမန(နိုင်)၀၈၁၃၁၉) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးတုံ့ပြန်ကြေညာလိုက်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဒေါ်လှလှရီ အမည်ပေါက် ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ဆိုင်ခန်းကြီး (အနောက်ဘက်တန်း)၊ အမှတ်(၁၄၆)ဟုခေါ်တွင်သော အကျယ်အဝန်း (၁၂ပေx ပေ ၂၀)ရှိဆိုင်ခန်းသည် (၁၉၈၇) ခုနှစ်ကတည်းက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရုံး၊ ဈေးများဌာန ဆိုင်ခန်းတည်ခင်းရောင်းချခွင့်ကို ဒေါ်လှလှရီအမည်ဖြင့် ရရှိခဲ့ခြင်းဖြစ်ပြီး ဆိုင်ခန်းနှင့်ပတ်သက်သော ပေးဆောင်ရန်ရှိသည့် အခွန်အခများ ဆိုင်ခန်းခများကို ယနေ့အချိန်ထိ ဒေါ်လှလှရီမှပင် ထမ်းဆောင်ကာ တစ်ဦးတည်း အမည်ပေါက် ပိုင်ဆိုင်သူတစ်ဦးဖြစ်ပါသည်။ သို့ဖြစ်၍ ဆိုင်ခန်းအား ရောင်းချခြင်း၊ ငှားရမ်းခြင်းစသည့်ကိစ္စရပ်များကို ဒေါ်လှလှရီ တစ်ဦးတည်းကသာ စီမံခန့်ခွဲဆောင်ရွက်ခွင့်ရှိသူဖြစ်သည့်အလျောက် အခြားသူတစ်ဦးတစ်ယောက်အား အပြီးအပိုင်ရောင်းချရာ၌ မည်သူတစ်ဦးတစ်ယောက်ကမျှ ဝင်ရောက်စွက်ဖက်ကန့်ကွက်ခြင်းတို့ကို ပြုလုပ်ပိုင်ခွင့်မရှိပါကြောင်း၊ အဆိုပါဆိုင်ခန်းအမှတ်(၁၄၆)သည် အမွေဆိုင်ပစ္စည်း မဟုတ်သည့်အတွက် ဦးသန်းရွှေသော်လည်းကောင်း၊ အခြားဒေါ်လှလှရီ၏ မွေးချင်းမောင်နှမတစ်ဦးတစ်ယောက်မျှသော်လည်းကောင်း ကန့်ကွက်ပိုင်ခွင့်မရှိသည့်အတွက် အရောင်းအဝယ်အား တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးသန်းရွှေနှင့် အများသိစေရန် အသိပေးတုံ့ပြန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချိုချိုမာ (တရားလွှတ်တော်ရှေ့နေ) (စဉ် - ၇၉၂၁)**
**ဒေါ်စုသန္တာသိန်း (တရားလွှတ်တော်ရှေ့နေ) (စဉ် -၉၅၅၅)**
**အမှတ်(၆၀)၊ မြေညီထပ်၊ ဘားလမ်း(ခ)မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၀၀၂၉၄၁၅၊ ၀၉-၄၄၃၀၅၁၁၅၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၆ယ/၁၁၂၂ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇာခြည်ထွန်း ၁၀/မလမ(နိုင်)၂၅၆၀၁၃က(က မ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 12U/8335, BAJAJ, T/Wအား စစ်တွေမြို့၊ မကျည်းမြိုင်ရပ်ကွက်နေ ဦးမိုးဝင်း ၅/အရတ(နိုင်)၀၆၅၇၁၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး၊**
**စစ်တွေ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3B/5248 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(တာချီလိတ်)**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ရှောရပ်ကွက်၊ ကွင်းအမှတ်(၆)၊ ဦးပိုင်အမှတ် (၄၃/က)၊ မြေဧရိယာ(၀ဒသမ၁၉၉)ဧကရှိ မြေကွက်သည် မူလက ဒေါ်ဒိုင်နန်းအမည်ဖြင့် ခရိုင်အမှုတွဲအမှတ်၊ ၅၀၅/ V ၂၀၁၅-၂၀၁၆ အရ (၂၉-၁၂-၂၀၄၅) ရက်နေ့ထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပါသည်။ မြေငှားဂရန် အမည်ပေါက်သူ ဒေါ်ဒိုင်နန်းက(၂၄-၇-၂၀၂၃)ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၃၄၁/၂၀၂၃) အရ ဦးအောင်အောင်(ခ)အောင်တူး ၁/မရမ(နိုင်)၀၇၆၇၀၂ ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဦးအောင် အောင်(ခ)အောင်တူး အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်နေ့မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်နေ့ အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ်တော်အရာရှိ၊**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

မြန်မာ့အလင်း

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - မြင့်စိုး
**သတင်းထောက်မှူး** - ခင်ရတနာ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
**ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
**အငယ်တန်းသတင်းထောက်များ** - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်-**၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၁၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၉ - ၈ - ၂၀၂၃

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၅၁၅ ကျပ် | ၂၅၆၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၅၉၅ ကျပ် | ၂၆၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၃၀၅ ကျပ် | ၂၃၅၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၄၂၅ ကျပ် | ၂၄၇၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ်မတွေ့ရှိ

(၂၉-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၂၈-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၉-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၄၆၅) ခုအား စစ်ဆေးပြီးစီးခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၅၀၀ | ၉၅၀၀ | ၃၉၅ | ၃၇၅၂၆၀၀ |
| MTSH | ၃၂၀၀ | ၃၂၀၀ | ၁၃၀၇ | ၄၁၈၂၄၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၇၀၀ | ၁၇၀၀ | ၈၃ | ၁၄၁၁၀၀ |
| TMH | ၂၄၅၀ | ၂၄၅၀ | ၁၂၀ | ၂၉၄၀၀၀ |
| EFR | ၂၃၀၀ | ၂၃၀၀ | ၈ | ၁၈၄၀၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၅ | ၂၄၅၀၀ |
| MAEPC | ၁၈၅၀ | ၁၈၅၀ | ၅၁၅၇ | ၉၅၄၀၄၅၀ |

ညီညီ - စုစည်းသည်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်တွင်းအခွန်များဦးစီးဌာန ယာယီ

အောင်ဘာလေသိန်းဆုဌာနခွဲ

## ကြေညာချက်

(ရက် စွဲ၊ ၂၀၂၃ ခုနှစ်၊ ဩဂုတ် လ ၃၀ ရက်)

၁။ ၂၀၂၃ခုနှစ်၊ စက်တင်ဘာလ(၁)ရက်နေ့တွင် ကျင်းပမည့် (၅၄)ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆု ထီလက်မှတ်များကို **“က”အက္ခရာမှ အစဉ်လိုက်“စ”အက္ခရာအထိ** အက္ခရာ(၆)လုံးနှင့် အောင်ဘာလေအွန်လိုင်းသိန်းဆု ထီလက်မှတ်များကို **“ဆ”အက္ခရာမှ အစဉ်လိုက်“ဌ”အက္ခရာအထိ** အက္ခရာ(၆)လုံး စုစုပေါင်းအက္ခရာ(၁၂)လုံး ရောင်းချခဲ့ပါသည်။

၂။ ထီလက်မှတ်များရောင်းချရငွေမှာ ကျပ်သန်း (၅၂၉၃.၁၈၈) ဖြစ်သဖြင့် ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း ( ၃၇၀၅.၂၃၁) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (**၁၃၄.၈၀၀**) ကို ပြန်လည် ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

(က) **အထူးဆုကြီး**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| (၂) | ကျပ်သိန်းနှစ်ထောင် | = | (၁) | ဆု |
| (၃) | ကျပ်သိန်းတစ်ထောင် | = | (၁) | ဆု |

(ခ) **ဆုတစ်ဆုချင်း**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သိန်းငါးရာ | = | ( ၃ ) | ဆု |
| (၂) | ကျပ်သိန်းနှစ်ရာ | = | ( ၅ ) | ဆု |
| (၃) | ကျပ်သိန်းတစ်ရာ | = | ( ၈ ) | ဆု |
| (၄) | ကျပ်သိန်းငါးဆယ် | = | (၁၁) | ဆု |
| (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၁၇) | ဆု |
| (၆) | ကျပ်တစ်ဆယ်သိန်း | = | (၁၇) | ဆု |

(ဂ) **ဝေဝေဆာဆာပဒေသာဆု**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သုံးသိန်း | = | ( ၃၀ ) | ဆု |
| (၂) | ကျပ်နှစ်သိန်း | = | ( ၃၀၀) | ဆု |
| (၃) | ကျပ်တစ်သိန်း | = | (၉၀၀၀) | ဆု |
| (၄) | ကျပ်ငါးသောင်း | = | (၁၀၀၀၀) | ဆု |
| (၅) | ကျပ်တစ်သောင်း | = | (၁၀၀၀၀၀) | ဆု |

(ဃ) **ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း(၁၃၄.၈၀၀ )မှ ချီးမြှင့်သည့်ဆု**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ် တစ်ဆယ်သိန်း | = | ( ၂ ) | ဆု |
| (၂) | ကျပ် သုံးသိန်း | = | ( ၄၀ ) | ဆု |
| (၃) | ကျပ် နှစ်သိန်း | = | (၁၀၀) | ဆု |
| (၄) | ကျပ် တစ်သိန်း | = | (၁၀၀၀) | ဆု |

၄။ ဖော်ပြပါခွဲဝေထားသော ဆုမဲအရေအတွက်မှာ ရောင်းရငွေ၏ ၇၀% အပေါ်အခြေခံ၍ ခွဲဝေထားခြင်းဖြစ်ပြီး ထီဖွင့်ပွဲတွင် ဝေဝေဆာဆာပဒေသာဆုမဲစနစ်မှ ရောင်းမကုန်ထီလက်မှတ်နံပါတ်များ ထွက်ပေါ်လာပါက အဆိုပါဆုမဲတန်ဖိုးစုစုပေါင်းအား အခြားသင့်လျော်သောဆုမဲများအဖြစ် ဆုတစ်ဆုချင်းစနစ်နှင့် ဝေဝေဆာဆာပဒေသာဆုမဲများ ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်သဖြင့် ခွဲဝေထားသော ဆုမဲအရေအတွက် အပြောင်းအလဲရှိနိုင်ပါသည်။ ဆုမဲတန်ဖိုးငွေစုစုပေါင်းမှာ ပြောင်းလဲမှုမရှိပါ။

၅။ (၅၄)ကြိမ်မြောက်ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီနှင့် အောင်ဘာလေအွန်လိုင်းသိန်းဆုထီဖွင့်ပွဲကို (၁-၉-၂၀၂၃) ရက်နေ့ (သောကြာနေ့)၊ နံနက်(၀၈:၀၀) နာရီ အချိန်တွင် အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့်(၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

## အများသိစေရန်အသိပေးကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊အုတ်တွင်းမြို့နယ်၊ ခေါင်ရမ်းကျေးရွာအုပ်စု၊ မြင်းစုကျေးရွာရှိ ကွင်းအမှတ်(၃၇၅)၊ ထန်းတပင်ကွင်း၊ ဦးပိုင်အမှတ်(၁၀၇)၊ ဧရိယာအတွင်းရှိ ခြံမြေနှင့်မြေပေါ်ရှိ အဆောက်အအုံတို့မှာ အဘိုးဦးချစ်မောင် အမည်ပေါက်အမွေဆိုင်ပစ္စည်းများဖြစ်၍ အမွေဆိုင်များ၏ သဘောတူညီမှု မရဘဲ မည်သူမျှ ရောင်းချ/ ပေါင်နှံ/ ငှားရမ်း / တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြု ကြရန်အမွေဆိုင် ဦးဇော်မင်းပိုင် ၏လွှဲအပ်ညွှန်ကြားချက်အရအများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိန်လှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၄၇၂/၇၉)**
**အမှတ်-၁၅/၁၀၆၊(၄)လမ်း၊ တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီး**
**ဖုန်း - ၀၉-၇၉၄၂၀၀၉၁၉**

## မသက်ဆိုင်တော့ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်ရပ်ကွက် နေကျွန်မ ဒေါ်ဝင်းမာအေး ၁၂/မဘန(နိုင်) ၀၉၃၄၄၀၏တူ မောင်ဇင်မင်းထွန်း ၁၄/ပသန(နိုင်) ၂၀၅၉၇၁သည် အဒေါ်ဖြစ်သူ၏ စကားအားနားမထောင်ဘဲ အိမ်ပေါ်မှ ဆင်းသွားပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ တူအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းမာအေး**
**၁၂/မဘန(နိုင်)၀၉၃၄၄၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီး/ဥက္ကံမြို့နယ်၊ အနော်ရထာရပ်ကွက်၊ ကျောင်းလမ်း၊အမှတ်(၁၅၄)၊ မြေအကျယ် (၀ဒသမ၀၃၆)ကေရှိ ဦးဟုတ်ရှင်အမည်ပေါက်နှစ်(၃၀) ဂရန်မြေပေါ်ရှိ သွပ်မိုး၊ပျဉ်ခင်း၊ အုတ်ကာနှစ်ထပ်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်၏မိတ်ဆွေ ဦးဟုတ်ရှင် ၁၂/တကန (နိုင်)၁၀၈၀၃၃က သမီးဖြစ်သူ ဒေါ်ခင်အေးနွယ်၁၂/တကန(နိုင်) ၀၁၅၅၁၄အား မေတ္တာဖြင့် အပိုင်ပေးအပ်ခြင်း မှတ်ပုံတင်စာချုပ်ဖြင့် အပိုင်ပေးအပ်ခြင်းအပေါ် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက မေတ္တာဖြင့် ပေးအပ်ခြင်း မှတ်ပုံတင်စာချုပ်ကို ဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဟုတ်ရှင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရည်မွန်အောင်**
**တရားလွှတ်တော်ရှေ့နေ(စဉ် -၁၃၈၃၉ )**
**အမှတ်(၂၆၈၈)၊ စိန်တစ်ပွင့်လမ်း၊ ဒ/၁၇ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၀၃၃၈၂၆**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၂)ရပ်ကွက်၊ စာတိုက်လမ်း၊ အမှတ်-၃၁၏ ခေါင်းရင်းဘက်အခြမ်းတွင် နေထိုင်သူ ဒေါ်တင်တင်သန်း (DBN-၀၁၈၉၈၅) သည် ကျွန်ုပ်မိတ်ဆွေဖြစ်ကာ ၎င်း၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ယမုံနာ (၂) ရပ်ကွက်၊ စာတိုက်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ လူနေရပ် ကွက်အမှတ် - ယမုံနာ (၂)၊ မြေကွက်အမှတ် - ၃၁၊ နှစ် (၆၀) ဂရန်မြေငှားဂရန်မြေရှိ (၂၅ပေ x ပေ ၅၀) မြေကွက်အနက် ခေါင်းရင်းဘက်ခြမ်း (၁၂ ½ ပေx ၅၀ပေ)ရှိ မြေကွက်ကို ဦးထွန်းခင်မှ မြေငှားဂရန်အမည်ပေါက်ပိုင်ဆိုင်ကာ ကျွန်ုပ်မိတ်ဆွေ၏ခင်ပွန်း ဦးလှစိန်ထံသို့ရောင်းချပြီး မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန် ပျက်ကွက်သဖြင့် ဦးလှစိန်မှ တရားလိုပြုလုပ်ကာ ဦးထွန်းခင်အပေါ် ဒေါပုံမြို့နယ်တရားရုံးတော်၌ ၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ် - ၃၄ ဖြင့် ပဋိညာဉ်အတိုင်း အိမ်နှင့်မြေ အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ ဂရန်အမည်ပေါက်သည်အထိ ဆောင်ရွက်ပေးစေလိုမှုစွဲဆိုခဲ့ရာ အနိုင်ဒီကရီ ရရှိပြီးဖြစ်ပါသည်။ ထိုအနိုင်ဒီကရီ ရရှိပြီးနောက်ပိုင်းတွင် ကျွန်ုပ်မိတ်ဆွေ၏ခင်ပွန်း ဦးလှစိန် ကွယ်လွန်သွားသဖြင့် ဦးလှစိန်၏တရားဝင် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်တင်တင်သန်းမှ အဆိုပါအိမ်နှင့်မြေပေါ်တွင် ဆက်ခံပိုင်ဆိုင် လက်ရှိထားနေထိုင်နေပါသည်။

ကျွန်ုပ်မိတ်ဆွေ လက်ရှိထားနေထိုင်ပိုင်ဆိုင်နေသော အိမ်မြေနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ၏ သဘောတူခွင့်ပြုချက်မရှိဘဲ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ မည်သူကမျှ မပြုရန်နှင့် ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရရှိဘဲ အဆောက်အအုံ ဆောက်လုပ်ရန် ကန်ထရိုက်တာနှင့် ဆောင်ရွက်ခြင်းကိုသော်လည်းကောင်း၊ ကျွန်ုပ်မိတ်ဆွေပိုင် အိမ်မြေနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် မြေပုံကူးများ လျှောက်ထားခြင်းနှင့် အဆောက်အအုံ ဆောက်လုပ်ရန်အတွက် အင်ဂျင်နီယာဌာနတွင် ကျွန်ုပ်မိတ်ဆွေမသိရှိဘဲ ဆက်သွယ်ဆောင်ရွက်လျှောက်ထားခြင်းများအား လုံးဝမပြုလုပ်ရန် တားမြစ်အပ်ပါသည်။

ယခုအခါ ကျွန်ုပ်မိတ်ဆွေမှ ၎င်းပိုင်ဆိုင်သော အိမ်နှင့်မြေအား ရောင်းချရန်အတွက် ဆောင်ရွက်နေပြီဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအောင်မင်းထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၃၇၉/၂၀၁၇)**
**တိုက် (၉/၁၁)၊ အခန်း (၁၀၂/E)၊ ပထမထပ်၊ (၃၆) လမ်းတို၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း- ၀၉-၄၂၀၀၄၄၅၂၀**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅)၊ နတ်ရေကန်(၁)လမ်း၊ မြေကွက်အမှတ်(၁၂၅၇)၊ အကျယ်အဝန်း(၄၂ပေ × ၆၀ပေ)ရှိ ဦးစိုးအောင် (၁၂/ရကန (နိုင်) ၀၅၄၉၁၂) အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဦးစိုးအောင် ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးပြည့်ဖြိုးအောင်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1L/9806, TOYOTA LANDCRUISER UZJ-100, STATIONWAGON (4x4)R ယာဉ် လက်ဝယ်ရှိသူ ဦးသန်းစိုးဦး ၅/ခဥန(နိုင်)၁၂၂၂၁၈ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8F/8660, Sanda Truck P/Uယာဉ်လက်ဝယ်ရှိသူ ဦးဆန်းမြတ် ၁၂/ဒဂတ(ပြု) ၀၀၁၁၉၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ဖခင်အမည်မှန်

ကသာမြို့၊ အထက(၁)ကျောင်း၊ Grade-12 တန်းမှ မလှိုင်လှိုင်မိုး၏ ဖခင်အမည်မှန်မှာ ဦးကျော်မိုးနိုင် ၅/ရဥန(နိုင်)၀၇၀၅၄၇ ဖြစ်ပါသည်။

**ဦးကျော်မိုးနိုင်**
**၅/ရဥန(နိုင်)၀၇၀၅၄၇**

## ဖခင်အမည်မှန်

ကသာမြို့၊ အထက(၁)ကျောင်း၊ Grade-11 တန်းမှ မလဝန်းငယ်၏ ဖခင်အမည်မှန်မှာ ဦးဇော်ညီညီ ၅/ကသန(နိုင်)၁၀၂၃၈၃ ဖြစ်ပါသည်။

**ဦးဇော်ညီညီ**
**၅/ကသန(နိုင်)၁၀၂၃၈၃**

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးမြတ်လင်းထိုက် ပတ်စ်ပို့နံပါတ် A-၁၃၃၅၀၃ မှတ်ပုံတင်နံပါတ် ၁၂/အစန(နိုင်)၁၈၇၈၈၀ သည် ပတ်စ်ပို့ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်သီတာထွေး (ဘ)ဦးမြင့်ရွှေ ၁၂/ကခက(နိုင်)၀၇၃၄၄၂ ကိုင်ဆောင်ထားသော ပတ်စ်ပို့(နံပါတ်မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၆၇၂၆၈ ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းထွန်း ၁၀/မလမ(နိုင်)၂၄၇၂၃၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၁၇၉၂၂ ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းထွန်း ၁၀/မလမ(နိုင်)၂၄၇၂၃၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 11W/44753 Luojia-110 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဇော် ၉/မလန(နိုင်)၁၀၉၀၅၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## မတည်ငွေရင်းလျှော့ချကြောင်းကြော်ငြာခြင်း

မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ (၂၀၁၇)ပုဒ်မ ၁၁၆၊ (င)ပုဒ်မခွဲ ၂ အရ Comformity of Crystal clean service group of company Ltd.၏ မတည်ငွေရင်း လျှော့ချခြင်းကိစ္စနှင့် ပတ်သက်၍ ၂၇-၈-၂၀၂၃ ရက်တွင် ကျင်းပပြုလုပ်ခဲ့သော ဒါရိုက်တာအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်အရ ကုမ္ပဏီ၏ မတည်ရင်းနှီးငွေသိန်း ၁၀၀၀ (သိန်းတစ်ထောင်)မှ သိန်း၅၀၀(သိန်းငါးရာ)သို့ လျှော့ချရန် ဒါရိုက်တာအဖွဲ့ဝင်အားလုံးမှ သဘောတူဆုံးဖြတ်ခဲ့ကြပါသည်။

**Comormity of Crystal clean service group of company Ltd.**
**ဒါရိုက်တာအဖွဲ့**

## မြေကွက်ဝယ်ယူပိုင်ဆိုင်ပြီးကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ဒဂုံမြို့သစ်ခရိုင်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၃၊ မြေကွက်အမှတ် (၁၂၂)၊ မြခွာညို (၁)လမ်းဟုခေါ်တွင်သော အကျယ်အဝန်း အလျား (၄၀)ပေ x အနံ (၆၀) ပေအကျယ်အဝန်းရှိ ဒေါ်ကြည်ကြည်ဇင် ၁၂/မဂတ(နိုင်)၀၃၆၀၃၃ အမည်ပေါက် မြေချပါမစ်မူရင်း မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (ခြေရင်းဘက်ခြမ်းကပ်လျက်ရှိ) အလျား(၁၀)ပေ(၆၀)ပေ အကျယ်အဝန်းရှိ (ပါမစ်မိတ္တူခြမ်း)ကို ဆက်စပ်စာချုပ်အဆက်စပ်ဖြင့် လက်ဝယ်ပိုင်ဆိုင်ထားသူ ဒေါ်စိန်သန်းရင် ၁၂/လသန(နိုင်)၀၁၀၄၆၁ တို့ထံမှ ဦးငြိမ်းချမ်းဇေ ၁၂/မရက(နိုင်)၁၆၁၉၁၉ က ၂၆-၈-၂၀၂၃ ရက်တွင် ငွေအကျေပေးချေ၍ တရားဝင် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးငြိမ်းချမ်းဇေ**
**၁၂/မရက (နိုင်) ၁၆၁၉၁၉**
**ဖုန်း-၀၉-၄၃၁၉၇၆၃၃**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော် အိမ်ရာစီမံကိန်းအတွင်းရှိ ဇုန် (City Loft)၊ တိုက်အမှတ် CL8(A4)၊ အခန်းအမှတ် (၄၀၆)၊ Type (Studio)၊ Area (၃၁၂)Sqftရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း တွင်ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးမင်းထွန်း ၁၂/လသန(နိုင်)၀၀၀၁၁၈ ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကောင်းထွဋ်**
**၁၂/ဥကမ(နိုင်)၀၀၃၃၈၅**
**ဖုန်း-၀၉-၂၅၀၆၀၂၃၄၄**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ဥသာဖယားလမ်း၊ အမှတ်(၄၆)၊ မြေညီကားပါကင်ပါသော+Penthouse+(၃)ခန်းတွဲ RC(၆ ၁/၂) ထပ်တိုက် အဆောက်အအုံ၏ အခန်းအမှတ် (2-B)(ဒုတိယထပ်)၊(၃-လွှာ)၊ ဧရိယာ(၁၂၀၀) စတုရန်းပေရှိ မီနီကွန်ဒိုတိုက်ခန်းနှင့် ၎င်းမီနီကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဖြစ်သော ဦးမင်းမင်းစိုး ၁၄/ပသန(နိုင်)၀၀၆၄၁၇ ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဒေါ်နန်းယုခိုင် ၅/တဆန(နိုင်)၁၁၄၀၅၆ က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်နန်းယုနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဖြိုးအောင်(LL.B),WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၄၅၅)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၂၁၁၅၇၈၅၆၊ ၀၉-၇၉၈၄၅၈၆၂၇**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃)၊ အနော်မာလမ်း၊ မြေကွက်အမှတ် (၁၃၈)ဟုခေါ်တွင်သော မြေအလျားx အနံ (၃၈x၆၀)ပေ၊ ဧရိယာ ၀ ဒသမ ၀၅၂ဧက အကျယ်အဝန်းရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၏ မြို့မြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်စိန် ၁၂/ဥကတ(နိုင်)၀၆၈၄၂၄ ထံမှ အရောင်းအဝယ်စာချုပ်စာတမ်း အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ယဉ်ယဉ်မြင့် ၁၂/တမန(နိုင်)၀၅၃၈၅၃ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်သန္တာအောင် ၁၂/တတန(နိုင်)၁၄၉၀၅၉ မှ ၂၈-၈-၂၀၂၃ ရက်တွင် မြေကွက်နှင့် အဆောက်အအုံအပြီးအပိုင် အရောင်းအဝယ်ငွေချေကတိစာချုပ်”ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး မြေကွက်နှင့်အဆောက်အအုံအပါအဝင် နှစ်(၆၀)မြေငှားဂရန်မူရင်းနှင့် စာချုပ်စာတမ်းအဆက်စပ်မူရင်းများအားလုံးတို့ကို လက်ရောက်ရရှိပိုင်ဆိုင်ခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါမြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်သန္တာအောင်တစ်ဦးတည်းသာလျှင် တရားဝင်လက်ရောက်ပိုင်ဆိုင်သူဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဝင်းသူရဇော်(LL.B)** | **ဒေါ်ယမင်းထွေး ( L L.B)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၄၂၀၆၆/၂၀၁၃)** | **(စဉ်-၁၂၃၆၅/၂၀၁၇)** |

**အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆**

## ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်းနှင့် ကုန်ပစ္စည်းဖြန့်ဖြူးရောင်းချခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၁၁၉x၁၂၀လမ်း၊ ၆၅-စီလမ်း၊ ၆၉x၇၀၊ အမှတ်(AH)တွင် တည်ရှိသော COWDEYS MYANMAR TRADING COMPANY LIMITED ကုမ္ပဏီမှတ်ပုံတင်အမှတ်(၁၂၁၄၇၉၉၇၄)သည် အောက်တွင် ဖော်ပြထားသည့် အမှတ်တံဆိပ်အား မြန်မာနိုင်ငံ၏တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် တရားဝင်ဖြန့်ဖြူးရောင်းချခွင့်ရရှိထားသော ကုမ္ပဏီဖြစ်ပြီး နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားသည့် ကုန်အမှတ်တံဆိပ်မူပိုင်ရှင် ဖြစ်ပါသည်-

COWDEYS

**မှတ်ပုံတင်စာချုပ်အမှတ်-၅၀၀/၂၀၂၃ (၁၆. ၈ ၂၀၂၃)**

အထက်ဖော်ပြပါ "COWDEYS" HEALTH CARE ဟူသော အင်္ဂလိပ်စာသားအဖြစ် ယှဉ်တွဲဖော်ပြပါပုံအမှတ်အသားဖြင့် COWDEYS နို့ခဲ၊ ဆယ်မွန်၊ ပရိုးတင်းဓာတ်စာ အစရှိသည့် ထုတ်ကုန်များအား Online မှ ရောင်းချခြင်း၊ ဆိုင်ခန်းများ၊ ရုံးခန်းများဖွင့်လှစ်ရောင်းချခြင်း၊ ကိုယ်စားလှယ်များကိုရောင်းချခြင်း၊ လက်လီလက်ကားဖြန့်ဖြူးရောင်းချခြင်း၊ တင်သွင်းခြင်း၊ သတင်းစာကြေညာခြင်း၊ တံဆိပ်၊ ဒီဇိုင်းပြုလုပ်ခြင်း၊ လက်ကမ်းကြေညာ၊ Website, Facebook Cowdeys Myanmar Page အစရှိသည်တို့နှင့် နည်းပညာတိုးတက်မှုကို မူတည်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံး အမှတ်တံဆိပ်ထုတ်ကုန်အမျိုးမျိုးတို့အား ကျွန်ုပ် COWDEYS MYANMAR TRADING COMPANY LIMITED မှအပ ဈေးကွက်အတွင်းတွင်ဖြစ်စေ၊ Online မှဖြစ်စေ တင်သွင်းရောင်းချခြင်း မပြုပါရန်နှင့် တရားဝင်ကိုယ်စားလှယ်ရရှိထားခြင်းမရှိဘဲ ဖြန့်ဖြူးရောင်းချခြင်း၊ တရားဝင်ကိုယ်စားလှယ်မဟုတ်ဘဲ Facebook, Page, Website စသည်တို့တွင် အခြားသောနည်းဖြင့် ရောင်းချခြင်းမပြုလုပ်ကြရန် အသိပေးတားမြစ်ပါသည်။ ၎င်းအမှတ်တံဆိပ် မှိငြမ်းတုပသုံးစွဲခဲ့မည်ဆိုပါက တည်ဆဲဥပဒေနှင့်အညီ လိုအပ်သလိုနစ်နာမှုပေါင်း၍ တရားစွဲဆိုအရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**COWDEYS MYANMAR TRADING COMPANY LIMITED ၏**
**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခိုင်ဇာကျော် ( LL.B ) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၉၉၉)**
**အမှတ်(၆)၊ အနော်ရထာရပ်ကွက်၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်။**
**ဖုန်း-၀၉-၄၂၂၂၀၁၀၀၁၊ ၀၉-၆၈၀၇၅၅၀၆၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးသိန်းဆောင် ၉/ကပတ(နိုင်)၀၆၁၆၆၇ (ဘ) ဦးမောင်ပု အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၃၁၄၆၉ )ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၀၂၄/၂၀၁၉ (၁၇-၉-၂၀၁၉)ဖြင့် မြေကွက်အမည်ပေါက်၏အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးမောင်မောင် ၇/ပတတ(နိုင်)၀၅၂၄၀၉ (ဘ) ဦးသန်းတင် မှ ဦးမျိုးကျော် ၁၀/ကထန(နိုင်)၀၉၂၆၂၅ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိ သည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၂၊ မြေအကွက်အမှတ် ၄၃၅/ခ၊ ၁၂၀၀စ/ပေ၊ မြေကွက်တည်နေရာအမှတ် (၄၃၅/ခ)၊ မေခါဝီလမ်း၊ (၈၂)ရပ်ကွက်၊ ဒေါ်ထွေး ၁၂/ဥကမ(နိုင်)၁၀၃၁၈၆ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက် ဒေါ်ထွေး(မိခင်)သည် ၃-၅-၁၉၉၇ ရက်တွင်လည်းကောင်း၊ ဦးမောင်တင်(ဖခင်)သည် ၇-၈-၁၉၈၀ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ဖြင့် ဒေါ်အေးအေးဝင်း၊ ဒေါ်အေးပုံ သမီး(၂)ဦးမွေးဖွားခဲ့ရာ ဒေါ်အေးပုံ(သမီး)သည် ၂၇-၇-၂၀၂၁ ရက်တွင်အပျိုကြီးဘဝဖြင့် ကိတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်းမရှိဘဲ ကွယ်လွန်သဖြင့် ဒေါ်အေးအေးဝင်း ၁၂/ဥကမ(နိုင်)၁၀၄၈၉၄၊ (N/OKA-068892)မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့် သမီးတော်စပ်ကြောင်း၊ မိမိမှလွဲ၍ အခြားအမွေဆက်ခံပိုင်ဆိုင်သူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်း၊ ကျမ်းကျိန်လွှာအမှတ် ၃၉၄/၂၀၂၃/၅-၄-၂၀၂၃၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်မူရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/66020 LUOJIA 110 M/C ယာဉ်လက်ဝယ်ရှိသူ ETERNAL GREEN CO.,LTD က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(သာယာဝတီ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၅ယ/၃၃၉၁၄ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ခန့်ထူး ၁၀/မလမ(နိုင်)၂၃၉၀၁၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိဦးဝင်းတင် ၁၁/ကဖန(နိုင်)၀၉၁၀၇၃ (ဘ) ဦးသောင်းခင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၂၀၅၇၅) ကိုနေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၀၃၀/၂၀၁၂ (၂၃-၇-၂၀၁၂)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်စီစီဝင်း ၁၃/ကခန(နိုင်)၀၅၅၈၁၂ (ဘ) ဦးဝင်းမောင်မှ ဦးမျိုးကျော် ၁၀/ကထန(နိုင်)၀၉၂၆၂၅ နှင့်မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၆)၊ ကြာနီလမ်း၊ မြေကွက်အမှတ်(၁၀၂၀)၊ အကျယ်အဝန်း ပေ(၄၀x၆၀)အနက်မှ တရားဝင်မခွဲစိတ်ရသေးသော ပေ(၂၀x၆၀)ရှိ ခြေရင်းခြမ်း၊ အမှတ်(၁၀၁၉)နှင့် ကပ်လျက်အခြမ်း၊ အမှတ်(၁၀၂၀/ခ) နှစ်(၆၀)မြေငှားဂရန်မိတ္တူ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေယာဌာနတွင် ဒေါ်ခင်ထားဇင်(ခ)ဒေါ်ထားထား (CG/000265)အမည်ဖြင့် မှတ်သားတည်ရှိပြီး နှစ်(၆၀)မြေငှားဂရန်မိတ္တူနှင့်အတူ အဆက်စပ်စာချုပ်စာတမ်းမိတ္တူများ၊ အထူးကိုယ်စားလှယ်လွှဲစာမိတ္တူတို့ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမျိုးဝင် ၁၂/ဥကတ(နိုင်)၀၈၁၇၂၂ မှ တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ နှစ်(၆၀)မြေငှားဂရန်မိတ္တူဖြင့် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေး စာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ယင်းအိမ်မြေနှင့်ပတ်သက်၍ ကန့်ကွက်လို သူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါ သည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင် ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သင်းမာလာ(ခ)ဒေါ်မြင့်မြင့်အေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မြနှင်းအေး(LL.B)** | **ဒေါ်ဝင်းသီတာထွန်း(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၅၂၇၃၄)** | **အထက်တန်းရှေ့နေ(စဉ်-၅၅၀၂၂)** |

**အမှတ် ၄၄၃၊ ရွှေဖီခိုင်ညွှာလမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)**
**မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၄၄၁၈၂၂၄၊ ၀၉-၉၇၂၅၈၇၇၉၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေအင်ကြင်းအနောက်ရပ်၊ မြေကွက်အမှတ်(ဒ-၄၄၀၆)၊ ဧရိယာ ၀ ဒသမ ၀၈၂ဧကရှိ ဦးမြင့်အောင် (ဘ) ဦးမြသိန်း ၉/လဝန(နိုင်)၀၀၇၅၁၁ အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်အေးသန္တာစိုး (ဘ)ဦးဝင်းထိန် ၇/လပတ(နိုင်)၁၆၁၃၈၁ မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀/၂၊ လက်ပံခါးလှ(အောင်ဇမ္ဗူ)၊ မြေကွက်အမှတ်(၂၄၇)၊ ဧရိယာ ၀ ဒသမ ၂၆၀ ကေအား အမည်ပေါက် ဒေါ်ခင်အေး (ဘ)ဦးအေးမောင် ၉/ပမန(နိုင်)၁၀၉၇၉၃မှ ဝန်ခံကတိပြုချက်၊ ပတ်ဝန်းကျင်သက်သေထွက်ဆိုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1L/9585 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

## ဖခင်အမည်မှန်

ကသာမြို့၊ အထက(၁)ကျောင်း၊ Grade-10 တန်းမှ မဆုမြတ်ကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်ထွေး ၅/စကန(နိုင်)၁၅၉၈၇၉ ဖြစ်ပါသည်။

**ဦးကျော်ကျော်ထွေး**
**၅/စကန(နိုင်)၁၅၉၈၇၉**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# မြန်မာ့သစ်လုပ်ငန်း

## ကျွန်း/သစ်မာဘေးထွက်ပစ္စည်းများဖြစ်သည့် ထင်းများ ၊ ပျဉ်ပါးများနှင့် လေဘေးပြန်လည်ထူထောင်ရေးအတွက် ပေးပို့ပြီးရွေးကျန်အတိုအသေးဆိုဒ်စုံသစ်မာခွဲသားများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ရောင်းချရန်ကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာနလက်အောက်ရှိ အမှတ်(၁/၂/၃/၄/၆/၈/၁၀)သစ်စက်များရှိ ထင်းများ၊ ပျဉ်ပါးများနှင့် သစ်မာခွဲသားများအား အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည် -

| စဉ် | သစ်စက် | ထင်း (တန်) | ပျဉ်ပါး (တန်) | သစ်မာ ခွဲသား |
|---|---|---|---|---|
| (က) | အမှတ်(၁)သစ်စက်(ကြည့်မြင်တိုင်) | ၆၇.၃၉၈၈ | ၃.၀၅၈၉ | ၇.၃၉၀၄ |
| (ခ) | အမှတ်(၂)သစ်စက်(သန်လျင်) | ၉.၁၄၄၂ | - | ၁.၂၇၄၈ |
| (ဂ) | အမှတ်(၃)သစ်စက်(ဝါးတရာ) | ၁၇.၈၂၈၃ | ၀.၈၄၃၇ | ၃.၀၆၂၀ |
| (ဃ) | အမှတ်(၄)သစ်စက်(ဝါးတရာ) | ၈၈.၅၅၀၂ | ၂.၄၃၂၂ | - |
| (င) | အမှတ်(၆)သစ်စက်(ဝါးတရာ) | ၁၅.၀၀၀၀ | ၁.၀၀၀၀ | ၂.၉၁၈၈ |
| (စ) | အမှတ်(၈)သစ်စက်(လှိုင်) | ၁၀၈.၀၀၀၀ | ၁.၈၀၀၀ | ၄.၅၇၀၁ |
| (ဆ) | အမှတ်(၁၀)သစ်စက်(သန်လျင်) | ၈၅.၅၀၅၈ | ၃.၆၇၀၅ | - |
| | စုစုပေါင်း | ၃၉၁.၄၂၇၃ | ၁၂.၈၀၅၃ | ၁၉.၂၁၆၁ |

၂။ အိတ်ဖွင့်တင်ဒါရောင်းချမည့်နေ့ရက်နှင့်အချိန် - ၁၈-၉-၂၀၂၃ရက်(တနင်္လာနေ့) နံနက်(၉:၀၀)နာရီ

၃။ အိတ်ဖွင့်တင်ဒါရောင်းချမည့်နေရာ - အမှတ်(၄)သစ်စက်(ဝါးတရာ)

၄။ တင်ဒါလျှောက်လွှာနှင့်စည်းကမ်းချက်ပုံစံ ရောင်းချမည့်နေ့ရက်နှင့်နေရာ - ၁-၉-၂၀၂၃ရက်မှ ၁၂-၉-၂၀၂၃ရက်(ရုံးချိန်အတွင်း) အမှတ်(၄)သစ်စက်(ဝါးတရာ)

၅။ အသေးစိတ်အချက်အလက်များစုံစမ်းရန် - ဖုန်း-၀၉-၉၆၆၆၇၀၄၀၁၊ ၀၉-၅၁၆၆၉၃၀

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအဆင့်၊ ဇုန်(A)၊ တိုက်အမှတ်(A-3)၊ အခန်းအမှတ်(1205)၊ Type (B)၊ Area (905) sqftရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်မြင့်မြင့်ဝင်း ၁၂/လသန(နိုင်)၀၁၆၅၅၆ ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်တော်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းများနှင့်အတူ ယခု ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်အေးမော်**
**၁၂/လမန(နိုင်)၁၀၀၈၂၇**
**ဖုန်း-၀၉-၅၀၈၄၂၅၂၊ ၀၉-၅၁၂၄၀၇၉**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ဦးဇော်မင်း ၁၂/လမန(နိုင်)၀၁၆၉၉၀၊ အမှတ်(၄)၊ မာလာမြိုင်(၅)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မာလာမြိုင်(၅)လမ်း၊ (၁၆)ရပ်ကွက်၊ အမှတ်(၄)၊ (အလျား ၂၅ပေxအနံ ပေ၅၀)အကျယ်ရှိ ဒေါ်သောင်းရင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေ အမျိုးအစားပေါ်တွင် သွပ်မိုး၊ ပျဉ်ခင်း၊ အုတ်နံရံကာ နှစ်ထပ်တိုက်အိမ်တည်ရှိပြီး၊ ထိုတိုက်ခံအိမ်နှင့်မြေကို ဒေါ်သောင်းရင်၏ အမွေဆက်ခံပိုင်ခွင့်ရှိသူ သား/သမီးများဖြစ်ကြသော ဒေါ်သန်းသန်းမြင့် ၁၂/လမန(နိုင်)၀၁၆၉၉၂၊ ဦးဇော်မင်း ၁၂/လမန(နိုင်)၀၁၆၉၉၀၊ ဦးဇော်ဝင်း (ကွယ်လွန်) ၁၂/လမန(နိုင်)၀၀၇၅၇၄၊ ဒေါ်လဲ့လဲ့ထွန်း ၁၂/လမန(နိုင်)၁၀၁၅၉၇ တို့မှ ထိုမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသောနေအိမ် အဆောက်အအုံကို မိမိတို့မှသာ အမွေဆက်ခံပိုင်ဆိုင် လက်ဝယ်ထားရှိပြီး အဆိုပါအိမ်နှင့်ခြံကို လွှဲပြောင်းရောင်းချတော့မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။ အဆိုပါ ခြံမြေကွက်အား ပိုင်ရေးဆိုင်ခွင့်ရှိသည်ဟု ယူဆသည့် မည်သူမဆို ဤကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင် တိကျခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်မင်းထံတွင်ဖြစ်စေ၊ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးဇော်မင်း** | **ဒေါ်လှလှမော်** |
| **၁၂/လမန(နိုင်)၀၁၆၉၉၀** | **အထက်တန်းရှေ့နေ (စဉ်-၄၈၄၅၃)** |
| | **အမှတ်(၂၃၄)၊ ခရေလမ်း၊ (၇၂)ရပ်ကွက်၊** |
| | **တောင်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။** |
| | **ဖုန်း-၀၉-၄၅၇၅၇၇၇၄၆** |

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းခရိုင်၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၁ (ကမာရွတ်)၊ ကင်းပွန်းခြံလမ်း၊ မြေကွက်အမှတ် (၁၉/ယ၂/B)၊ ရန်ကုန်တိုင်း ဒေသကြီး၊ မရမ်းကုန်းခရိုင်၊ လှိုင်မြို့နယ်၊ ကင်းပွန်းခြံလမ်း၊ အမှတ်(၆၅/က)ဟု ခေါ်တွင်သော အကျယ်အဝန်းဧရိယာအားဖြင့် ၀ ဒသမ ၀၆၈ ဧက၊ (၃၂ပေx၉၅ဒသမ၆ပေ) အကျယ် အဝန်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဌာန၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်သီရိခါ (ဘ)ဦးစွန်ခါ ၁၂/ဗဟန(နိုင်)၀၁၂၂၈၀ အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိသော မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် လုပ်ငန်းသုံး လျှပ်စစ်မီတာ (၁) လုံး၊ အိမ်သုံးလျှပ်စစ်မီတာ (၁) လုံး၊ ရေမော်တာ (၁)လုံးစသည့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်ရပ်ရပ် အားလုံးတို့ကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုပြီး တရားဝင်အမည်ပေါက် ရောင်းချသူ ဒေါ်သီရိခါထံမှ ကျွန်ုပ်၏မိတ်ဆွေက အပိုင်ဝယ်ယူရန်အတွက် မြေကွက်နှင့်တကွ အဆောက်အအုံအပါအဝင်တို့၏ တန်ဖိုးငွေများအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ပါ၍ တစ်စုံတစ်ရာပြောကြား ကန့်ကွက်လိုသူများသည် ပိုင်ဆိုင်မှုမူရင်း အထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ ဤသတင်းစာကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်မကျော်လွန်မီ လူကိုယ်တိုင် လာရောက်ကန့်ကွက်ပြောဆိုနိုင်ပါသည်။

သတ်မှတ်ရက်စေ့ရောက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးချစ်ကိုကို (ရွှေစာရေး)**
**LL.B, WIPO-101 (Switzerland) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၈၉၄ )**
**အမှတ် (၂၉၇)၊ အနော်ရထာလမ်း၊ (၄)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၂၁၀၂၁၆၃၇၊ ၀၉-၄၅၀၁၇၀၀၀၁၊ ၀၉-၇၆၅၄၄၂၅၃၄**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သီရိမွန်အိမ်ရာ (၁၀)လမ်း၊ အမှတ်(၄)ရှိ သရဖူစိုးမြင့် ကုမ္ပဏီလီမိတက်၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

"သရဖူစိုးမြင့် ကုမ္ပဏီလီမိတက်"တွင် ဦးအေးမင်းငွေ ၁၂/ပဇတ(နိုင်)၀၀၀၉၆၀ သည် ဒါရိုက်တာတစ်ဦးအဖြစ် လုပ်ကိုင်လာခဲ့သော်လည်း ၂၀၁၉ ခုနှစ်ခန့်တွင် ဦးအေးမင်းငွေသည် ကျန်းမာရေး အခြေအနေချို့တဲ့လာသည့်အတွက် ကုမ္ပဏီ၏လုပ်ငန်းကိစ္စများကိုလည်း တာဝန်ကျေပွန်စွာထမ်းဆောင်နိုင်မှုမရှိခြင်း၊ ကုမ္ပဏီ၏ ငွေစာရင်းရှင်းတမ်းများ ကိုလည်း စာရင်းတိကျစွာ ပြသပေးအပ်နိုင်မှုမရှိခြင်းတို့ကြောင့်၊ ကုမ္ပဏီအတွက် ထိခိုက်နစ်နာမှုများစွာရှိခဲ့ပါသည်။ သို့ဖြစ်ရာ ၂၀-၇-၂၀၂၃ ရက်တွင် ကုမ္ပဏီ၏ မန်နေးဂျင်းဒါရိုက်တာ ဦးကျော်ဇင်ထွေး၊ ဒါရိုက်တာများဖြစ်ကြသော ဒေါ်နွယ်နီတင် (Finance Director)၊ ဦးစန်းအောင်၊ ဒေါ်ကေကေခိုင်နှင့် စီမံရေးမန်နေဂျာ ဦးအောင်ခိုင်တို့က "သရဖူစိုးမြင့် ကုမ္ပဏီလီမိတက်"နှင့်ပတ်သက်ပြီး သရဖူစိုးမြင့် ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာတစ်ဦးဖြစ်သော ဦးအေးမင်းငွေအား သရဖူစိုးမြင့်ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာတစ်ဦးအဖြစ် ဆက်လက်တာဝန်ပေးအပ်ရန် သင့်မသင့် အစည်းအဝေးမှတ်တမ်းပြုကာ တိုင်ပင်ဆွေးနွေးခဲ့ကြပြီး ဦးအေးမင်းငွေ ၁၂/ပဇတ(နိုင်)၀၀၀၉၆၀အား သရဖူစိုးမြင့် ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာအဖြစ်မှ အနားပေးလိုက်ခြင်းကို တစ်ညီတစ်ညွတ်တည်း သဘောတူဆုံးဖြတ်ခဲ့ကြပြီး ဒါရိုက်တာအဖွဲ့အစည်းအဝေးမှတ်တမ်းပြုလုပ် မှတ်တမ်းတင်ထားကြောင်း ညွှန်ကြားချက်အရ သိရှိရပါသည်။

သို့ဖြစ်ပါ၍ ဦးအေးမင်းငွေ ၁၂/ပဇတ(နိုင်)၀၀၀၉၆၀သည် ၂၀-၇-၂၀၂၃မှစ၍ သရဖူစိုးမြင့် ကုမ္ပဏီလီမိတက်နှင့် မည်သို့မျှ သက်ဆိုင်ခြင်း မရှိတော့သည့်အပြင် ဦးအေးမင်းငွေနှင့် ပတ်သက်ပြီး သရဖူစိုးမြင့် ကုမ္ပဏီလီမိတက်အမည်သုံး၍ လုပ်ငန်းကိစ္စလုပ်ကိုင်ခြင်း၊ ငွေပေးငွေယူပြုလုပ်ခြင်း၊ တစ်နည်းနည်းဖြင့် ဆက်သွယ်ဆောင်ရွက်ခြင်းတို့သည် သရဖူစိုးမြင့်ကုမ္ပဏီလီမိတက်နှင့် လုံးဝ(လုံးဝ)မသက်ဆိုင်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**သရဖူစိုးမြင့်ကုမ္ပဏီလီမိတက်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်လှဲဝါ(LLB, LLM) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၅၈(၈-၁-၂၀၂၀)**
**အမှတ်(၇၆)အေ၊ အခန်း-၀၀၂၊ အောင်သုခလမ်း၊ ဆင်မလိုက်၊**
**ကမာရွက်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၈၁၃၉၆၅၃၄**
**ဦးနိုင်ထွေး (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၃၉/၂၈-၂-၁၇)**
**အမှတ်(၁၅)၊ အခန်း(၂၀၆)၊ ယုဇန(၄)လမ်း ကမာရွတ်မြို့နယ်။**
**ဖုန်း-၀၉-၇၈၀၀၀၄၉၂၂**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ (က+ဂ)ရပ်ကွက်၊ (၁၆၃)လမ်း၊ အမှတ်(၁၀)နေ ဒေါ်စန်းစန်း ၁၂/လမန(နိုင်)၀၄၁၈၆၃ မှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ ရသာရုံလမ်း၊ အမှတ်(၆၉၀/က)နေ ဒေါ်ကေစန္ဒီဗိုလ် ၉/ကလန(နိုင်)၂၁၄၈၂၈ထံသို့ လွှဲအပ်ခဲ့သော ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၅၉၇၅/၂၀၂၃(၈-၈-၂၀၂၃) အား ဆက်လက်ဆောင်ရွက်ရန် မလိုအပ်တော့ပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းပြီးဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဝင်းဟန်(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၂၉၆၃)**
**ဖုန်း-၀၉-၄၀၁၅၃၄၂၉၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ ဗဟို ၃၅လမ်း၊ ခြံအမှတ် k-၆၈ အမည်တွင်သည့် စလစ်မြေအမျိုးအစား သက်ဆိုင်ရာဌာနတွင် ဦးသိန်းအေး အမည်ပေါက်သည့် ပေ(၄၀x၆၀)ရှိသည့် အနက်မှ ခေါင်းရင်းခြမ်း ပေ(၂၀x၆၀) အကျယ်ရှိ မြေကွက်အား လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဒေါ်အိရွှေဇင် ၁၂/သလန(နိုင်)၀၉၉၂၇၂ ထံမှ ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းဝေ(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၀၈၃၁/၁၆-၃-၂၀၁၉)**
**I-၃၇၊ တော်ဝင်(၁၂)လမ်း၊ အေးသာယာရပ်ကွက်၊ သန်လျင်မြို့နယ်။**
**ဖုန်း-၀၉-၇၉၉၄၂၂၈၆၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၈၊ မြေကွက်အမှတ်(ထ/၈၂-၂)၊ မြေကွက်တည်နေရာအမှတ် (ထ/၈၂-၂)၊ ရာဇာဓိရာဇ်လမ်း၊ (၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဒေါ်စိုးခင်အေး ၁၂/ဥကတ(နိုင်)၁၀၄၆၉၂ အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား မြေအမည်ပေါက် (မိခင်) ဒေါ်စိုးခင်အေးနှင့် (ဖခင်) ဦးတင်အေး တို့ အသီးသီးကွယ်လွန်ခဲ့ကြသဖြင့် ဒေါ်လတ်လတ်ထွေး ၁၂/ဥကတ(နိုင်)၁၀၆၇၉၀ မှ တစ်ဦးတည်းသောသမီးဖြစ်ကြောင်းနှင့် ၎င်းသာလျှင် အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ အခြားသားသမီး၊ ကိတ္တိမမွေးစားသားသမီးများလည်းမရှိကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ (မိခင်)ဒေါ်စိုးခင်အေး၏ သေဆုံးမှုလက်မှတ်၊ (ဖခင်)ဦးတင်အေး၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စု လူဦးရေစာရင်း၊ နှစ်(၆၀)မြေငှားဂရန်စာချုပ်(ဂရန်)တို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ မဟာဗောဂလမ်း၊ အမှတ်(၂၅)၊ ၅-လွှာ (ဝဲဘက်ခြမ်း)၊ အကျယ်အဝန်း (၁၅ပေx၅၅ပေ)ရှိ ထပ်ခိုးပါ) တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်တွင် တွယ်ကပ်ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဒေါ်ခင်မမ ၁၂/မဂတ(နိုင်)၀၁၁၆၇၀၊ ဒေါ်ခင်မိမိ ၁၂/ပဇတ(နိုင်)၀၀၇၀၃၀နှင့် ဒေါ်ယုဇနဝင်း ၁၂/ဗတထ(နိုင်)၀၀၁၁၆၁တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စကို မည်သူမဆိုကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်နှင်းလွင် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၀၃၈)**
**အမှတ် (၄၃)၊ ၅-လွှာ(ဘီ)၊ ကျိုက္ကဆံဘုရားလမ်း၊ (ဆ/က) ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၇၅၈၅၅၅၄၈**

## သားအဖြစ်မှစွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တောင်ရပ်ကွက်၊ (၉၄)လမ်း၊ အမှတ်(၅၅)နေ ဦးတင်ထွန်းဦး ၁၂/ဒဂန(နိုင်)၀၂၃၇၉၃နှင့် ဒေါ်တင်တင်အေး ၁၂/မဂတ(နိုင်)၀၁၀၀၆၄ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေတို့၏ သားဖြစ်သူ မောင်တင်မောင်ထွန်း(ခ)အွမ်ရဲ ၁၂/မဂတ(နိုင်)၁၁၃၈၇၈ သည် မိခင်၊ ဖခင်တို့၏ ဆိုဆုံးမမှုကို မနာခံသည့်အပြင် ၂၈-၈-၂၀၂၃ ရက် ညနေ(၆:၃၀)ခန့်တွင် မိဘများ၏ခွင့်ပြုချက်မရှိဘဲ နေအိမ်မှ ၎င်း၏ သဘောဖြင့် ထွက်သွားပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်၍ မည့်သည့်ပြဿနာအရှုပ်အရှင်းကိုမှ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်းနှင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နီလာရွှေ LL.B (ADVOCATE) (H.R.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၀၄၉/၁၃)**
**ဖုန်း-၀၉-၄၃၁၅၇၁၃၈**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်အမှတ် ၆၇၆၂၆ (၂၀၂၃) ဖြင့်အောင်မြင်သည့် မမေသိန်း၏ ဖခင် ဦးလှတင်နှင့် ဦးမောင်လှဦး ၁၁/မပန(နိုင်)၀၂၉၀၅၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့၊ ကန်တိုင်းအုပ် အုပ်စု၊ ဆားချက်ကျေးရွာနေ (ဘ)ဦးခင်မောင်ညီ-(မိ)ဒေါ်အေးရွှေတို့၏သား မောင်ထွန်းနိုင် ၁၁/မအန(နိုင်)၀၇၄၉၈၂ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၅-၅-၂၀၀၂ ဖြစ်ပါကြောင်း။ **မောင်ထွန်းနိုင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်43W/66301 Suzuki Smash 112 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇေယျာလွင် ၇/ပမန(နိုင်) ၁၈၁၁၄၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပြည်)ပြည်မြို့**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မင်းမင်းဇော် ၉/မလန(နိုင်)၁၇၇၃၃၆ ၏ ပတ်စ်ပို့ (နံပါတ်မမှတ်မိ)မှာ ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၈၆၈၁၂၇၀၁**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မုဒုံမြို့၊ မြို့မ(၁) ရပ်ကွက်၊ ဝင်းကပိုရပ်၊ သီတာလမ်းနေ မခိုင်သဇင်ဦးနှင့် မောင်စိုင်းမင်းထူး တို့၏ဖခင် အမည်မှန်မှာ ဦးကာကူး (ဘ)ဦးအေးထွန်း ၁၀/သဖရ(နိုင်) ၁၃၀၄၃၄ ဖြစ်ပါကြောင်း။

**ဦးကာကူး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၇၇)၊ မြေကွက်အမှတ် (၂/၁၁)၊ မြေအမျိုးအစား-နှစ်(၆၀)မြေငှားဂရန်၊ ဧရိယာအကျယ်ဝန်း ၅ ဒသမ ၁၆ဧကရှိသောမြေနှင့်မြေပေါ်ရှိ အ ကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုဝန်ခံပြောဆိုသူ ဦးကျော်မြင့်(ခ)ကရင်(မ်) ၁၂/ပဘတ(နိုင်)၀၀၂၃၄၁ နှင့် ဦးခင်မောင်ထွန်း(ခ)ဆေရက်အာမက် ၁၂/ပဘတ(နိုင်)၀၂၅၇၄၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်းကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါ သည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်မေဂျီးတောင်** | **ဒေါ်လှဲ့လှဲ့ကြည်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၅၅၂)** |
| **၁၃/လရန(နိုင်)၂၁၇၁၈၅** | **အမှတ်(၁၉)၊မာန်ပြေ(၆)လမ်းအရှေ့၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။** |
| | **ဖုန်း-၀၉-၇၉၆၈၁၄၄၈၉၊ ၀၉-၇၃၁၃၄၀၁၀** |

## ဒေါ်ခင်မေလွင် (၉/မကန(နိုင်)၀၁၈၆၇၄နှင့် အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာဇံမြို့နယ်၊ ချမ်းအေးသာဇံ အရှေ့ရပ်ကွက်၊ လမ်း-၃၀၊ (၈၀x၈၁)လမ်းကြား၊ အမှတ်(၁၂၀/အေ)ဟုခေါ်တွင်သော မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာဇံမြို့နယ်၊ ချမ်းအေးသာဇံအရှေ့၊ မြေတိုင်းရပ်ကွက်အမှတ်-၅၈၃ ၊ မြေကွက်အမှတ်-၃၂-က/၁၊ ဧရိယာ ၁၈.၃x၆၅.၉) ပေရှိ ဒေါ်ချစ်ချစ် (ခ) ဒေါ်ချစ်မေအမည်ပေါက် ဘိုးဘွားပိုင်ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ထပ်တိုက် အဆောက်အအုံတို့သည် အမွေမခွဲရသေးသော အမွေဆိုင်ပစ္စည်းဖြစ်ကြောင်း ဒေါက်တာဝါဝါဦး ၁၂/ရကန(နိုင်)၀၁၇၆၃၉ နှင့် ဒေါ်စန္ဒာဝင်း ၁၂/ရကန(နိုင်) ၀၀၃၁၄၃တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည်များသည် အထက်အမည်ပါအမွေဆိုင်ပစ္စည်း၏ အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဒေါ်ချစ်ချစ်(ခ) ဒေါ်ချစ်မေ၏ အမွေမှီမြေးများဖြစ်သောကြောင့် ကျွန်ုပ်၏အမှုသည်များ၏ ခွင့်ပြုချက်မရှိဘဲ အမွေဆိုင်ပစ္စည်းအပေါ် မြေပုံမြေရာဇဝင်ကူးယူခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ရောင်းချခြင်းနှင့် အခြားသောနည်းများဖြင့် လွှဲပြောင်းခြင်း မပြုလုပ်ရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေမျိုးဝင်း M.A (Business Law), LL.B., DBL., DIL., DML.**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၈၅)**
**အမှတ် (၁၈၉/၁၉၅)၊ ၇-လွှာ၊ ပန်းဆိုးတန်း (Office Tower)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၀၃၉၆၅၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၄၃)ရပ်ကွက်၊ ပညာတန်ဆောင်(၃)လမ်း၊ မြေကွက်အမှတ်(၂၃၀)ဟုခေါ်တွင်သော မြေအလျားxအနံ(၄၀'x၆၀')ပေထဲမှ တရားဝင်မခွဲမစိတ်ရသေးသော [မြေကွက်အမှတ်(၂၂၉)နှင့်ကပ်လျက်အခြမ်း] မြေအလျားxအနံ(၂၀'x၆၀')ပေရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရုံး၏ မြို့မြေစာရင်းတွင် နှစ်(၆၀)မြေငှားဂရန်မူရင်း အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မြသန်း ၁၂/စခန(နိုင်)၀၁၅၀၆၁ကွယ်လွန်သဖြင့် ၎င်း၏တရားဝင်သားသမီးများထံမှ အရောင်းအဝယ်စရန်ပေးစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးစိုးမွန်အောင် ၁၂/ဗဟန(နိုင်)၀၉၂၉၈၂ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းဝင်းကြိုင် ၁၂/မဂတ(နိုင်)၀၃၄၅၀၂မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းနှင့် တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်တွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဗိုလ်ဗိုလ်ဇော် LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၉၈/၂၀၁၈)**
**အမှတ်(၁၁၃၀)၊(၁၅)လမ်း၊(၇)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၅၀၀၃၅၀၇၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၅)ရပ်ကွက်၊ မြေကွက်အမှတ်(၃၆၅)ဟုခေါ်တွင်သော မြေအလျားxအနံ(၄၀'x၆၀')ပေရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရုံး၏ မြို့မြေစာရင်းတွင် နှစ်(၆၀)မြေငှားဂရန်မူရင်းအမည်ပေါက်ပိုင်ဆိုင်သူ ဦးမင်းဇော် ၁၂/ကတတ(နိုင်)၀၀၁၀၀၈ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုးဝင်းထွေး ၅/ဆလက(နိုင်)၀၀၀၁၂၁ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းနှင့်တကွ ယခုကြော်ငြာပါ သည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက် ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့် အညီ အပြီးဆောင်ရွက်သွား မည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဗိုလ်ဗိုလ်ဇော်(LL.B, D.B.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၉၈/၂၀၁၈)**
**အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၄၅၀၀၃၅၀၇၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၄၅)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ မြေကွက်အမှတ်(၇)ဟုခေါ်တွင်သော မြေအလျား x အနံ(၄၀' x ၆၀')ပေရှိ မြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရုံး၏ မြို့မြေစာရင်းတွင် နှစ်(၆၀)မြေငှားဂရန် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်လှရှင် ကွယ်လွန်သဖြင့် ၎င်း၏တရားဝင်သားသမီးများဖြစ်ကြသော ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်မင်း၊ ဒေါ်မိုးမိုးအောင်၊ ဒေါ်နီလာအောင်၊ ဒေါ်ခိုင်ကြူကြူအောင်တို့ထံမှ အရောင်းအဝယ်စရန်ပေးစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးရဲမြင့် ၁၂/လမတ(နိုင်)၀၀၈၃၁၃ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ထွေးကြည် ၁၂/ဗတထ(နိုင်) ၀၂၄၂၅၀ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းနှင့်တကွ ယခုကြော်ငြာ ပါသည့်ရက်မှစ၍ ခုနစ်ရက်တွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့် အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဗိုလ်ဗိုလ်ဇော်(LL.B, D.B.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၉၈/၂၀၁၈)**
**အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၅၀၀၃၅၀၇၀**

## လင်မယား ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ သပိတ်ကျင်းမြို့နယ်၊ ဇရပ်ကွင်းရွာ၊ အမှတ်(၄)ရပ်ကွက်နေ ဦးတင့်လွင်၏(သား) ဦးကြည်လွင်ဦး ၉/မကန(နိုင်)၀၅၆၂၀၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ဦးကြည်လွင်ဦး ၉/မကန(နိုင်)၀၅၆၂၀၁ နှင့် ဒေါ်မိုးမိုးဆင့် ၈/ပမန(နိုင်) ၁၆၃၅၇၉ တို့သည် ဗမာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်ကြသူများဖြစ်ပြီး လွန်ခဲ့သော (၁၀)နှစ်ကျော်ခန့်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ရာ သားသမီး(၂)ဦး ထွန်းကားခဲ့ပါသည်။ ထိုသို့ ပေါင်းသင်းနေထိုင်စဉ်တွင် ဒေါ်မိုးမိုးဆင့်သည် ခင်ပွန်းဖြစ်သူနှင့် သားသမီး(၂)ဦးကို စွန့်ပစ်ထားရစ်ကာ မိမိသဘောဆန္ဒဖြင့် နေအိမ်ပေါ်က ဆင်းသွားခဲ့ပါသည်။ ထို့ကြောင့် ဦးကြည်လွင်ဦးက သပိတ်ကျင်းမြို့နယ်တရားရုံးတော်၏ တရားမမူလမှုအမှတ်-(၁၇/၂၀၂၂) ဖြင့် လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားခဲ့ရာ ၃၁-၃-၂၀၂၃ရက်တွင် လင်မယားကွာရှင်းပြတ်စဲစေသည့် အနိုင်ဒီကရီကို ရရှိခဲ့ပါသည်။

သို့ပါ၍ ဦးကြည်လွင်ဦးနှင့် ဒေါ်မိုးမိုးဆင့်တို့သည် အကြင်လင်မယား အဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းနှင့် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ဆက်စပ်သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ချက်အရ-** | |
|---|---|---|
| **ဦးကြည်လွင်ဦး** | **ဦးဖိုးဇော်(LL.B, DBL)** | **ဒေါ်ခိုင်ဖြူဖြူသန့်(LL.B)** |
| | **(စဉ်-၁၇၆၀၄)** | **(စဉ်-၁၁၄၄၇)** |
| | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အိမ်အမှတ်(၃၈)၊ ကွက်သစ်ရပ်၊ သပိတ်ကျင်းမြို့။**
**ဖုန်း-၀၉-၂၆၃၆၆၄၆၆၅ ၊ ၀၉-၄၀၂၅၇၇၁၆၁**

## အမည်ပြောင်း

အမှတ်၂၈၊ ရတနာလမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ (ဘ) ဦးဝင်းလွင် ၏ သမီး အထက(၂) ကမာရွတ်မြို့နယ်၊ Grade-11(A) မှ မဇူးဇူးစံ အား မဆုခန့်သီရိလွင် ဟုပြောင်းလဲ ခေါ်ဆိုပါရန်။

**မဆုခန့်သီရိလွင်**

## ကန့်ကွက်နိုင်ကြောင်း

မိတ္ထီလာမြို့နယ်၊ မြို့တိုးချဲ့ မဟာစည်ရပ်ကွက်ရှိ ကျွန်တော် ဦးမာတင် ၉/မထလ(နိုင်) ၁၇၃၀၀၂ ပိုင်ဆိုင်သော ဂရန်အမှတ် (၂၂၁)၊ မြေကွက်အမှတ်(၇၈၉)၊ အလျားxအနံပေ (၅၀x၃၆)အား ဝယ်ယူမည့်သူထံသို့ ရောင်းချသွားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်အတူ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမာတင် ဖုန်း-၀၉-၈၉၂၂၁၀၆၄၀**

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မိတ္ထီလာမြို့၊ ဝန်ဇင်းရပ်ကွက်၊ နယ်မြေ(၁၄)၊ ပန်းသပြေလမ်း၊ အရှေ့လားသော် ဦးစိုးသိန်း၊ အနောက်လားသော် ပန်းသပြေလမ်း၊ တောင်လားသော် ဦးမောင်မောင်၊ မြောက်လားသော် ဒေါ်သန်းခင်၊ ၎င်းအလား(၄)ရပ်ရှိ မြေကွက်နေ ဦးဖိုးချင်း ၁၃/နမတ(နိုင်)၀၁၁၉၉၂မှ (အလျား ၃၀'-၀" x အနံ ၂၇-၀") RC (၁)ထပ် Slabမိုး အဆောက်အအုံဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အအုံဆောက်လုပ်ခွင့် လျှောက်ထားခြင်း နှင့် ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## မီးသတ်ပြု

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

စစ်တွေမြို့၊ မင်းဂံရပ်ကွက်နေ ဒေါ်မီမီဝင်း ၁၁/စတန(နိုင်) ၀၇၀၀၂၈ နှင့် ဒေါ်လေးလေးဝင်း ၁၁/စတန(နိုင်)၀၅၅၀၉၆ တို့က စစ်တွေမြို့၊ မင်းဂံရပ်ကွက်၊ ကွင်းအမှတ်(၅၅၇-က)၊ ပုမမြောက်ကွင်း၊ မြေကွက်အမှတ်(၇/၁)ရှိ ဦးရွှေထွန်းကျော်အမည်ဖြင့် ၁၆-၁၁-၂၀၀၅ ရက်မှ ၁၅-၁၁-၂၀၁၅ ရက်အထိ (၁၀)နှစ် ဂရန်ရရှိထား မြေဧရိယာ ၀ ဒသမ ၃၃၄ ဧကအနက်မှ ၀ ဒသမ ၁၂ ဧကအား လူနေအိမ်ဆောက်လုပ်နေထိုင်ရန်အတွက် မြေငှား ဂရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်လွှာတင်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်တွေမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## တိုင်းရင်းဆေးပညာဦးစီးဌာန
## ရုံးအမှတ်(၄၇)၊ နေပြည်တော်
## လက်ထောက်တိုင်းရင်းဆေးမှူး ရာထူးနေရာများအတွက်
## လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လက်ထောက်တိုင်းရင်းဆေးမှူး(လစာနှုန်း၊ ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူး (၁၀၀)နေရာအတွက် အောက်ပါအရည်အချင်းသတ်မှတ်ချက်နှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ (B.M.T.M) ရရှိပြီးသူများ လျှောက်ထားနိုင်သည်။

(ဂ) (၃၁-၈-၂၀၂၃)ရက်နေ့တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(ဃ) ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်း များကို ပူးတွဲတင်ပြရမည်-

(က) ကိုယ်တိုင်ရေးလျှောက်လွှာနှင့် ကိုယ်ရေးမှတ်တမ်းအကျဉ်း၊

(ခ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ် မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊

